# အမှာ

'နှစ်ဖြ၀ပြည့် ဖက်ဆစ်တော်လှန်ရေး' အထိမ်းအမှတ်မဂ္ဂဇင်းတွင် အချိန်မမီ၍ ထည့်သွင်းဖော်ပြခြင်း မပြုနိုင်သော စာမူ၄စောင်ကို ဒုတိယတွဲအဖြစ် ထုတ်ဝေလိုက်ပါသည်။

ဖက်ဆစ်တော်လှန်ရေး ရွှေရတု အထိမ်းအမှတ်အဖြစ် ၁၉၉၅ မတ်လတွင် ထုတ်ဝေသော ပြည်သူ့အာဏာ အမှတ်(၁၃)တွင် စာတည်းအဖွဲ့က အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

**"ဖက်ဆစ်တော်လှန်ရေးမှ မှတ်တမ်းတချို့**

***ယခုဖော်ပြမည့် မှတ်တမ်းများသည် ပါတီမော်ကွန်းတိုက်တွင် စုဆောင်းထားသည့် "ဖက်ဆစ်တော်လှန်ရေး ကာလ၊ ပါတီဝင်များ၏ လုပ်ဆောင်ချက်များ"စာစုများမှ ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ခဲ့သည်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သဖြင့် ခိုင်မာသော အချက်အလက်များ ဖြစ်ပါသည်။***

***ဗမာပြည်ကွန်မြူနစ်ပါတီ၏ လုပ်ဆောင်ခဲ့ချက်များဖြစ်နေ၍ အရေးတယူ ဖော်ပြခြင်း မခံရသော အဖြစ်မှန် များ ဖြစ်ပါသည်။ ယခု ရွှေရတုကာလတွင် ဖော်ပြသင့်သည်များကို ရွေးထုတ်ဖော်ပြလိုက်ပါသည်။***

**စာတည်းအဖွဲ့ "**

တိုင်း(၅)တွင် နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့သော ဥက္ကဋ္ဌ သခင်ဗသိမ်းတင်သည် ၁၉၉၇ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ရာ နှစ်ဖြ၀ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းတွင် မရေးနိုင်တော့ပါ။ ထို့ကြောင့် ၁၉၉၅ခုနှစ်တွင် သူရေးသားခဲ့သော 'တိုင်း(၅)မှဖက်ဆစ်တော်လှန်ရေး အတွေ့အကြုံ'ကိုယ်တွေ့မှတ်တမ်းကို ပြန်လည် ဖော်ပြလိုက်ပါသည်။

အလားတူ 'ပထမတွဲ' တုတ်စဉ်ကာလက အသက်၉၀တွင်း ရောက်နေပြီ ဖြစ်သော ရဲဘော်ကျော်မြလည်း ရေးနိုင်စွမ်းမရှိခဲ့ပါ။ ၂၀၀၅ ဧပြီလတွင်မူ ကွယ်လွန်သွားပါပြီ။ ထို့ကြောင့် မော်ကွန်းတိုက်တွင်ထားသည့် ပြည်သူ့အာဏာ အမှတ်(၁၃)တွင် ဖော်ပြခဲ့သော သူ၏ 'ရခိုင်တိုင်းမှ ဖက်ဆစ်တော်လှန်ရေး အတွေ့အကြုံ'ကို ပြန်လည်ဖော်ပြပါသည်။

ရဲဘော်အောင်(ဗိုလ်မျိုးမြင့်)နှင့် မြဝတီ(ဦး)ရဲခေါင်၏ စာမူများမှာမူ ပထမစာအုပ်ထွက်သွားပြီးမှ ရောက်ရှိ လာ၍ ယခု ဒုတိယတွဲမှာမှ ဖော်ပြနိုင်ပါသည်။ ။

စာတည်းအဖွဲ့

# တိုင်း (၅) မှ ဖက်ဆစ်တော်လှန်ရေး

## အတွေ့အကြုံ

ဖက်ဆစ်ဂျပန်များ ဗမာပြည်တွင်းသို့ စတင်ဝင်ရောက်ခဲ့ရာ ဝင်ပေါက်ဒေသ ဖြစ်ခဲ့ပြီး ဆုတ်ခွာရာတွင်လည်း ထွက်ပေါက်အဖြစ် သတ်မှတ်ထားခဲ့သည့် ဒေသဖြစ်သဖြင့် ဖက်ဆစ်ဂျပန်များနှင့် အရှည်ကြာဆုံး ဆက်ဆံခဲ့ရသည့် ဒေသဖြစ်သည်။

၎င်းဒေသတွင် တိုက်ခဲ့သည့် ဖက်ဆစ်တော်လှန်ရေးမှာ တပြည်လုံးတွင် အရှည်ကြာဆုံး ဖြစ်သည်။ ဂျပန်များ လက်နက်ချသည့် ၁၉၄၅ဩဂုတ်လ(၁၄)ရက်နေ့၏ နောက်ပိုင်းတွင်ပင် အတော်ကြာကြာ တိုက်နေရသေးသည်။

ထားဝယ်နှင့်မြိတ်ကို ဂျပန်များ သိမ်းပိုက်ပြီးနောက် (၇)ရက်အကြာတွင် ထားဝယ်မြို့၌ ဗိုလ်လက်ျာနှင့် ကာဝါရှီးမားတို့က ဗမာပြည် လွတ်လပ်ရေးကို ကြေညာခဲ့သည်။ သခင်မြကိုလည်း ထားဝယ်မြို့သို့ ခေါ်လာပြီး ယာယီသမ္မတ လုပ်စေရန် စီစဉ်ခဲ့ကြသေးသည်။

ဗိုလ်လက်ျာနှင့် ကာဝါရှီးမားတို့၏ ပြောပြချက်အရ သိရသည်မှာ တိုကျိုတွင် သဘောတူမှု တခု ရခဲ့သည်။ အင်္ဂလိပ်ကို တိုက်ထုတ်ပြီး သိမ်းပိုက်ရရှိသည့် ဗမာပြည်၏ ဒေသများကို (B.I.G) ဗမာပြည်လွတ်လပ်ရေး အစိုးရက အုပ်ချုပ်ရန်ဖြစ်သည်။

ထားဝယ်ရှိ ဆန်စက်များကို ဂျပန်စစ်တပ်က ငှားရမ်းကြောင်းကို ဂျပန်စစ်တပ်နှင့်(B.I.G) ကိုယ်စားလှယ်တို့ နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးပြီး မှတ်တမ်းတင်ခြင်းပင် ပြုခဲ့ကြသေးသည်။

သို့သော် မော်လမြိုင်သိမ်းပြီးနောက် (B.I.G) မဖွဲ့စည်းတော့ဘဲ ဂျပန်စစ်အုပ်ချုပ်ရေးကို တည်ထောင်ခဲ့သည်။ တိုကျိုသဘော တူချက်ကို ဂျပန်တို့က တဖက်သတ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ဂျပန်ဖက်ဆစ်တို့၏ ဇာတိရုပ် ပေါ်ခဲ့ပေပြီ။

၎င်းအဖြစ်အပျက်များကြောင့် ဂျပန်ဖက်ဆစ် ဆန့်ကျင်ရေး စိတ်ဓာတ်များ လူထုတွင်းတွင် ပြင်းထန်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးတွင် ၎င်းဒေသကို တိုင်း(၅)အဖြစ် သတ်မှတ်ခဲ့သည်။

တိုင်း(၅)တွင် ပါဝင်သော မော်လမြိုင်တောင်ပိုင်းတွင် ဂျပန်ကို ဗိုလ်လှစိန်ခေါင်းဆောင်ပြီး စတင်တိုက်ခိုက်ရာ ဗိုလ်လှစိန်နဲ့တကွ ရဲဘော်အချို့ ပထမဆုံး တိုက်ပွဲမှာပင် ကျဆုံးခဲ့ရသည်။

မော်လမြိုင်ခရိုင်တွင် ရေးမြို့နယ်တခုတည်းသာ လူထုအခြေခံ ကောင်းသည်။

ဗိုလ်လှစိန်တို့ ကျဆုံးပြီးနောက် လက်ကျန်အင်အားများမှာ ထားဝယ်သို့ ဆုတ်ခွာရသည်။

ထားဝယ်သို့ ဘီဒီအေမှ တပ်မှူးတပ်သား စုစုပေါင်း(၁၃)ယောက် ရိုင်ဖယ်ကိုယ်စီဖြင့် လူစုခွဲပြီး တသုတ်ပြီးတသုတ် ရောက်ရှိလာကြသည်။

နောက်တွင် မြိတ်ခရိုင်မှ ဗိုလ်ကြီးလှဖေ ရောက်လာသည်။

၎င်းတို့ မရောက်မီကလေးတွင် Force 136(ဖို့စ်၁၃၆) မှ ဝါယာလက်သမား ချင်းရဲဘော်တယောက်နှင့် ဗမာ့တပ်မတော်မှ ဗိုလ်ကြီးပါလေးတို့(၂)ယောက် လေထီးဆင်းလာခဲ့သည်။

ဗိုလ်မှူးတင်ထွန်းခေါင်းဆောင်သည့် တပ်ခွဲတခွဲ ပင်လယ်လမ်းမှ ထားဝယ်သို့လာရာ ကျိုက္ခမီတွင် တတပ်လုံး ဂျပန်က ဖမ်းမိသွားသည်။ အဖမ်းခံရသူထဲမှ တယောက် လွတ်ပြေးလာပြီးပြောမှ ၎င်းသတင်းကို သိရခြင်းဖြစ်သည်။

ထို့ကြောင့်မတ်လ(၂၀)ရက်နေ့တွင် ထားဝယ်မှ ရဲဘော်များ အများစုကြီး တောခိုခဲ့ရသည်။

အင်္ဂလိပ်(၁၃၆) တပ်ဖွဲ့သို့ လက်နက်များ လေထီးဖြင့်ချပေးရန် (ကန)၂ကြိမ်ပို့ခဲ့သော်လည်း လက်နက်တလက်မျှ

တိုင်း(၅)သို့ မပေးခဲ့ပါ။

ထို့ကြောင့် ကိုယ့်အားကိုယ်ကိုး တိုက်နိုင်ရန် ပိုက်လုံးငယ်များဖြင့်လုပ်သော လုပ်သေနတ် အလက်(၂,၀၀၀) နှစ်ထောင်ကျော် လူထုအင်အားဖြင့် လုပ်ခဲ့ရသည်။ ၎င်းလုပ်သေနတ်များကို(ကြွက်ခုတ်သေနတ်) ဟု ဒေသစကားအရ ခေါ်ကြသည်။

မကြာမီ ဗိုလ်မှူးတင်ထွန်း ဂျပန်လက်ထဲမှ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ မကြာမတင်မှာပင် အရာခံ ဗိုလ်မှူးဖေသက်နှင့် ဗိုလ်လောင်း(၆)ယောက် မော်လမြိုင်မှ တိုင်း(၅)ဌာနချုပ်သို့ ရောက်လာသည်။

ရိုင်ဖယ်(၁၃)လက်၊ လုပ်သေနတ်(၂,၀၀၀)ကျော်နှင့် ဖက်ဆစ်တော်လှန်ရေးကို စတင်ဆင်နွှဲခဲ့သည်။ ပထမဦးဆုံး ထားဝယ်မြို့ပေါ်မှ နာမည်ကြီး ဂျပန်သူလျှိုကို ဓားနှင့်ခုတ်ပြီး သုတ်သင်ခဲ့သည်။

ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းမြို့များနှင့် ကျေးလက်အားလုံးကို သိမ်းပိုက်ထားနိုင်သည်။ ထားဝယ်မြို့တွင် ဂျပန်များကို ချောင်ပိတ်ထားနိုင်ခဲ့သည်။

ရိုင်ဖယ်(၁၃)လက်၊ လုပ်သေနတ်များဖြင့် စတင်ခဲ့သော တိုင်း(၅)၏ ဖက်ဆစ်တော်လှန်ရေးမှာ အင်အား ကြီးထွားလာခဲ့သည်။

ပါတီ၏ ဘရောက်ဒါ ဝါဒအမှားကြောင့် လက်နက်များ အင်္ဂလိပ်သို့ အပ်ရရာတွင် ခေတ်မီလက်နက်ကြီးငယ်(၇၀၀)နီးပါးနှင့် လုပ်သေနတ်(၁,၀၀၀)ကျော် အပ်ခဲ့ရသည်။

(ပါတီ၏ သမိုင်းတွင် ဘရောက်ဒါဝါဒအမှားကား ကြီးမားသော အမှားကြီးဖြစ်ခဲ့ပေသည်။)

# ရခိုင်တိုင်းမှ ဖက်ဆစ်တော်လှန်ရေး

## အတွေ့အကြုံ

ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေးဟာ ဗမာတပြည်လုံးရဲ့ ရှေ့ပြေးလုပ်ဆောင်ချက်လို ဖြစ်သွားပါတယ်။ အချိန်တိုအတွင်းမှာ အောင်ပွဲလည်း ရခဲ့ပါတယ်။ ၁၉၄၄ခုနှစ်ကုန်က စတာ (၂)လလောက်နဲ့ အောင်ပွဲရခဲ့တယ်။

ဒီလိုဖြစ်သွားရတာမှာ ပထဝီအနေအထားအရ ရခိုင်တိုင်းအနေနဲ့ မဟာမိတ်ဖြိတိသျှတို့ အခိုင်အမာ တပ်ချထားတဲ့ အိန္ဒိယနဲ့ နယ်နိမိတ်ချင်း ဆက်နေတယ်။ ကြည်းကြောင်း၊ လေကြောင်းသာမက ရေကြောင်းကပါ အလွယ်တကူ ဝင်ထွက်သွားလာနိုင်တဲ့ အနေအထား ရှိတယ်။

တခြားအခြေခံကောင်းတာတွေလည်း ရှိသေးတယ်။ အရင်းခံကျတဲ့ အချက်တချက်က ဖက်ဆစ်ဆန့်ကျင်ရေးအတွက် အရင်း ရှင်ဒီမိုကရေစီနိုင်ငံတွေနဲ့ မဟာမိတ်ဖွဲ့တဲ့ လမ်းစဉ်က ဗမာပြည်မှာ အသာစီးရခဲ့တာဖြစ်တယ်။ ၁၉၄၂ခုနှစ် နှစ်လယ်လောက်မှာ သခင်သိန်းဖေ၊ သခင်တင်ရွှေတို့ အိန္ဒိယဘက် မကူးခင် သခင်စိုး၊ သခင်တင်မြတို့နဲ့အတူ မင်းပြားဘက်ကို ရောက်လာကြတယ်။ ဖက်ဆစ်တော်လှန်ရေးအတွက် အစောဆုံး စည်းရုံးခဲ့တဲ့ တိုင်းဖြစ်တယ်။ ဗိုလ်ရန်အောင်တို့ ရောက်လာတော့လည်း စည်းရုံးရေး လုပ်ခဲ့တယ်။ လက်နက် တချို့နဲ့ ရန်ပုံငွေများလည်း ပေးအပ်သွားခဲ့တယ်။

နောက်တချက်က ရခိုင်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေဟာ ပြည်မနိုင်ငံရေးနဲ့ ဆက်စပ်မှုရှိနေကြတယ်။

ရခိုင် တို့ဗမာဆင်းရဲသား အစည်းအရုံးခေါင်းဆောင်တွေက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ် ယူထားကြတယ်။ရန်ကုန်ကို အမြဲလိုသွားပြီး ဆွေးနွေးနေကြတယ်။

ဗုံပေါက်သာကျော်၊ ဦးလှကျော်တို့ အစုက ပြည်သူ့အရေးတော်ပုံပါတီနဲ့ ဆက်သွယ်ကြတယ်။

ပြင်ဆင်မှု ကောင်းတာတွေလည်း ရှိသေးတယ်။ အင်္ဂလိပ်တိုက်ထုတ်ရေး ကြွေးကြော်ပြီး မြို့ဟောင်းဘက်မှာ ဦးဘစံ၊ ဦးကျော်မြတို့က ရခိုင်လူငယ်တွေကို စစ်သင်တန်းပေး-ပေးဖို့ ဂျပန်တွေကို တောင်းဆိုခဲ့တယ်။ ဂျပန်တွေကလည်း ယုံယုံကြည်ကြည် သင်တန်းပေးခဲ့တယ်။ ဦးပညာသီဟ၊ ဗိုလ်ကြာလှအောင်တို့ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း ဂျပန်တွေ ယုံကြည်အောင် ဝင်လာတဲ့ အင်္ဂလိပ်တပ်ကို ဝိုင်းတိုက်ပေးခဲ့တယ်။

၁၉၄၃ခုနှစ် ရောက်တော့ အိန္ဒိယဘက်မှာရှိတဲ့ ဦးသိန်းဖေတို့နဲ့ ဆက်သွယ်မှုလွယ်ကူအောင် ရခိုင်မျိုးချစ်တွေက ပလက်ဝကို ကြိုသိမ်းထားလိုက်ကြတယ်။ ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးကျော်မြ၊ ဦးဘစံ၊ ဦးအောင်သာဦးတို့က ရန်ကုန်ကို အကြိမ်ကြိမ်တက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တွေ့လိုက်ကြ၊ ကွန်မြူနစ်ပါတီနဲ့တွေ့လိုက်ကြ လုပ်ကြတယ်။ ဦးကျော်ရင်လည်း အလားတူပဲ။

ကောင်းတာတခုက အိန္ဒိယကနေ အလုပ်လုပ်နေတဲ့ ကိုသိန်းဖေတို့အဖွဲ့မှာ ရခိုင်ရဲဘော်တွေက အများစု ဖြစ်နေတယ်။

(ဖတပလ) ဖက်ဆစ်တိုက်ဖျက်ရေး- ပြည်သူလွတ်မြောက်ရေး၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး ဖွဲ့ပြီးတော့လည်း (ဖတပလ)နဲ့ ဆက်သွယ်ပြီး လုပ်ကိုင်ခဲ့ကြတယ်။

၁၉၄၄ဩဂုတ်လက စတင်ပြီး စစ်ပညာ သင်ကြားဖို့ အိန္ဒိယဘက် အသုတ်လိုက် လွှတ်နိုင်နေကြပြီ။ နှစ်မကုန်မီ တော်လှန်တော့မယ့်အကြောင်းကို (ဖတပလ) ဌာနချုပ်သို့ သတင်းပို့ခဲ့ပြီလည်း ဖြစ်တယ်။

နောက်တချက်က မဟာမိတ် အင်္ဂလိပ်တွေကလည်း မြန်မာပြည် စစ်မျက်နှာ ဖွင့်ရာမှာ ရခိုင်တိုင်းကို ပထမဆုံး တိုက်သင့်တဲ့

တိုင်းလို့ သတ်မှတ်လိုက်တာဖြစ်တယ်။ ဒီအခြေခံ အချက်အလက်ကောင်းတွေနဲ့ အခြေအနေ အခွင့်သာမှုအောက်မှာ ရခိုင်တိုင်းဟာ ဖက်ဆစ် တော်လှန်ရေးကို ပထမဆုံး ဆင်နွှဲခဲ့ရပြီး အချိန်တိုအတွင်း အောင်ပွဲရလိုက်တာဖြစ်တယ်။

၁၉၄၄နှစ်ကုန်ခါနီးမှာ မဟာမိတ်တပ်တွေက စစ်တွေခရိုင်၊ မေယု၊ ကုလားတန်မြစ်များမှာရှိတဲ့ ဂျပန်တွေကို စတင်ထိုးစစ်ဆင်ပါတယ်။ စစ်မျက်နှာ နောက်ပိုင်းကို ရခိုင်ပြောက်ကျားရဲဘော်တွေကို လေထီးနဲ့ ချပေးပါတယ်။ ရခိုင် ဖက်ဆစ်တော်လှန်ရေးကို ခေါင်းဆောင် ဖို့ ကိုညိုထွန်းက တာဝန်ယူခဲ့တယ်။ မဟာမိတ်(၁၃၆) တပ်ဖွဲ့ ခေါင်းဆောင် မေဂျာကရူးနဲ့ သူက ကြိုပြီး လေထီးနဲ့ ဆင်းကြတယ်။

မဟာမိတ်တပ်များ ကုလားတန်မြစ်ကို ဖြတ်မကူးခင် ဗိုလ်ကြာလှအောင် ခေါင်းဆောင်တဲ့ ရခိုင်ကာကွယ်ရေးတပ်တွေက ဂျပန်ကို သေနတ်ပြောင်းလှည့် တိုက်ခိုက်လိုက်တာကြောင့် ဂျပန်ရဲ့ ကာကွယ်ရေးအစီအစဉ်တွေ ပျက်သွားတယ်။ ရှေ့နောက်နှစ်ဘက်ညှပ်ချ လိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့်လည်း အင်္ဂလိပ်တပ်တွေ အလွယ်တကူ ကူးနိုင်ခဲ့ခြင်း ဖြစ်တယ်။ ကိုညိုထွန်းတို့အဖွဲ့နဲ့ ဗိုလ်ကြာလှ အောင်တို့ ပေါင်းမိတဲ့အခါ လက်နက်သစ်များ တပ်ဆင်ပြီး တပ်သစ်တွေ ဖွဲ့လိုက်ကြတယ်။

ဦးစိတ္တနဲ့ ဗုံပေါက်သာကျော်တို့ကို မင်းပြားဘက်မှာ လေထီးနဲ့ ချပေးလိုက်ပြီး လိုင်းယင်း**(Lion)** အဖွဲ့ နာမည်နဲ့ တိုက်ခိုက်ကြတယ်။

ဂျပန်ရဲ့ မူလစီမံကိန်းက စစ်တွေကနေပြီး အခိုင်အမာ ခံစစ်ယူ တိုက်ဖို့ပဲ။ ဒါပေမဲ့ ဆုတ်လမ်းဖြစ်တဲ့ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပေါက်တောနယ်တွေဘက်က ရခိုင်မျိုးချစ်တွေက ထတိုက်လိုက်တော့ ဒီစီမံကိန်းစွန့်ပြီး ကတိုက်ကရိုက် ဆုတ်ခွာသွားကြရတယ်။

ကျောက်ဖြူခရိုင်ဘက်မှာလည်း ဦးသိန်းဖေလွှတ်လိုက်တဲ့ ဦးဘစောအဖွဲ့ဟာ ၁၉၄၅ခု၊ ဇန်နဝါရီမှာ ဆင်းနိုင်ခဲ့တယ်။

သံတွဲဘက်မှာတော့ ဦးကျော်ရင် ခေါင်းဆောင်လှုပ်ရှားနေရာက ရန်ကုန်ပြောင်းပြီး တာဝန်ယူရလို့ ကျန်တဲ့သူတွေက ဆက် တာဝန်ယူ လုပ်ကိုင်ကြရတယ်။

ဖေဖော်ဝါရီလရောက်တော့ မင်းပြား၊ မြေပုံဘက်မှာ တိုက်ပွဲတွေ စိပ်လာပြီ။

ဖေဖော်ဝါရီ(၂၅)ရက်မှာ တိုက်တဲ့ ဂန့်ဂေါ်တိုက်ပွဲကတော့ တပတ်လုံးလုံး တိုက်ရတဲ့ တိုက်ပွဲဖြစ်တယ်။ ဂျပန်ဘက်က ကျဆုံးခဲ့ သူချည်း (၂၀၀)လောက်ရှိတယ်။ အလားတူ မဟာမိတ်ဘက်ကလည်း (၆၀၀)လောက်ကျတယ်လို့ သိရတယ်။

ရခိုင်တိုင်း မျိုးချစ်ဗမာ့ တပ်မတော် တပ်ဖွဲ့များကို သူငယ်တောင်တိုက်ပွဲ ပြီးတဲ့အခါမှာ ရှေ့ဆက်ချီတက်ဖို့ အမိန့်မရတော့ဘဲ ပြတေးကို ဆုတ်ပြီး အနေခိုင်းတယ်။ လက်နက်တွေအပ်ဖို့ ဗြိတိသျှ အမှတ်(၁၃၆)တပ်ဖွဲ့က တောင်းဆိုတယ်။ ဒီမှာတင် စကားများရတော့ တယ်။ ဒါပေမဲ့ ပြည်မက ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ထိခိုက်မှာစိုးလို့ လက်နက်တွေ ပြန်အပ်လိုက်ကြရတယ်။

ဖြစ်ရပုံက ရခိုင်ရဲဘော်တွေ အနေနဲ့ လွတ်လပ်ရေးမရမချင်း လက်နက်တွေ ကိုင်ထားချင်ကြတယ်။ အင်္ဂလိပ်ကိုလည်း မယုံဘူး။ ဒါပေမဲ့ ဦးသိန်းဖေနဲ့ ဦးညိုထွန်း နားချတယ်။ ရခိုင်တိုင်းက မအပ်ရင် ပြည်မတော်လှန်ရေးမှာ (ဖတပလ) နဲ့ မဟာမိတ်တွေ ပူးပေါင်း ဆောင်ရွက်ဖို့ ကိစ္စဟာ ပြဿနာရှိလာလိမ့်မယ်။ အပ်လိုက်ကြပါ–ပြောလို့ အပ်ကြရတာဖြစ်တယ်။ ဒါတောင် အကုန် မအပ်ကြဘူး။ ဖွက် ရသမျှ ဖွက်ထားကြပါတယ်။

တချို့က ပြည်မတော်လှန်ရေးကို ဆက်ဆင်နွှဲချင်တယ်ပြောလို့ လွှတ်ပေးရတာလည်း ရှိပါတယ်။ ဒါဟာ ပြည်နယ်ပြည်မ မခွဲခြားတာ၊ လူမျိုးမခွဲတာ၊ တဦးရဲ့ အကျိုးစီးပွားဟာ အားလုံးရဲ့ အကျိုးစီးပွားနဲ့ တထပ်တည်းဖြစ်တယ်ဆိုတာ ပေါ်လွင်လို့ ကောင်းတယ် ထင်ပါတယ်။

နောက်တခုကတော့ (ဖတပလ) ဌာနချုပ်ကို ရခိုင်တိုင်းရဲ့အောင်ပွဲ ရောက်လာတဲ့အခါ တပြည်လုံးရှိ အဖွဲ့အသီးသီးထံ မင်္ဂလာ သတင်းပို့နိုင်ခြင်းဖြင့် ပြည်မရှိ ရဲဘော်များအနေနှင့် အောင်ပွဲခံရမယ့်အပေါ် ယုံကြည်စိတ် တိုးစေခဲ့တာဖြစ်တယ်။ ဒါကလည်း ရခိုင်မျိုးချစ် ရဲဘော်တွေ၊ ရခိုင်ပြည်သူတွေအနေနဲ့ တပြည်လုံးတော်လှန်ရေးကို ကောင်းမှုပြုလိုက်တဲ့ အချက်လို့ထင်ပါတယ်။ ။

# ကြားခဲ့ရတဲ့အသံများ နဲ့ မှတ်မှတ်ရရအတွေ့အကြုံ

ရဲဘော်အောင် (ဗိုလ်မျိုးမြင့်)

### (၁)ကလေးဘဝနဲ့ လူငယ်ဘဝ

လက်ပံတန်းမြို့ အနောက်တောင်ဘက် ကရင်ဆိပ် (အချို့ခေါ်တာက) ကညင်ဆိပ်ရွာ အဖေဦးသက်ပုံ၊ အမေဒေါ်စိန်ညိုတို့ရဲ့ သား ဖြစ်ပါတယ်။

တောရဘုန်းကြီးကျောင်းတိုက် အလယ်တန်းကျောင်းမှာ စာသင်ခဲ့ပါတယ်။

ဆရာစံသူပုန်လို့ခေါ်တဲ့ လယ်သမားတော်လှန်ရေးဖြစ်စဉ်က ဗိုလ်ရန်ကြီးအောင်နဲ့ သူ့တပ်မှူးတပ်သားတွေက အဲဒီဒေသမှာ တော်လှန်တိုက်ခိုက်ခဲ့ကြတာပါ။

အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တာပါ။ ဒေသမှာ ခေါ်ပြောကြတာကတော့ ကုလားဖြူ၊ ကုလားမဲတပ်တွေလို့ ခေါ်ကြတယ်။

တော်လှန်ရေးတပ်က ခေါင်းပြတ်တွေကို တွေ့ရတဲ့အခါမှာ ဝမ်းနည်းပြီး ငိုကြရတယ်။ အဖေ၊ အမေ၊ အစ်ကိုအစ်မ တို့အပါအ ဝင် တရွာလုံးဒေါသဖြစ်တဲ့မျက်နှာတွေကို မျက်ရည်များနဲ့ အတူ မြင်ခဲ့ရတယ်။

ရန်ကြီးအောင်တို့ ရှုံးသွားပါတယ်။ သူ့သမီးနှစ်ယောက်လို့ဆိုသူတို့ကို ဟက်စီလို့ခေါ်တဲ့ အဲဒီအခါက ပုလိပ်အရာရှိက မယား အဖြစ်ယူတယ်လို့ ပြောကြတယ်။ အဲဒီအမျိုးသမီးနှစ်ယောက်ကို မြင်ရတိုင်းလည်း ခံစားမှုဖြစ်ခဲ့ရပါတယ်။

ပြန်တွေးမိတိုင်း ခံစားရပါတယ်။

ကျွန်တော် ခုနစ်တန်းအောင်ကတည်းက အမျိုးသားအထက်တန်းကျောင်း ထားပါတယ်။ အဲဒီအချိန်မှာတော့ အဖေက ဦးမောင်ကလေးဆိုသူကို မတရားလုပ်လွန်းသူလို့ ခံစားပြီး ဓားနဲ့ ခုတ်သတ်လို့ထောင်ကလွတ်လာပြီးစပါ။ သေဒဏ်ကလွတ်ရေး၊ ထောင်ဒဏ်က နှစ်နည်းနည်းနဲ့ လွတ်ရေးအတွက် လယ်များစွာကို ချစ်တီးထံရောင်းရငွေများနဲ့ ထိပ်ဆုံးအရာရှိကြီးများ၊ ထောင်ပိုင် များမှအစ စာရေးနဲ့ပုလိပ်အထိ ပေးခဲ့ရတာ သိခဲ့ရပါတယ်။

ကျွန်တော်တို့ဘဝဟာ မူလထက် နိမ့်ကျသွားပါတယ်။ ကျောင်းပြန်နေရေးအတွက် အဖေရဲ့ အစ်ကိုကြီးထံ ငွေခဏပေးရန် အဖေက ကျွန်တော့်ရှေ့မှာပဲ ပြောကြတော့ အဖေ့အစ်ကိုက "သားကြီးသုံးယောက်လည်း ဒီကျောင်းလာတက်တယ်။ နောက်ပြီး အခုကျတော့ လယ်ပဲ ပြန်လုပ်နေကြရတယ်မဟုတ်လား။ အခု ဒီကောင်ကလည်း ဘာအသုံးကျဦးမှာလဲ"လို့ပြောတယ်။

ကျနော် အလွန်စိတ်နာတဲ့ ကြားရချက်ပါ။ အဖေက မဖြစ်မနေ အဲဒီကျောင်းမှာ ထားခဲ့တယ်။ ကျနော်ကြိုးစားမယ်ဆိုတဲ့စိတ် မွေးပါတယ်။

အထူးတန်းက စသင်ရပြီး ဖလတခါ စာမေးပွဲတွေ အောင်လို့ ၃နှစ်နဲ့ ၇တန်းရောက်တယ်။ ၇တန်းမှာလည်း ဖလနဲ့အောင် တယ်။ ဆရာမကြီးက "မင်းအောင်တယ်။ ဒါပေမဲ့ ဖလနဲ့အောင်ဦး၊ ၈တန်းကို တက်ခွင့်မရှိဘူး။ ၇တန်းမှာပဲ ဆက်နေရမယ်"ပြောပြီး

၇တန်းမှာ ဖလ ဆက်နေတယ်။ နောက် ဖလကြာတော့ စာမေးပွဲ အောင်မှ ၈တန်းတက်ရပါတယ်။

ကျောင်းမှာ သမဂ္ဂရှိတယ်။ သူငယ်ချင်းလူငယ်တွေများလာတယ်။ သူငယ်ချင်း ကျောင်းနေဘက် အတန်းတူ ကိုညွန့်တင်နဲ့ ခင်မင်တယ်။ သူက စာကြည့်တိုက် ထောင်ထားတယ်။

အဲဒီစာကြည့်တိုက်က စာအုပ်တွေထဲမှာ နိုင်ငံရေးစာအုပ် အချို့နဲ့ စိတ်ဓာတ်ကြံ့ခိုင်ရေးစာအုပ်များကို ဖတ်ရတယ်။ 'အောင် စိတ်'စာအုပ်ဟာ တွန်းအားအပေးဆုံးပါ။

ဒီ ၈တန်းမှာ ကုလားဆရာ စာသင်ပုံ မမှန်ဘူးထင်လို့ ကျောက်သင်ပုန်း ဖျက်တဲ့ကိရိယာနဲ့ ဆရာကို ပေါက်ပစ်ခဲ့တယ်။ ဆရာကြီးသွားတိုင်တယ်။ ကျောင်းအုပ်ဆရာကြီးဦးစံရွှေက ခေါ်ပြီး ဆုံးမစကားပြောတယ်။ မှားတယ်လို့ ဝန်ခံရတယ်။ ကြိမ်လုံးနဲ့ အနည်းငယ် ရိုက်လိုက်တယ်။

နောက်တော့ ကျောင်းသမဂ္ဂမှာ ကိုစံတင့်ကို ဥက္ကဋ္ဌ၊ ကျနော့်ကို အတွင်းရေးမှူးအဖြစ်တာဝန် ပေးကြပါတယ်။

နိုင်ငံခြား သတင်းတွေလည်း ကြားရတာက တရုတ်ပြည်မှာ မော်စီတုန်းဆိုသူ ခေါင်းဆောင်တဲ့ ခေးပြအဖွဲ့ကြီးရှိတယ်ဆိုတာနဲ့ ရုရှားဘက်မှာလည်း လူဆိုးကွန်မြူနစ်တွေ ရှိနေပြီး အုပ်ချုပ်နေတယ်လို့ ဆိုတဲ့စကား တွေပါ။ နယ်ချဲ့က ဝါဒဖြန့်တာပါ။

၁၃၀၀ပြည့် အရေးတော်ပုံမှာလည်း သမဂ္ဂဟာ ပါဝင်လှုပ်ရှားခဲ့တယ်။ ကိုဗဟိန်း၊ ကိုဗဆွေတို့ကို နာမည်ကြားရတယ်။ လူကို မတွေ့ရဖူးပါ။

ရေနံမြေတပ်ကြီးရောက်လာတော့ ကြိုဆိုကြတယ်။ ထမင်းထုပ် သယ်ယူဝေငှပေးရာမှာ သမဂ္ဂဟာ သခင်တွေ ခေါင်းဆောင် တဲ့ လူထုနဲ့အတူ ပါဝင်လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီမှာ လူထုအားကို တွေ့ကြုံရပြီး စိတ်အားတက်ကြွခဲ့ရပါတယ်။

အဖေဟာ ကျနော် ကျောင်းသားသမဂ္ဂနိုင်ငံရေးလုပ်နေတာကို မကန့်ကွက်ပါ။

ဒါပေမဲ့ စာကြိုးစားရေးကို အလေးထားပြီး ဦးတည်ပေးတယ်။ နောက်ပြီးကျောင်းပိတ်ချိန်မှာ လယ်ထဲခေါ်သွားကာ ပျိုးပင်အ စည်းတွေ ထမ်းခိုင်းတယ်။ စပါးရိတ်ချိန်မှာ ကောက်လှိုင်းတွေစုပုံထားတဲ့ လယ်တလင်းထဲမှာ အိပ်စေတယ်။ စပါးနယ် တဲ့အလုပ် ခိုင်းတယ်။ လယ်ကွင်းထဲမှာ နွားတွေကို လိုက်ကြည့် မိုးချုပ်ခါနီး အိမ်ပြန်မောင်းလာစေတယ်။

စပါးပင်စိုက်ပြီး လယ်ကွင်းကန်သင်းရိုးပေါ်က မြက်ရိတ်စေကာ ခြင်းထဲထည့်ထမ်းရပြီး အိမ်ပြန်ယူလာရတယ်။

နွေရာသီထင်းတိုက်သွားရချိန်၊ ဝါးတိုက်သွားရချိန်မှာ လိုက်ရတယ်။ နွားတွေကြည့်ရေးတာဝန် ပေးတယ်။ ဒီလိုသွားရပြန်ရ တာ ၂နေ့နဲ့၃ည အချိန်ကုန်တယ်။

အိမ်မှာ ထင်းဖြတ်လွှဆွဲနဲ့ ထင်းပေါက်ထင်းခွဲ အလုပ်ကို ခိုင်းပါတယ်။ ပင်ပန်းတဲ့ အလုပ်တွေကို ခိုင်းတာဟာ လယ်သမား ဘဝကို သိစေဖို့နဲ့ စာကြိုးစားစာဖတ်ပြီး ကျောင်းဆရာတို့ စာရေးတို့ဖြစ်စေချင်တာ ထင်ပါတယ်။

ကျနော့်အတွက်ကတော့ အဲဒီပြင်းထန်တဲ့ အတွေ့အကြုံဟာ နောက်မှာတွေ့ရတဲ့ ခက်ခဲတဲ့ဘဝအတွက် အထောက်အကူ ဖြစ်ပါတယ်။

ကျနော်ဟာ အင်္ဂလိပ်က ကျွန်လုပ်ထားတယ်။ နယ်ချဲ့ဖြစ်တယ်ဆိုတာကို လေးနက်မှုမရှိသေးဘဲ ကုလားဖြူ ကုလားမဲ ဆိုတာ ကို မုန်းတာဖြစ်ခဲ့တော့ ကုလားဆရာနဲ့ အင်္ဂလိပ်စာဆရာတွေကို ဆန့်ကျင်တာတွေကို လုပ်ခဲ့မိတယ်။ အမှားတွေလုပ်ခဲ့မိတာပါ။

ချစ်တီးက ငွေနည်းနည်းပေးပြီး လယ်တကွင်းလုံး ယူသွားလို့ အိမ်ဘဝနိမ့်ကျသွားတာကို မမြင်ဘဲ ချစ်တီးကို ကျေးဇူးတင် မိသ လို ဖြစ်ခဲ့တယ်။ ချစ်တီးအတန်းအစားဘဝကို လုံးဝ မသိရှိခဲ့ပါ။

အဖေရဲ့ အစ်ကိုကြီးဟာ မိသားစုထဲက အကြီးအကဲဆိုတဲ့ စိတ်နဲ့နှိမ်တာသာ မြင်ခဲ့ပြီး သူ့ရဲ့မြေရှင်ကြီးဘဝကိုလည်း တွက်ဆ တာ မရှိခဲ့ပါ။

ကျနော့်နိုင်ငံရေးသက် စပြီးဝင်လာတော့ ...တို့လူမျိုးကို မြင့်တက်စေလိုကာ အမျိုးမြင့်ရေး ဆိုတာနဲ့ အောင်စိတ်ကျမ်းက အောင် နဲ့ပေါင်းလိုက်တယ်။ အဲဒီတော့ လျှို့ဝှက်နာမည် မျိုးမြင့်အောင်လို့ ကိုယ့်ဘာသာ ယူထားပါတယ်။

တကယ်က ကျနော်ရဲ့မျိုးချစ်စိတ်ဓာတ်ဟာ မျက်ကန်းမျိုးချစ်စိတ်ဓာတ်ပါ။ လူမျိုးစာရင်းဝင် လုပ်ထားတာကလည်း ဗမာ လူမျိုးပါ။ အမှန်က ငယ်ငယ်ဘဝ မိဘရိုးရာပသပွဲလုပ်ခဲ့စဉ်က ငါးရံ့ကို နဖါးဖောက် ကြိုးဆွဲ ကခဲ့တာပါ။ အဲဒါ မွန်လူမျိုး ဓလေ့ထုံးစံပါ။ ကျ နော်တို့ဒေသဟာ မွန်–ကရင်–ဗမာသွေးရောပါတယ်။ ကျနော်ဟာ ဗမာ–မွန်သွေးရောသူပါ။

ကျနော်ရဲ့ကလေးလူငယ်ဘဝကို အတော်အသင့်တင်ပြရတဲ့ ရည်ရွယ်ချက်ဟာ ဖြစ်ရပ်များရဲ့ ရိုက်ခတ်မှု၊ အဲဒီ ကနေ ဖြစ်ပေါ်လာရတဲ့ အမြင်အရ လုပ်ဆောင်ချက်တွေထဲမှာ အမှားများဖြစ်ရခြင်းကို သိစေလိုတဲ့ဆန္ဒပါ။

ကျနော့်သိမြင်မှုဟာ နိမ့်ရာမှ လက်တွေ့ဘဝအရ တစတစ မြင့်လာရပါတယ်။

(၂)

## ဗမာ့လွတ်လပ်ရေးတပ်မတော်နဲ့စစ်သားဘဝ

၁၉၃၉ခုနှစ် ဩဂုတ်လ၁၅ရက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ စဖွဲ့ခဲ့တာ၊ တပ်ပေါင်းစု(လွတ်လပ်ရေးအဖွဲ့) ဖွဲ့တာ တဆက်တည်း လွတ်လပ်ရေးအတွက် တပ်မတော်တရပ် တည်ဆောက်ရေးနဲ့ လက်နက်ရရေးအတွက် တရုတ်ပြည်ကွန်မြူနစ်ပါတီကို သခင် အောင်ဆန်း နဲ့ သခင်လှမြိုင်တို့ ဦးတည်သွားကြရင်း ဂျပန်က သတင်းရသွားလို့ ဂျပန်ကလာရှာပြီး ဂျပန်ကို ခေါ်သွားခံရတာ သိကြပြီး ဖြစ်တယ်။

စသွားဖို့ တာဝန်ယူဆွေးနွေးကြသူတို့ဟာ သခင်မြ၊ သခင်ချစ်စသူတို့ပါ။ ဘယ်ကလက်နက်ရရ ယူရေးကို ညွှန်ခဲ့တာပါ။ ဒေါက် တာဗမော်ရဲ့ဇနီးထံကနေ ဦးသိန်းမောင်က သတင်းရသွားပြီး ဂျပန်ကိုသတင်းပေးလိုက်လို့ သခင်အောင်ဆန်းတို့နှစ်ဦး ဂျပန်က လာခေါ် သွားတာလည်း သိကြပြီးသားပါ။

သခင်အောင်ဆန်း နောက်ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ သူ့ကိုယ်သူ ဝေဖန်ရေးနဲ့ အမှားကိုလည်း ရေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီရဲ့ ရည်ရွယ်ဦးတည်လိုတဲ့ တပ်မတော်နဲ့ ဖြစ်လာတဲ့ တပ်မတော်ဟာ အလွန်ခြားနားပါတယ်။

သူတို့ကို သွားခါနီးအချိန် ဆွေးနွေးမှာကြားလိုက်သူများ၊ နောက် သခင်အောင်ဆန်း လူထပ်ခေါ်ဖို့ ပြန်လာချိန် တွေ့ပြီးဆွေးနွေးကြသူများ ဖြစ်တဲ့ သခင်မြ၊ သခင်ချစ်၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်းတို့ဟာ ဆိုရှယ်လစ်ပါတီရဲ့ ထိပ်ဆုံးခေါင်းဆောင်အဖြစ် တာဝန်ယူလာကြသူများ ဖြစ်ပါတယ်။

တပ်မတော်ဟာ ဂျပန်တပ်ရဲ့ကွပ်ကဲမှုနဲ့ ဂျပန်တပ်နဲ့အတူ ဝင်လာတယ်။ လူထုက အုံကြွကြိုဆိုကြတယ်။

လက်ပံတန်းမြို့ကို တပ်ဝင်လာတော့ သခင်တွေခေါင်းဆောင်တဲ့ လူထုက ကြိုဆိုတယ်။ ပျော်ရွှင်ဝမ်းသာ အားရနဲ့ ကြိုဆိုကြ၊ ပျော်ပွဲများ လုပ်ကြတယ်။ မိမိတို့ဒေသသား ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဘုန်းမြင့်လည်း ပါလာတော့ ဂုဏ်ယူစွာနဲ့လှိုက်လှဲစွာ ကြိုဆိုကြတာ။ အုံကြွ ပျော်ရွှင်ဝမ်းသာနေစဉ်မှာပဲ နဂါးနက်စာအုပ်ကို ရေးသူ ဦးဘတင်ကို ဂျပန်ကဖမ်းပြီး သတ်လိုက်တော့ လူထုက အံ့အား သင့်လာတယ်။

အဲဒီဖြစ်ရပ်အပြင် ဂျပန်တပ်က ရိုက်တာ၊ လုယက်ယူတာတွေ သိလာရတော့ ပျော်ရွှင်ပွဲတွေရပ်သွားတော့တယ်။

နောက်မြို့မှာ တာဝန်ယူတဲ့ ဗိုလ်သတ္တိဆိုသူဟာ လူသတ်တာတွေများလာတော့ ကောင်းတဲ့လှုပ်ရှားမှု၊ စုဝေးမှုတွေ ရပ်သွား တော့တယ်။

ကျနော်တို့ လူငယ်တစုဟာလည်း တပ်မတော်သားအဖြစ်ပါဝင်ရေးကနေ ကိုယ့်အိမ်တွေမှာပဲ ငြိမ်သက်စွာ ပြန်နေ ကြရပါတော့ တယ်။

ဂျပန်တပ်ကို စပြီး ရွံကြောက်ဖြစ်လာတာသာမကတော့ပဲ မိမိတို့တပ်မတော်လို့ ယုံကြည်ထားတဲ့ တပ်ကိုလည်း လူဆိုးလူမိုက်တွေ ပါလာပါလားလို့ ပြောသံများ ထွက်လာတော့တယ်။

ကျနော်တို့ အဲဒီတပ်မတော်ထဲ မဝင်တော့ပါ။ ဗမာ့ ကာကွယ်ရေးတပ်မတော် အဖြစ်အသစ် ဖွဲ့တော့မှ တပ်ထဲ ဝင်ကြပါတယ်။

ကျနော်က တပ်ရင်း(၂) စက်သေနတ်ကြီးတပ်ခွဲမှာ တာဝန်ကျပါတယ်။ ခွဲမှူးက ဗိုလ်အောင်ဇေယျ၊ ဒု–ခွဲမှူးက ဗိုလ်အာဠာဝက ပါ။

အလွန်ပြင်းထန်တဲ့ လေ့ကျင့်ရေးနဲ့ မြင်းကျောင်း၊ မြက်ရိတ်မြက်ထမ်းအပြင် တပ်ခွဲအတွက် ထမင်းချက်အဖွဲ့မှာ ပါရတယ်။ ကြမ်းတမ်းတဲ့ဘဝ စတာပါ။

တနေ့ထမင်းချက်ပြီးစမှာ တပ်စိတ်မှူးကိုထွန်းအောင်က ထမင်းချိုးယူခိုင်းလို့ ထမင်းချိုးခွာ၊ ပန်းကန်ထဲ ထည့်ပြီးသွားပေးတော့ ချိုးကိုကြည့်ပြီး ပါးကိုနာနာ ရိုက်တယ်။ ရိုက်ပြီးပြောတာက “ဘာပြုလို့ဆားမထည့်ခဲ့သလဲ”တဲ့။ ဘာပြုလို့ ရိုက်ရတာလဲ သွားယူခိုင်း ရတာပဲလို့ ပြန်ပြောတော့ သူယူခိုင်းတယ်။ သွားယူပေးလိုက်တယ်။ တပ်စိတ်မှူးတွေဟာ စာပေနိမ့်ကျသူ များပါတယ်။

စစ်သားတွေဟာ တပ်တွင်းဖိုးကျင်းတွေ တူးရတယ်။ တနေ့ကျနော်ကျင်းတူးလိုက် မြေသယ်သွားသွန်လိုက်နဲ့ ကျင်း ဆက်တူးဖို့ ဂေါ်ပြားမတွေ့ရတော့တာနဲ့မေးကြည့်ရာ စိတ်မှူးကိုထွန်းအောင် ယူသွားတာ သိရတယ်။ သွားတောင်းရင်း ကျနော့်ပေးထားတာ ဘာပြုလို့ ယူရသလဲမေးပါတယ်။ သူက ရိုက်မယ့်လုပ်တော့ မရိုက်ပါနဲ့လို့ မျက်နှာတင်းတင်းထား ပြောလိုက်တော့ သူထွက်သွားပြီး ဒု–ခွဲမှူး သွားတိုင်တယ်။ ခေါ်လို့သွားတော့ ဒုခွဲမှူးက ပါးရိုက်တယ်။ ဘာပြုလို့တပ်စိတ်မှူးကို ပြန်ပြောရသလဲလို့လည်း ဆူပါတယ်။

ပြီးမှ သူက ဘာပြောစရာရှိသလဲလို့မေးလာမှသာ အကြောင်းစုံ ရှင်းပြလိုက်ပါတယ်။ သူက ‘အော်’လို့ အသံ ထွက်လာကာ ပြန်ခိုင်းလိုက်ပါတယ်။

သူဟာ ရိုးရိုးမှားတာပါ။ တပ်ခွဲမှူး ၂ဦးကရွေးတဲ့ ဒုတိယအပတ် ကျောင်းတက်ရေး စာမေးပွဲကို တပ်ရင်းမှာ သွားဖြေရတယ်။ အောင်တော့မှ စစ်ကျောင်း တက်ခွင့်ရတယ်။

ဗိုလ်မှူးအာဌာဝကဟာ ဗိုလ်မှူးကြီးဇထူးနဲ့အတူ ဒုတိုင်းမှူးတာဝန်ကို ယူခဲ့တယ်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးမှာ အထက်ဗမာပြည် တိုင်းမှူးပါ။ ဒါတွေက သိကြပြီးသားပါ။

မသိကြသေးဘူးလို့ထင်တာက သူဟာ လူရိုးလူကောင်းပါ။ စစ်ရေးတိုက်ခိုက်မှုမှာ အလွန်တော်ပါတယ်။ ကျနော်လည်း တော်လှန်ရေးမှာ တပ်မှူးတဦးဖြစ်လာတော့ သူနဲ့တွဲလုပ်ကိုင်ခဲ့ဖူးပါတယ်။ တပ်မှူးကြီးများစွာနဲ့ ကျနော်အတူ တာဝန်ယူခဲ့တဲ့ အတွေ့အကြုံအရ သူဟာ ပထမနံပါတ်(၁)အဖြစ် သဘောထားပါတယ်။ နံပါတ်(၂)က ဗိုလ်ဘုန်းကျော်၊ နံပါတ်(၃) ဗိုလ်သက်ထွန်းပါ။

တပ်မှူးတပ်သား ကျဆုံးဒဏ်ရာ များစွာဖြစ်စေတဲ့ သူကတော့ ဗိုလ်မျိုးမြင့် (အဖြူ–အင်းစိန်ကိုချစ်လှ) ပါ။ လမ်းဖြတ်တိုက်ဖို့ တာဝန်ပေးတယ်။ အဲဒါမလုပ်ဘဲ သစ်တော်ဖျားနဲ့ ပြင်စည်ကို ဝင်တိုက်တာ တပ်မှူးကောင်းတွေသာမက တပ်သားတွေပါ ကျဆုံးခဲ့ရပါ တယ်။ တပ်မဟာမှူးအဆင့်ရှိတဲ့ ဗိုလ်ကိုလေးနဲ့ ဗိုလ်မျိုးတင့်တို့ ကျဆုံးခဲ့ရပါတယ်။

ကျနော့် နံပါတ်(၁)ထားသူ၊ လေးစားသူဆိုတာ သခင်ချစ်တင်လို့ခေါ်တဲ့ ဗိုလ်မှူးကြီးအာဌာဝကပါ။ ကျနော့်ရဲ့ ဆရာအရင်းပါ။ ရန်သူက ဖမ်းမိသွားပြီး ရက်စက်စွာ အသတ်ခံရသူပါ။ ထာဝစဉ် ဂုဏ်ပြောင်သူတဦးပါ။

## (၃)
## *ဘဝသစ်–ဖက်ဆစ်ဆန့်ကျင်ရေးသမား*

ဒုတိယအပတ် ဗိုလ်သင်တန်းကျောင်းကို ရောက်ပါပြီ။ ဒီကျောင်းမှာ ဗမာပြည်သား ဆရာတဦးက ဗိုလ်သန်းရွှေပါ။ နောက်တဦးက ဗိုလ်ရဲမောင်ပါ။ နောက်ဗိုလ်မြင့်ဦး၊ ဗိုလ်ရန်လင်းတို့ရှိပါတယ်။ ဂျပန်ဆရာ(၂) ဦးမှာ တဦးက ဗိုလ်ရွှေသွားလို့ပဲ ခေါ်တယ်။ သဘော ကောင်းပြီး လုံးဝမရိုက်လို့ သူတော်ကောင်းလို့ ခေါ်ကြတယ်။

နောက်တယောက်ကတော့ ခေါ်ဂုကြီး ခေါ် ဝါးလုံးဖြစ်ပါတယ်။ သူက ဝါးလုံးနဲ့ ရိုက်တယ်။ မျိုးစုံလည်း ညှဉ်းပန်းနှိပ် စက်တယ်။ တယောက်မှားရင် အားလုံးကို ရိုက်တယ်။

သူတို့ကို အထောက်အကူပြုသူ စစ်သားကို မျက်နှာနီနေလို့ ပေါက်စီလို့ ခေါ်ကြတယ်။ သူလည်းရက်စက်ပါတယ်။

အုပ်ချုပ်သူတွေက တပ်ခွဲမှူးက ဗိုလ်တထ၊ တပ်စုမှူးက ဗိုလ်ဟတပါ။ ကျောင်းအုပ်ကြီးက ဗိုလ်ကာဝါရှီမားလို့ မှတ်မိပါတယ်။ ဂျပန်တွေပါ။

အားလုံးခေါင်းပြောင်အောင် ဆံပင်ကိုရိတ်ရတယ်။ အားလုံးဟာ ဂျပန်စကား မတတ်ပါ။ ဗိုလ်ရဲမောင်က ဂျပန် ဆရာထံသွားပြီး ဓားနဲ့ကတ်ကြေးယူဖို့ခိုင်းပါတယ်။ သူတို့နေတဲ့ အခန်းဝင်ခါနီး ဂျပန်ကို ဘယ်လိုပြောပြီး ခွင့်တောင်းပါ သင်ပေး တယ်။

ကျနော်သွားတယ်။ ဂျပန်လို ခွင့်တောင်းပါတယ်။ ဝါးလုံးက ယိုင်တိုင်တိုင်နဲ့ ထွက်လာပြီး ပါးရိုက်၊ ခြေနဲ့ကန်လွှတ်လိုက်လို့ ပြန် လာရတယ်။

ဗိုလ်ရဲမောင်ထံ သတင်းပို့တော့ သူတခြားနေရာတခုက သွားယူလာပြီး ဆံပင်တွေရိတ်ကြရတယ်။

ထမင်းစားတဲ့နေရာ စောင့်ကြည့်သူက ပေါက်စီပါ။ ထိုင်ခိုင်းတော့ အချို့ကထိုင်မိ။ အချို့က ခပ်စောင်းစောင်း ဖြစ်ကြတယ်။ သတိအနေအထားနဲ့ ထမင်းပွဲကို အလေးပြုပြီး စားတယ်။ ပေါက်စီက မစားနဲ့ ရပ်လို့အော်တော့ ရပ်လိုက်ရတယ်။ သတိလို့အမိန့်ပေး ပြီး ကောင်းသလား မကောင်းဘူးလားမေးတော့ ထမင်းစားတာမေးတယ်ထင်ပြီး မကောင်းပေမယ့် မကောင်းဘူးပြောရင် အရိုက်ခံရမှာ ကြောက်လို့ ကောင်းတယ်လို့ ပြောလိုက်ကြတယ်။ ပေါက်စီက "ဟင်–ကောင်းတယ်။ မလှုပ်နဲ့"လို့ပြောပြီး ဂေါက်ကန ဂေါက်ကနဲ အသံတွေကြားရပြီး ကျနော့်နောက် ရောက်လာပြီး ဦးခေါင်းပေါ် ဂေါက်ကနဲ အသံထွက် မျက်လုံးတွေမီးပွင့်ထွက်ချိန် အခြားသူများရဲ့ ခေါင်းပေါ် ဂေါက်သံတွေ ဆက်သွားပါတော့တယ်။

ဘာနဲ့ရိုက်သွားမှန်းမသိပါ။ နောက်သူ့ကို ကြည့်ခိုင်းလို့ကြည့်လိုက်တော့ သူ့လက်ထဲမှာ ခုံဖိနပ်အနီကို တွေ့ရတယ်။ အလွန် ဒေါသဖြစ်ကြတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ပါ။ ကျနော်လည်း လက်သီးနဲ့အထိုးခံထားရတဲ့ ဘယ်ဘက်မျက်လုံးဟာ အမြဲတမ်း နာနေ ပါတယ်။

ကိုလှမော်ကိုလည်း ထန်းလျက်ခဲ နည်းနည်းတွေ့လို့ လက်ဝါးပေါ် ဒန်ခွက်တင် ရေပူထည့်တော့ ပူတာနဲ့လှုပ်၊ လှုပ်မိပြီး ရေပူဖိတ်ကျ၊ လက် အပူလောင်၊ ရေပူထပ်ထည့်၊ လှုပ်မိ၊ အပူလောင်၊ လက်ဝါးတွေ အပူဖုတွေ ဖြစ်ရပြီး လက်သဲခွန်အထိ တွန့်ကာ အနာဖြစ်ပါတယ်။

ကိုထွန်းလှဆီမှာ ငါးပိကောင် နည်းနည်းတွေ့လို့လည်း အရိုက်ခံရတယ်။

ကိုမောင်ဒီဟာ စာပေနိမ့်ကျပါတယ်။ အားလုံးကို ဗမာစကားပြောမိတိုင်း ပါးရိုက်ခံရတယ်။

တပ်ကြပ် စာမေးပွဲဖြေရချိန်မှာ ကိုမောင်ဒီက မိနစ်၃၀လောက်မှာ အဖြေစာရွက်တွေ လိပ်ပြီး သွားပေးတယ်။ ကျနော်တို့ တနာရီလောက်နဲ့ပင် မပြီးနိုင်တဲ့ဟာ ဖြစ်နေလို့ အံ့သြနေစဉ်မှာပဲ ဆရာက အားလုံးကို စာဖြေရေးတာ ခဏရပ်ပြီး သူ့ကိုကြည့် စေပါတယ်။

ကိုမောင်ဒီက ထွက်သွားပြီးဖြစ်ပါတယ်။

ဂျပန်ဆရာက စာရွက်လိပ်တွေဖြန့်ပြီး တခုပြီးတခုပြတယ်။ စာရွက်တိုင်းမှာ ဂျပန်လိုစာလုံးကြီးကြီးနဲ့ရေးထားတာက "ငါနား မလည်ဘူး"ဆိုတာပါ။

ကိုမောင်ဒီ သွားခေါ်လို့ ရောက်လာတယ်။ အလေးပြုတယ်။ ဆရာ့ရှေ့နားထိတိုးသွားကာ ရင်ကော့ပြီးမော့လို့ပါးကို ထိုးပေးတယ်။ ဂျပန်က ခပ်ပြင်းပြင်း၂ချက် ရိုက်တယ်။ ကိုမောင်ဒီက မျက်နှာတင်းတင်းနဲ့ တည်ကြည်စွာနဲ့ ဆရာကို ကြည့်တော့ ဆရာက "ပြန်တော့"တဲ့။ ပြန်သွားပါတယ်။

ကိုမောင်ဒီရဲ့ ခိုင်မာတဲ့စိတ်ဓာတ်နဲ့ အမှုအရာမှာ ဖော်ပြတဲ့သတ္တိကို ကျနော်ဟာ လေးစားမိတယ်။

တနေ့မှာ အခန်းတွေ သန့်ရှင်းရေးလုပ်ကြတော့ ကိုဘိုးကျင် အိပ်တဲ့ အောက်ကကြမ်းကို လှန်လိုက်ရာ စာအုပ်ကို ဂျပန်တွေ တွေ့သွားတယ်။

ဘာစာအုပ်လဲ မေးရာ ကိုဘိုးကျင်က လီနင်လို့ပြောသံကြားတာနဲ့ စာအုပ်ကိုဖြဲ မီးရှို့ပစ်ပြီး ပြာကို ဖိနပ်နဲ့ နင်းချေပစ် ပါတယ်။

ဒီစာအုပ်ဟာ ကျနော်တို့ဖတ်ဖို့ ကိုဘိုကြည် ခိုးသွင်းလာပြီး ဖတ်တာပါ။ ကိုဘိုးကျင်ကလည်း ဖတ်လိုတယ်ဆိုတာနဲ့ ပေး ထားတာပါ။

ဝါးလုံးနဲ့ပေါက်စီကလည်း အကြောင်းမျိုးစုံအပြစ်ရှာပြီး နှိပ်စက်တယ်။ ရိုက်တယ်။ တဆင့်တက်လာတာက လူ၃၀–၁၅ဦးစီ မျက်နှာချင်းဆိုင်စေကာ အချင်းချင်း ရိုက်ခိုင်းတယ်။ ခပ်ဖွဖွရိုက်ရင် အဲဒီလူကို မျက်နှာ လက်သီးနဲ့ထိုးတယ်။

အားလုံးဟာ မခံနိုင်ဖြစ်လာပြီး နည်းမျိုးစုံ တုံ့ပြန်ဖို့ စဉ်းစားကြတော့တယ်။ ဒါသဘာဝကျပါတယ်။

အဆိုးဆုံး ဂျပန်ရဲ့ဖုံးခိုကျင်းကို မှတ်သားထားပြီး အင်္ဂလိပ်လေယာဉ်လာတဲ့ အချက်ပေးဥသြသံကြားတော့ အချို့က ကိုယ့်

ကျင်းရှိရာ မသွားသေးဘဲ မှောင်ရိပ်ခိုနေကာ ဗုံးကြဲသံများ ထွက်လာခါမှ အမုန်းဆုံး ဂျပန်ကျင်းထဲ ခုန်ချ ပြန်တက် ကိုယ့်ကျင်းရှိရာ သွားတယ်။ အဲဒီဂျပန်တော့ အော်ကျန်ခဲ့တယ်။

အဲ–ဘေးကင်းဥဩသံထွက်လာ မီးတွေပြန်လင်းလာချိန်မှာ အဲဒီဂျပန်ဝင်လာ၊ မျိုးစုံဆဲတယ်။

မျက်နှာချင်းဆိုင် ရိုက်ခိုင်းတယ်။ သူကတော့ ခါးစောင်းနေပါတယ်။

အခြားဆန့်ကျင်နည်းတွေက ဆိုးတဲ့ဂျပန် ထမင်းဟင်းတွေထဲ တံထွေး ထွေးတာပါပဲ။

နောက်တနည်းက ဆရာဆိုး ရေချိုးဖို့ သံရေအိုးကို ရေအပြည့်ထည့်ပြီး ကြိုခိုင်းတယ်။ ရေတော်တော်ပူလာမှ အဲဒီဂျပန်ကို သွား သတင်းပို့ရတယ်။ အဲဒီတာဝန်ယူသူအချို့က ရေပူလာလို့ သွားခေါ်ခါနီး အဲဒီရေပူထဲ အပေါ့စွန့်ထည့် မွှေနောက်ပစ်ပြီးမှ သွားခေါ်တာ လုပ်တယ်။

အဲဒီလို နာကျည်းစွာခံစားရချိန်မှာ ဒါဟာ ဂျပန်တဦးနှစ်ဦး ပြဿနာမဟုတ်ပါ။ ဒါဟာ လက်ရှိဂျပန်အစိုးရ ကိုင်စွဲ လုပ်ကိုင်စေတဲ့ ဝါဒနဲ့စနစ်က လာတာပါ။ လူအချို့အပေါ် မုန်းရုံလက်စားချေရုံနဲ့ မပြီးနိုင်ပါ။

“ဂျပန်အစိုးရ–စစ်တပ်ကျင့်သုံးနေတာဟာ ဖက်ဆစ်ဝါဒ–စနစ်က ဖက်ဆစ်စနစ်ပါ။ အခု ဗမာပြည်ဟာ အဲဒီလက်အောက် ရောက်နေတာပါ။ အခုဂျပန်တွေရဲ့ ရက်စက်–ယုတ်မာ–နှိပ်စက်–ရိုက်နှက်–လုယက်သတ်ဖြတ်မှုတွေအားလုံးဟာ အဲဒီဝါဒဆိုး၊ စနစ်ဆိုး တွေကနေ ဖြစ်ပေါ်လာတာပါ”လို့ ကိုဘိုကြည်က တိုတိုပဲ ရှင်းပြခဲ့ပါတယ်။

သူအကြိမ်ပေါင်းအချို့ ရှင်းပြတာရော၊ ဘဝဆိုးရဲ့ အတွေ့အကြုံများအရပါ ကျနော်ဟာ အမြင်သစ်ကို ရရှိလိုက်ပါတော့တယ်။

အဲဒီအမြင်သစ်က အင်္ဂလိပ်နယ်ချဲ့ဦးတည်ရေးမှ ဖက်ဆစ်ဂျပန်နယ်ချဲ့ဦးတည်ရေးနဲ့ အခြားသူတွေကို ဝါဒဖြန့်ရေး–စည်းရုံးရေး အလုပ်တွေပါ စသိရပါတယ်။

ဝါဒဖြန့်တာရော–စည်းရုံးရာမှာပါ တစုတဝေးကြီး လုပ်လို့မရဘူး။ အတိအလင်းလည်း လုပ်လို့မရဘူး။ တဦးချင်းကစရမယ်။ တဦး ချင်းဆိုရာမှာလည်း အဲဒီသူကို အချိန်ယူ–အကဲခတ်–သင့်တော်စွာ စိတ်ချရမှသာ သူရဲ့ခံစားရမှုကို ဖော်ထုတ်စေပြီး၊ နောက်မှသာ သူနား လည်နိုင်တဲ့စကားက စပြောဖို့တွေကိုသာမက စိတ်ချရသူ အချို့ရှိလာစေဦး–တဦးချင်းသာ စကားပြောဖို့ကို နားလည်စ ပြုလာပါတယ်။

ရိုက်တဲ့အထဲ အဆစ်ပါသူ၂ဦးကတော့ ဗိုလ်ရဲမောင်နဲ့ ဗိုလ်သန်းရွှေပါ။ အချို့သူများနဲ့ ကျနော်ခံရတာပါ။

ဗိုလ်ချုပ်အောင်ဆန်းလာပြီး စကားပြောပါသေးတယ်။ အလေးထားပြောတာက “ပညာရှာ–ပမာသူဖုန်းစား” ဆိုတာကိုပြော ပြီး တပ်ရဲ့ရှေ့ရေးအတွက် လိုအပ်သူများအဖြစ် အားပေးပါတယ်။

(၄)

## *အမြင်သစ်နဲ့လှုပ်ရှားမှုများ*

တပ်ကြပ်သင်တန်း ဖလအောင်ကြပြီး ဗိုလ်သင်တန်းကျောင်းရောက်ကြပါပြီ။

ဗိုလ်သင်တန်းကျောင်းမှာနဲ့ လူငယ်စစ်ကျောင်းတက်နေသူများအတွင်း ဖက်ဆစ်ဆန့်ကျင်ရေးသမား၊ ရှေ့တန်းရောက်သူများ များလာပါတယ်။

ဂျပန်ဆရာထဲက သူတော်ကောင်းလို့ ကျနော်တို့က သဘောထားသူဟာ ကျောင်းနဲ့နီးရာ တောစပ်ထဲသွားကြပြီး စကားနည်းနည်းဆန်းဆန်း ပြောပါတယ်။ “ငါ့ပါးစပ်ထဲက သွားတွေဟာ ကျိုးကုန်ခဲ့တယ်။ ငါ့အထက်က အရာရှိက ရိုက်လို့ပါ။ ရွှေအတုနဲ့ သွားတပ်ထားရတယ်။ ဒါကို ငါမမေ့ပါ။ ရိုက်တာ မကောင်းပါ။ နောက်တခု ပြောပြမယ်။ တရုတ်ပြည်မှာလည်း ဂျပန်ဆရာတွေက စစ်သင်တန်း ပေးခဲ့သူများထဲက အခု ဂျပန်ကို ပြန်တိုက်နေတယ်။ ဒါဟာသိကြဖို့ပါ။ ဘေးမှာ ပြောဖို့မဟုတ်ပါဘူး”လို့ ပြောပါတယ်။

တောစပ်ထဲ အသွားအပြန်ဟာ ကျိုက်ကလို့စေတီကို ချိန်မှတ် အမိန့်ပေးမှုစပြီးနောက် ဘုရားစေတီကို အလေးပြု အမိန့်ပေးပါတယ်။

ဒီဆရာရဲ့ ပြောပြတာနဲ့ လုပ်ရပ်ဟာ ကျနော်တို့အတွက်အားဖြစ်စေပါတယ်။

ပေါ်လွင်မြင်သာတဲ့ လှုပ်ရှားမှုထက် လျှို့ဝှက်ကျစ်လျစ်ခိုင်မာပြီး တစတစ စည်းရုံးရေးကျယ်ပြန့်လာဖို့ ကြိုးစား လုပ်ကိုင်ပါတယ်။

ကျောင်းသားများဟာ ဖက်ဆစ်ဂျပန်မကောင်းတာကို မြင်ကြလို့ သိနိုင်ပေမယ့် အားလုံးတပြေးညီစွာ မရှိကြပါ။

အချို့က အေးအေးနေကြပြီး ဂျပန်စာကို ဖိပြီးကြိုးစားကြတယ်။

အချို့က မျက်နှာအမူအရာနဲ့ ဖက်ဆစ်ဂျပန် မကောင်းဘူးဆိုတာကို ပြကြတယ်။

အချို့က အမူအရာနဲ့ သတိထားဖို့ ပြသတယ်။

အနည်းစုကတော့ အခွင့်အရေးကောင်းရရင် ရသလို တဦးချင်းဆွေးနွေးပြီး အတွေ့အကြုံဖလှယ်ကြတယ်။

ကျနော်ဟာ ကိုဘိုကြည်၊ ဗိုလ်သန်းရွှေ၊ ကိုစံတင့်(ဗိုလ်ရဲလှ)၊ ကိုမြသန်း၊ ကိုအေး(လက်ပံတန်း)၊ ကိုဝင်းမောင် (မြင်းခြံ–ဗိုလ်ကိုလေး)၊ ကိုပေ(စစ်ကိုင်း)၊ ကိုကိုလေး(စစ်ကိုင်း)၊ ကိုလှမော်(စစ်ကိုင်း)၊ မြင်းခြံမှ ကိုတင်ဦး၊ ကိုကိုကြီး၊ ကိုထွန်းငြိမ်း၊ ကိုဘဆက်စသူတို့နဲ့ရော ပခုက္ကူကိုကျော်အောင်တို့နဲ့ဆွေးနွေးညှိနှိုင်းကြပါတယ်။ ကိုစံတင့်၊ ကိုမြသန်းတို့နဲ့ မကြာခဏ ဆွေးနွေး ဖြစ်တယ်။

ကိုဘိုကြည်နဲ့ဆွေးနွေးတာများလာတော့ ဖက်ဆစ်ဝါဒ–ဖက်ဆစ်စနစ်–ဖက်ဆစ်စစ်တပ်တွေအကြောင်း သင့်တင့်စွာ သိလာ တယ်။ မာ့က်စ်ဝါဒကိုလည်း စသိလာရတယ်။

အထက်ဖော်ပြခဲ့သူများဟာလည်း ကျနော်လိုပဲ သိရှိနားလည်ကြမှာပါပဲ။

နည်းမျိုးစုံ ဆန့်ကျင်ကြတာ ရှိနေပါတယ်။

ထင်ရှားတာက ကိုခင်ညို(မြောင်းမြ) ရဲ့ လုပ်ရပ်ပါ။ သူက ည–ညမှာ ဂျပန်တွေက သူတို့အရက်နဲ့သောက်ဖို့ထားတဲ့ ကြက်သားကြော်ကို သေတ္တာတိုးတိုးဖွင့်ကာ ယူတယ်။ ပြန်လာ–အိပ်ယာ ခြင်ထောင်ထဲမှာ တကိုက်စီစား ဆက်ပေး လုပ်ပါတယ်။

ဂျပန်က ကြက်ကြော်ပျောက်တာ များလာချိန် မှောင်ထဲက ချောင်းပြီး ညတညမှာ ဖမ်းတယ်။ ဂုတ်ပေါ်ဂျပန်က ခွစီးတော့ ကိုခင်ညိုက လှန်ချ–ထွက်ပြေးလာ–ခြင်ထောင်ထဲ မြန်မြန်ဝင်–မြန်မြန်ကုန်အောင်စားပစ်တယ်။

အားလုံး အိပ်ပျော်ဟန်ဆောင်ကြပါတယ်။

ဂျပန်လိုက်လာပြီး အခန်းမီးဖွင့်ကြည့်တယ်။ အိပ်ပျော်နေကြတာလား။ ဘယ်နှယ့်ဟာလဲလို့ ညည်းတယ်။ တယောက် စီရဲ့နေ ရာမှာ ရပ်ကြည့်လိုက်–ဆက်သွားလိုက်နဲ့ ကိုခင်ညိုနေရာရှေ့ရောက်တယ်။ ကျနော်တို့လည်း သူ့ကို အကဲခတ်နေတယ်။

ကိုခင်ညိုရဲ့ ခြင်ထောင်ကို ပင့်လိုက်ပြီး ခြုံစောင်ကို ဆွဲလှန်ကာ လူကိုဆွဲချလိုက်တယ်။ အားလုံးထခိုင်းတယ်။ တန်းစီမျက်နှာ ချင်းဆိုင်နဲ့ အပြန်အလှန် ရိုက်စေတယ်။ မျိုးစုံဆဲပြီးမှ ပြန်သွားတယ်။

ကျနော်တို့က ပထမ ဘာကြောင့်လဲလို့မသိပါ။ ပြီးမှသိရတာက ကိုခင်ညိုက တခါခါနဲ့ ခြင်ထောင်ထဲ စောင်ခြုံအိပ်နေပေ မယ့် ဂျပန်က စောင်ခြုံထားတဲ့ဟာကို ခြေထောက်ကစလှန်ကြည့်–ခုံဖိနပ်စွပ်လျက်နဲ့ အိပ်သလိုဖြစ်နေတာနဲ့ ဆွဲချ ရိုက်တယ် ဆိုပါတယ်။

ကိုခင်ညိုဟာ ဒရောသောပါးနဲ့ ခုံဖိနပ်မချွတ်ဘဲ စောင်ခြုံ အိပ်မိလိုက်တာပါ။

ဂျပန်က ခုံဖိနပ်နဲ့ အဝတ်ဖိနပ်ထားရမယ့်နေရာကြည့် ခုံဖိနပ်မတွေ့တော့ စောင်လှန်ကြည့်၊ တွေ့ပြီး ရိုက်တာပါ။

ဂျပန်ပြန်သွားပြီးနောက် အကြောင်းစုံသိရကာ ငိုပွဲမဆင်ကြဘဲ ရယ်ပွဲဆင် ပြန်အိပ်ကြတယ်။

ကျောင်းသားတွေဟာ ရောက်ခါစအချိန်နဲ့မတူဘဲ၊ အရိုက်ခံရပေမယ့် စိတ်ညစ်မနေကြပါ။ သီချင်းဆိုတယ်။ ပါးစပ် အိုးစည်တီး ကကြတယ်။

"ဒီကောင်တွေကို ငါတို့ ဦးမညွှတ်ဘူးဟေ့"ဆိုတဲ့အဓိပ္ပာယ်ကို ဖော်ပြကြတာပါ။

ဂျပန်တွေရဲ့ ကြက်–ဝက်ကြော်အများစုဟာ ကျောင်းသားရိက္ခာထဲက သူတို့ထင်သလိုယူပြီး ချက်–ကြော်စားတယ်။ ကျောင်းသားတွေကို ဟင်းရွက်တွေ ရေလုံပြုတ်သာ ကျွေးတာပါ။ အမှန်က ကိုယ့်ရိက္ခာကို ပြန်ယူရတာပါ။ တခါတလေမှသာ အသားစား ရပါတယ်။

တစတစနဲ့ ကျနော်ဟာ ဖက်ဆစ်ဂျပန် ဦးတည်တိုက်ရေးပေါ်လစီကို သဘောကျ လက်ခံကျင့်သုံးရင်း ဆွေးနွေးသိရှိရချက်များ အရ မာ့က်စ်ဝါဒကို နားလည်စ ပြုလာတယ်။ ဒီဝါဒကို ကိုင်စွဲထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ လျှို့ဝှက်ရှိနေတာကို သိရတယ်။

ကျနော်က လမ်းစဉ်အတိုင်းလုပ်နေတာလည်း ကြာပါပြီ။ မာ့က်စ်ဝါဒလည်း ယုံကြည်လက်ခံပါတယ်။ သတ်မှတ်ပေးတဲ့ စည်းကမ်းတွေလည်း တိကျစွာလိုက်နာခဲ့တယ်။ ဒီပါတီဝင် ဖြစ်လိုပါတယ်လို့ တင်ပြလိုက်ပါတယ်။

ကျနော်ဟာ စကားနည်းသူ မဟုတ်ပါ။

ဒါပေမဲ့ ဒီလမ်းစဉ်အရ ဒီတာဝန် စလုပ်ကိုင်စဉ်ကစပြီး စကားနည်းနည်းပဲ ပြောတယ်။ ခပ်ပြုံးပြုံးပဲနေတယ်။

စကားနည်းတာက စကားအမှား မပါနိုင်ရေးပါ။ ခပ်ပြုံးပြုံးနေတာကလည်း ကောင်းတယ်ထင်လို့ပါ။ အချို့က ကျနော့်ကို စကားနည်းပြီး အမြဲပြုံးနေသူလို့ ထင်ကြပါတယ်။

ကျနော်တို့လို အခြားဖက်ဆစ်ဆန့်ကျင်ရေး အစုများလည်း ရှိနိုင်တယ်လို့ ထင်ပါတယ်။

ကိုစိုးမောင်(ဗိုလ်ချစ်ကောင်း) ဟာ သူ့ဆက်စပ်မှုနဲ့သူရှိပြီး သူ့တာဝန်နဲ့သူ လုပ်သွားတယ်လို့ ထင်ခဲ့ပါတယ်။

ကျနော်က ပါတီဝင်လိုကြောင်း တင်ပြပြီး အချိန်–ရက်–လ အတော်ကြာမှ ကိုဘိုကြည်က အထက်ရဲ့ဆုံးဖြတ်ချက်အဖြစ် လက်ခံကြောင်းပြောရင်း စည်းကမ်းများ တာဝန်များကို ပါရှင်းပြတယ်။

၁၉၄၃ခုနှစ် ဩဂုတ်လထဲမှာ ပါတီဝင်ဖြစ်ခဲ့ပါတယ်။

ကျနော်ထင်တာက ကိုစံတင့်(လက်ပံတန်း)၊ ကိုမြသန်း၊ ကိုအေး(လက်ပံတန်း)၊ ဗိုလ်သန်းရွှေတို့လည်း ကွန်မြူနစ်ပါတီဝင်များ ဖြစ်နေကြသူလို့ နားလည်မိပါတယ်။ ကျနော်တို့အားလုံး အခွင့်ကောင်းပေါ်တိုင်း ဆွေးနွေးဖြစ်ကြပါတယ်။

(၅)

## *ကျောင်းဆင်းခါနီး ဖြစ်ရပ်*

ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းဟာ ပြီးခါနီးလာပါပြီ။ စစ်ရေးလေ့ကျင့်မှု ပိုမိုပြင်းထန်လာတယ်။ ဂျပန်ဆရာများဟာ သဘောမကျရင် မကျသလို "နောက်တခါ ပြန်လုပ်"လို့ အမိန့်ပေး လုပ်ခိုင်းတယ်။ ဗမာတွေ အသုံးမကျဘူးလို့ ဆဲတယ်။ ပါးရိုက်တယ်။

ညတိုက်ပွဲ စစ်ရေးလေ့ကျင့်မှုတွေလည်း လုပ်ကြရတယ်။ ပြင်းထန်ပင်ပန်းလွန်းတဲ့ လေ့ကျင့်ရေး ဖြစ်တဲ့ ခရီးရှည်ချီတက်တိုက် ခိုက်ရတာပါ။

ကျောင်းကနေစပြီး ပြည်လမ်းအတိုင်းတောင်ဘက်ကို ချီတက်စေတယ်။ လေယာဉ်ပျံကွင်းလွန်အောင် ချီတက်ကြရပြီး အင်းစိန်မြို့ဘက် ချီတက်ရတယ်။ စား သောက်ချိန်ခဏပေးပြီး ခဏနားစေတယ်။ နောက်...နည်းနည်းပြေးစေတယ်။ နောက်တဆင့် အပြေးချီတက်ခိုင်းတယ်။

ဒည်းကုန်းလွန်တော့ ကုန်းလေးတွေ သစ်ပင်နဲ့ချုံငယ်တွေ အကြားမှာ ဦးတည်ချီတက်တိုက်ခိုက်ကာ နောက်ဆုံး လှံစွပ်ထိုး သိမ်းပိုက်ရမယ့်တောင်ကုန်းကို ပြတယ်။ အဲဒီတောင်ကုန်းက ရေစည်ကုန်းပါ။ အသင့်အတင့် မြင့်ပါတယ်။ ရန်သူမမြင်အောင်နဲ့ ရန်သူ့အနား ကပ်နိုင်သမျှကပ်သွားနိုင်ရေးကို အမိန့်ပေးပြီး ချီတက်စေပါတယ်။

အဲဒီလို ချီတက်ရင်းနဲ့ အလင်းရောင်လည်း နည်းနည်းရှိတဲ့အချိန်မှာ ကွင်းငယ်တွေဖြတ်ရင် အမြန်တွားတက်စေပါတယ်။ တောင်ကုန်းနဲ့ အသင့်အတင့်နီးလာတော့ မိမိလက်နက်ကြီးနဲ့ ပစ်ကူပေးနေပြီး အပြေးချီတက်လို့ အမိန့် ပေးတော့ –အပြေးချီတက်ရ၊ တောင်ကုန်းခြေရင်း ရောက်ရောက်ချင်းပဲ 'ပစ်–ထိုး' ဆိုတဲ့အမိန့်ပေါ်လာ တယ်။ မိမိလက်နက်ကြီး ပစ်တာလည်း ရပ်ပြီလို့ ဆိုတယ်။

အားလုံးပင်ပန်းလွန်းနေပါပြီ။ ချွေးတွေ စိုရွှဲနေကြတယ်။

မြန်မြန်လှံစွပ်နဲ့ထိုးသတ်– ရန်သူကို သေအောင် ပြင်းပြင်းထန်ထန် ထိုးသတ်ကြ–လို့ အမိန့်ပေးတယ်။

ထိုးတာမညီဘူး။ မပြင်းထန်ဘူး။ ပျော့လွန်းတယ်လို့ ဆရာကအော်တယ်။ ဆဲတယ်။ လူမျိုးနာမည် သုံးကာ ဆဲတာပါ။

"တောင်အောက်ပြေးဆင်း နောက်တကြိမ်တက်ထိုး "တဲ့။ ပြန်လုပ်ကြရပါတယ်။

အချင်းချင်း အားပေးတယ်။ အလျှော့မပေးနဲ့။ အညံ့မခံနဲ့လို့ တီးတိုးပြောကြပြီး တောင်ကုန်းကို ပြန်ပြေးတက်ထိုးစေတယ်။

ဒီတခါ အားလုံးရဲ့ "ကျား"လို့အော်သံကလည်း ဟိန်းထွက်လာပြီး လှံစွပ်ထိုးတာလည်း ညီတယ်–ပုံမှန်–ပြင်းထန်ပါတယ်။

နောက်တနေရာ ဆက်တိုက်ဖို့ အမြန်တန်းစီဆိုလို့ တန်းစီတော့ ကျောင်းသားကိုထွန်းလှနဲ့ ကိုဘိုးကျင်တို့၂ဦးဟာ မပါဘဲဖြစ် နေတယ်။

ပထမလှံစွပ်ထိုးစဉ်ထဲက သူတို့၂ဦးမပါတာ အချို့ကသိပေမယ့် မပြောကြပါ။

အဲဒါနဲ့တောင်အောက် ပြန်ဆင်း ရှာကြတော့ ရေတွင်းပျက်နားမှာ တယောက်က အပေါ်မှ ဝါးလုံးနဲ့ထိုးပေး၊ ရေတွင်း ထဲကျနေသူက ဝါးလုံးဆွဲတက်နေလို့ အပေါ်ရောက်ခါနီး ဖြစ်နေတာ တွေ့ကြရတယ်။ နောက် အပေါ်ရောက်လာကြတယ်။

ဂျပန်က ၂ယောက်လုံးကို သတိပေးပြီး ရိုက်ရာမှာ အပေါ်က ဝါးလုံးရှာကာ ထိုးပေးဆယ်ယူ–ကယ်ဆယ်သူကို ပိုရိုက် တယ်။

ဂျပန်ကပဲ တိုက်ပွဲအရေးကြီးတယ်။ တယောက်လျော့နေရတဲ့အထဲ ၂ယောက်လျော့စေတယ်။ အပြစ်ရှိတယ်လို့ အော်တယ်။ ရိုက်တယ်။ ဆဲတယ်။

စစ်လေ့ကျင့်ရေး နောက်ဆုံးအစီကထားတာတွေ ပြီးသလောက် ဖြစ်သွားပါပြီ။ ဂျပန်ဆရာဆိုးတွေက စစ်လေ့ကျင့်ရေးတွေ လုပ်ကြတာ ကောင်းပါတယ်လို့ ပြောလာတာနဲ့ တဆက်တည်း ဂျပန်ပြည် လှပသာယာကြောင်းတွေ ဝါဒဖြန့်တယ်။

တရက်မှာ တန်းစီခိုင်းလို့ တန်းစီတယ်။ ဂျပန်ဆရာဆိုးတို့က မျက်နှာချိုသွေးကာ ဂျပန်ပြည် လှပသာယာမှု အမွှန်းတင် ပြောပြပြန်တယ်။ အဲဒီလိုပြောပြီးမှ ဂျပန်ပြည်ကို လိုက်လိုကြရင် ပြောကြပါ။ လက်ထောင်ကြပါ ဆိုကာ ချော့ပြောသေးတယ်။

ဘယ်သူမှ စကားမပြောပါ။ လက်လည်း မထောင်ပါ။

မင်းတို့ ဘာလို့စကားမပြောသလဲ။ လက်ထောင်တဲ့သူလည်း မတွေ့ရပါလားလို့ပြောတယ်။

မျက်နှာတွေနီနေပြီး ဒေါသပုံပန်းဟာ ဖုံးကွယ်ထားရာက ပြန်ပေါ်လာတာပါ။ ဘီလူးမျက်နှာဟာ မူလအတိုင်း ဖော်ပြတာပါ။ ဘာပြုလို့ ဂျပန်ကို မလိုက်ချင်ကြတာလဲလို့ အော်ပါတယ်။ အားလုံးလိုလိုကပဲ ကျန်းမာရေး မကောင်းလို့ပါဆိုတဲ့ အသံထွက် လာတယ်။ မလိုက်ချင်ကြပါ။

မျက်နှာချင်းဆိုင် ရိုက်စေတယ်။ ဆရာဆိုးတို့က လိုက်ကြည့် နဖူးစမ်းတာ တဦးစီလုပ်တယ်။ နည်းနည်း အသားပူတယ် ပြောကာ မျက်လုံးတွေ ကြည့်စစ်ဆေးကြတော့လည်း နည်းနည်းနီနေတဲ့ ကျောင်းသားအချို့ကို တွေ့ပြီးနောက် ဘာဖြစ်ကြသလဲလို့ အော် ပြန်တယ်။

အဲဒီအချိန်မှာပဲ ကျောင်းသားထဲက မှတ်မိတာကို ရေးရရင် ရွှေဘိုကိုစောမောင်က ငါမတတ်နိုင်တော့ဘူးလို့ပြောပြီး လိုက် မယ်လို့အော်ပြောတော့ ဂျပန်က သူ့ကိုချီးကျူးတယ်။

ရိုက်တာလည်း ရပ်ကာ အခန်းပြန်ခဲ့ကြတယ်။

ကျနော်တို့ အစုအဝေးကသူများသာမက ကျောင်းသားအချို့ဟာ ဂျပန်ကို မလိုက်လိုလို့ ကြက်သွန်နီ ချိုင်းမှာ ကြာကြာ ညှပ်ပြီး ကိုယ်ပူစေတာ၊ ရွှေးစေ့ကို သွေးပြီး မျက်လုံးထဲထည့်ကာ ကြိုတင်လုပ်ခဲ့ကြတာပါ။ ရွှေးစေ့အရည် မျက်လုံးထဲဝင်ရင် မျက်လုံးနီပါတယ်။

ဒီအကြံဉာဏ်ကို ရန်ကုန်မြို့တွင်းမှ မိဘအစ်ကို အစ်မလို ခင်မင်ရင်းနှီးသူများက လမ်းညွှန်ပြခဲ့တာပါ။ သူတို့ကိုရော ကိုစောမောင်(ရွှေဘို) ကိုပါ ကျေးဇူးတင်ကြတယ်။

သြော်– ကိုစောမောင် တယောက် ရှိပါသေးတယ်။ စကားကို မတတ်သာမှ ပြောသူပါ။ လုပ်စရာများကို ကြိုးစား လုပ်ပါတယ်။ ကျနော်နဲ့လည်း ခင်မင်သူပါ။

ကျောင်းပြီး လူစုခွဲ–တာဝန်ကျရာ တပ်တွေ သွားကြရတယ်။ သူဘယ်ရောက်သွားတယ်။ ဘာတာဝန် ယူရတယ်ဆိုတာ မသိပါ။

ဒီမှာပဲ ထူးခြားတဲ့ ဖြစ်ရပ်မို့လို့ နည်းနည်းရေးပါရစေ။

၄၈ခုနှစ် မတ်လက စပြီးခုခံရေးစစ်ပွဲ ဖြစ်လာတယ်။ ကရင်၊ ကရင်နီ၊ ကချင်၊ ကယန်းစတဲ့ လူနည်းစုတွေလည်း တော်လှန်ခုခံ

ရေးစစ် ဆင်လာတယ်။

နှစ်အတော်ကြာလာပြီး တာဝန်အရ လူနည်းစုဒေသတွေမှာ တာဝန်ယူရလို့ သွားရောက်တယ်။ အဲဒီမှာပဲ သူ့ကို ပြန်တွေ့ရပြီး သူက တွေ့တွေ့ချင်းပဲ ကျနော့်နာမည် ခေါ်ကာ ဝမ်းသာအားရ နှုတ်ဆက်တယ်။ ကျနော်ကလည်း ဝမ်းသာ အားရ နှုတ်ဆက်တော့ ဘေးက ခေါင်းဆောင်များက အံ့သြနေကြတယ်။

ဗိုလ်စောမောင်လို့ ကျနော်က ခေါ်တော့ သူက ကျနော့်နာမည် အရင်းက 'စောမော်ရယ်'ပါ။ ဂျပန်မသိအောင် စောမောင် လို့ ခေါ်စေတာပါတဲ့။

ဘေးကခေါင်းဆောင်တဦးက ဗိုလ်စောမော်ရယ်ဟာ ကရင်နီအမျိုးသား တိုးတက်ရေးပါတီရဲ့ နံပါတ်တစ်ခေါင်းဆောင်ပါ။ ပြီး– ကရင်နီပြည်ရဲ့ ဥက္ကဋ္ဌလို့ သူတို့ပါတီရဲ့လမ်းစဉ်အရ တာဝန်ယူတာပါလို့ပြောပါတယ်။ အံ့သြရပါတယ်။ သူ့ဌာနချုပ်ရောက်တော့ နေထိုင် စားသောက်ရေး အလွန်ဂရုစိုက်ပါတယ်။ အဲဒါသာ မကဘဲ အဲဒီအချိန်မှာ ပအို့ဝ်အမျိုးသားအဖွဲ့ရဲ့ ထိပ်ဆုံး ခေါင်းဆောင်ပိုင်း အတွင်း အစုတခုက ကျနော်တို့ပါတီမှ ခေါင်းဆောင်တဦးဖြစ်သူ ရဲဘော် အောင်ထွန်းနဲ့ ကေဒါတချို့ကို သတ်ကြသူများနဲ့ နောက်တစုက ဗိုလ်တာခဲလယ်၊ ဗိုလ်စောဖမူ၊ ဆရာစိန်ရွှေနဲ့ ဗိုလ်လင်းခေး တို့အစုပါ။ ဒီအစုက ပါတီကေဒါအချို့ကို သတ်တာ မကြိုက်ကြပါ။

ဒီလို အခြေအနေမှာ ဗိုလ်စောမော်ရယ်ဟာ ကျနော်တို့ကို ပအို့ဌာနချုပ် အထိလိုက်ပို့ကာ အပ်ခဲ့တယ်။

ဖဒိုစံလင်းနဲ့ သူ့တပ်ဖွဲ့လည်းပါလာခဲ့ပြီး ဗိုလ်စောမော်ရယ်ဟာ ပအို့ဝ်ဌာနချုပ်မှာ ရက်အချို့နေပြီးမှ–ပြန်သွား ပါတယ်။ ဒါကြောင့် ရန်ပြုလိုတဲ့ အစုဟာ ချက်ချင်းဘာမှ မလုပ်သေးဘဲထားပြီး နှစ်အချို့ကြာမှ သတ်ဖို့လုပ်တာပါ။

နှစ်အချို့ကြာ နေထိုင်လုပ်ကိုင်နိုင်ခဲ့တာနဲ့ သတ်ဖို့စီစဉ်တာကို သိအောင်စုံစမ်းပေးခဲ့သူ အမျိုးသမီးတပ်ဖွဲ့ နိုင်ငံရေးမှူး မခမ်းနဲ့ မခင်သန်းနုတို့ အရေးပါစွာ လုပ်ခဲ့တာရော… ဗိုလ်စောမော်ရယ်၊ ဗိုလ်တာခဲလယ် တို့နဲ့ သူ့တပ်ဖွဲ့အားလုံးကို အလေးအနက် ကျေးဇူးတင်ပါတယ်။

အဲဒီလုပ်ကြံမှု ဖြစ်စဉ်က အရင်ကလည်း ပါတီကေဒါအချို့ကို သတ်ခဲ့သူအစု၊ နောက်လုပ်ကြံသတ်ဖြတ်ရေး စီစဉ် လုပ်ကိုင်တဲ့ အစုဟာ အတူတူအစုပါ။ အဲဒီအစုနဲ့ တပူးတပေါင်းတည်းဖြစ်သူဟာ ဦးလှဖေပါ။

ဒါကြောင့် ကျနော်က ဦးလှဖေဟာ ကောင်းမွန်တဲ့အလုပ်တွေ အရင်ကလုပ်ခဲ့သော်လည်း အဲဒီအချိန်မှာတော့ ရန်သူ့ လူဖြစ်နေတယ်လို့ ပြောခဲ့တာဖြစ်တယ်။

ဗိုလ်စောမောင်နှစ်ဦးနဲ့ နောက်ဖြစ်ရပ်အနည်းငယ်ကို လိုအပ်မယ်ထင်လို့ ရေးလိုက်ရတဲ့အတွက် ခွင့်ပြုစေလိုပါတယ်။

ကျနော်တို့တက်ရောက် သင်ကြားရတာ ဒုတိယအပတ် ဗိုလ်သင်တန်းကျောင်းသား ဖြစ်ပါတယ်။

အချို့ရေးကြသလို စစ်တက္ကသိုလ်ဆိုတာ မဟုတ်ပါ။ ကျနော်တို့ကျောင်းဆင်းပွဲလုပ်ပြီးနောက် စစ်ဦးစီးဌာနချုပ်ရဲ့ တာဝန်ပေးချက်အရ တာဝန်ကျရာကို သွားရပါတယ်။

ဗိုလ်ဘိုကြည်က စံပြတပ်ရင်း စိန်ပြောင်းကြီးတပ်ဖွဲ့မှာ တာဝန်ယူရတယ်။ ကျနော်နဲ့ဗိုလ်မုန်း(မုံရွာ)က စက်ကြီးတပ်ဖွဲ့မှာ တာဝန်ယူရတယ်။ စိန်ပြောင်းကြီးတပ်ဖွဲ့ တပ်မှူးဟာ သုံးကျိပ်ဝင် ဗိုလ်မှူးဘုန်းမြင့်ပါ။ စက်ကြီးတပ်ဖွဲ့မှာ ဗိုလ်ကြီးဘသစ်က တပ်မှူး၊ ဗိုလ်စိုးမြင့်က ဒုတပ်မှူးပါ။ နောက်ပိုင်း ဗိုလ်ရန်လင်း ထပ်ရောက်လာပါတယ်။

(၆)

## *ဖက်ဆစ်တော်လှန်ရေးအတွက် ဆောင်ရွက်ကြပုံများ*
## *စံပြတပ်မှာ*

ဗိုလ်မှူးဘုန်းမြင့်၊ ဗိုလ်ဘိုကြည်၊ ဗိုလ်ကျော်ဇောလေး(ရခိုင်) နဲ့ ကျနော်တို့(၄)ဦးဟာ ကွန်မြူနစ်ပါတီကလာပ်စည်းဖွဲ့ပြီး အလုပ်လုပ် ပါတယ်။

ဗိုလ်မှူးဘုန်းမြင့်က လိုအပ်တဲ့ လမ်းညွှန်ချက်များပေးပြီး ဗိုလ်ဘိုကြည်က လုပ်သင့်တဲ့အလုပ်များကို တင်ပြတယ်။

ဆွေးနွေးကြတယ်။ အောက်ပါအချက်များကို ဆုံးဖြတ်ကြပါတယ်။

(၁) ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးလမ်းစဉ်အရ တပ်ကို ပညာပေးရေး။
(၂) တပ်ကလူထုကို ယုံကြည်အားကိုးရေးနဲ့ လူထုကိုစည်းရုံးရေး။
(၃) စစ်ပညာကို အလေးထားသင်ကြားပေးရေး။
(၄) တော်သူကို ခိုင်မာစေပြီး အများစုကို ဂရုစိုက်စည်းလုံးစေပြီး၊ မှိုင်–ဝိုင်နေသူကို ပစ်မထားဘဲ ချဉ်းကပ်ကူညီရန်။
(၅) စစ်စည်းကမ်းတိကျစွာ လိုက်နာရေး၊ သတိရှိရေးနဲ့ ကင်းတာဝန် ဂရုစိုက်လုပ်ကိုင်ရေး။
(၆) စစ်ဝတ်စုံမှအစ လက်နက်မျိုးစုံကို ဂရုတစိုက်ကိုင်ရေး၊ မပျက်ရေး၊ လက်နက်အတွင်းမှ ကိရိယာများ မပျောက်မပျက်ရေး တို့ကို ဆုံးဖြတ်ထားပြီး လုပ်ကြပါတယ်။ နံနက်စောစောထကာ ကျန်းမာရေး လေ့ကျင့်တာလုပ်ပြီး ဆန်ပြုတ် သောက်တယ်။ စစ်လေ့ကျင့်ရေး ပေးပါတယ်။ ကိုယ်စီတိုက်ပွဲ၊ အဖွဲ့လိုက်တိုက်ပွဲတွေ သင်ကြားလို့ သင့်တော်စွာ တတ်မြောက်စေပြီးမှ တပ်စုတိုက်ပွဲနဲ့ တပ်ခွဲလေ့ကျင့်မှုကို နောက်ပိုင်းကျမှသာ သင်ကြားပေးပါတယ်။

တပ်ကိုပညာပေးတာ စစ်လေ့ကျင့်ရေးအလေးထားလုပ်တာ၊ နေတဲ့ရွာ၊ လေ့ကျင့်ရင်းရောက်တဲ့ရွာ လူထုဆက်ဆံရေး ကောင်းမွန်အောင် လုပ်တာတွေဟာ တပ်ကိုစည်းလုံးမှု၊ ရှင်လန်းမှုရစေပါတယ်။

ကျနော်တာဝန်ယူနေတဲ့တပ်ကို တည်ဆောက်သလို အခြားတပ်တွေ၊ ဌာနတွေမှာလည်း တည်ဆောက်မှုတွေ လုပ်နေရတာကိုလည်း သိရပါတယ်။

ဒါကြောင့် တပ်တွေ၊ ဌာနတွေဟာ နေကြတဲ့ရွာတွေ–ရပ်ကွက်တွေမှ လူထုနဲ့ ရင်းနီးမှုရရှိလာပါတယ်။ ကျနော်တာဝန်ယူနေရတဲ့ စက်ကြီး တပ်ကို မှတ်မိတာအရ ဗိုလ်ဖြိုး(မုံရွာ)လည်း ရောက်ရှိနေပါပြီ။

ဗိုလ်ဘိုကြည်နဲ့ ကျနော်ဟာ ရန်ကုန်စစ်ဌာနချုပ်က ခေါ်လို့ ရန်ကုန်ကိုသွားရောက်ရပါတယ်။

(၇)

## *တာဝန်သစ်*

စစ်ဌာနချုပ်မှ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစီအစဉ်အရ ကျနော်က သခင်စံဝေနဲ့အတူ မော်လမြိုင်ခရိုင်နဲ့ သထုံခရိုင်တွေကို သွားရောက် စစ်သားသစ် စုဆောင်းဖို့ တာဝန်ပေးပါတယ်။

ဗိုလ်ဘိုကြည်လည်း တာဝန်တနေရာကို ပေးတာ သိရတယ်။

အမိန့်အရ စစ်ရုံးချုပ်မှာပဲ ကျနော်တို့နဲ့ အတူလိုက်ပါမယ့် တပ်ကြပ်ကြီးဆရာကြွေ ခေါင်းဆောင်တဲ့ တပ်စိတ်အတွက် လက်နက်–ခဲယမ်း– စစ်ဝတ်စုံတို့ကို ထုတ်ယူရတယ်။

ကျနော့်အတွက် စစ်ဝတ်စုံအသစ်–စစ်ခေါင်းရှည်တို့ကိုလည်း ထုတ်ယူရတယ်။ စစ်ဗိုလ်ဝတ်စုံပါ။

ပစ္စည်းစုံထုတ်ပေးရတဲ့ ဌာနတာဝန်ခံ အရာခံဗိုလ် ဗိုလ်အောင်ဝင်းက ဗိုလ်လောင်းတွေကို စစ်ဗိုလ်ဝတ်စုံ တစုံလုံးပေးရတာ သူ နားမလည်သေးကြောင်း ပြောတော့ ကျနော်ကလည်း နားမလည်သေးပါဘူးလို့ ပြန်ပြောခဲ့တယ်။

ကျနော်တို့အဖွဲ့ တာဝန်ယူရမယ့် ဒေသကို ခရီးထွက်ခဲ့ကြပါတယ်။

တဖွဲ့လုံးအတွက် ရထားတွဲသီးသန့်စီစဉ်ပေးပါတယ်။

စစချင်း သထုံခရိုင်အတွင်းမှာ ခရိုင်အရေးပိုင် သခင်လင်းနဲ့တွေ့ဖို့ ဆွေးနွေးစီစဉ်ကြတယ်။ အဲဒီအစီအစဉ်အတိုင်း လုပ်ကြတယ်။

သထုံခရိုင်အတွင်းက လုပ်ငန်းတွေကို ကျနော်တို့ဦးလုပ်ကြရတာ ရှိပေမယ့် တာဝန်အများစုကို သခင်လင်းကိုယ်တိုင် လုပ်ပါတယ်။ တဦးနဲ့ တဦးတစုံတရာ သိနားလည်မှုရှိလာတော့ ကျနော်သခင်လင်းနဲ့ သီးခြားသွားတွေ့ကာ စကားပြောကြည့်တယ်။ နောက်ညှို နှိုင်းကြည့်တယ်။

သူဟာ မင်းလှမြို့နယ် ဇာတိသားလို့မှတ်မိတယ်။ သူ့ရဲ့အသိဉာဏ်ဟာ ကျယ်ဝန်းမြင့်မားတယ်။ ဆွေးနွေးရတာလည်း ကောင်းပါတယ်။ သွယ်ဝိုက်ဆွေးနွေးရတာများပေမယ့် အနှစ်သဘောက သခင်လင်းဟာ ခိုင်မာတဲ့ ဖက်ဆစ်ဆန့်ကျင်ရေးသဘောထား ရှိကြောင်း ခန့်မှန်းရရှိပါတယ်။

ကျနော်က အသက်၂၀ ကျော်သာ ရှိသေးတဲ့အပြင် သခင်ပေါင်းများစွာနဲ့ အတူတူနေဖူး– တွဲဖူးတာ မရှိသေးတော့ စကား နည်းနည်းသာ ပြောပါတယ်။

သွယ်ဝိုက်ပြီး ကျနော်ပြောတာများတယ်။ တော်လှန်ရေးအစလောက်မှာလို့ ထင်ပါတယ်။ သခင်လင်းကို ဖက်ဆစ်ဂျပန်တို့က ဖမ်းပြီး သတ်ပစ်ကြောင်း သိရချိန် အလွန်စိတ်မကောင်း ဖြစ်မိပါတယ်။

သခင်စံဝေဟာလည်း ကျနော်နဲ့ ဆွေးနွေးရတာနည်းပြီး တပ်သားသစ်စုဆောင်းရေး တရားပွဲတွေမှာပဲ အတူတူ တရားဟော ကြပါတယ်။

မော်လမြိုင်ဟာ သခင်စံဝေရဲ့ဒေသပါ။ သူ့ဆွေမျိုးမိတ်ဆွေတွေအိမ်ကို ခေါ်လို့ လိုက်သွားရတာရှိပါတယ်။ သူက သီးသန့်နေပြီး ကျနော်က အတူပါလာတဲ့ တပ်စိတ်နဲ့ နေကာ အတူနေအတူစားပါတယ်။

စစ်သားစုဆောင်းရေးမှာ သခင်သင်းလှိုင်၊ သခင်ချန်ထွန်း(မော်လမြိုင်) တို့က အတူတူ လိုက်ပြီး ဆောင်ရွက်ပါတယ်။ စစ်သား စုဆောင်းရေးအဖွဲ့ဟာ ကျိုက္ခမီ၊ မုဒုံ၊ ချောင်းဆုံမြို့တွေမှာ တရားပွဲ လိုက်လုပ်တယ်။ တပ်ထဲဝင်ဖို့ တရားဟောတာ အဓိကပါ။

တပ်သားသစ် ရပါတယ်။ မော်လမြိုင်မှ မုတ္တမရှိ စက်အမြောက်တပ်ကို ကျနော်သွားခဲ့ပြီး ဗိုလ်တင်ညွန့်နဲ့ ဆွေးနွေးခဲ့သေး တယ်။

အဓိကဆွေးနွေးကြတာက ဒီနေ့အခြေအနေနဲ့ကိုက်ညီတဲ့ တပ်ကို ပညာပေးရေး၊ တပ်ကို စစ်ပညာလေ့ကျင့်ရေး၊ လူထု ဆက်ဆံရေး၊ စည်းရုံးရေးတွေပါ။

သူဟာ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သူ တဦးအဖြစ် တွေ့ရပါတယ်။

ကျနော်တို့ တဖွဲ့လုံး ရန်ကုန်မြို့ကို ရထားနဲ့ပြန်ရန် ရထားပေါ် တက်ပြီးစမှာ ဂျပန်ဗိုလ်လောင်းတယောက်က အောက် ကနေ ခွင့်တောင်းတာက သူတို့၃ယောက် ကျနော်တို့ရဲ့ သီးသန့်တွဲထဲမှာ လိုက်ပါခွင့်ပြုရန်ပါ။ သဘောတူလိုက်ပါတယ်။

ရထားပေါ် ရောက်လာပြီး အနားလာထိုင်ကာ စကားပြောပါရစေလို့ တီးတိုးပြောတယ်။ သူပြောတာကတော့ ဂျပန်လူထုတွေ ဒုက္ခ ရောက်နေကြတာ၊ သူစစ်မတိုက်ချင်တော့တာ၊ သူ့လိုစစ်မတိုက်လိုသူတွေ ရှိကြတာ၊ အခု အရေးတကြီးလိုလို့ စစ်မြေပြင်ကို လွှတ်တာ၊ အမိန့်အရ သွားရတာ စတာတွေပါ။

ကျနော်ဘာမှ မပြောလိုက်ပါ။ သူ့အကြောင်းဘာမှ မသိဘဲ ပြန်ပြောတာ မလုပ်လိုပါ။

ရန်ကုန်ဘူတာရောက်ပြီး သူတို့ ထွက်သွားတယ်။ ကျနော်တို့က ဝင်ဆာလေ့ကျင့်ရေး စခန်းကို သွားပါတယ်။

(၈)

## *စစ်လေ့ကျင့်ရေး စခန်းများအတွင်း တာဝန်*

ဝင်ဆာလေ့ကျင့်ရေး စခန်းထဲမှာ ဆက်သွယ်ရေးတပ်လည်း ရှိနေတယ်။

ကျနော်တို့ အဲဒီမှာ ပြန်ဆုံမိကြသူတွေက ဗိုလ်သိန်းတန်၊ ဗိုလ်ဘိုကြည်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်ကျော်ဇံနဲ့ ကျနော် ပါ။ ၅ဦးဖြစ်ပါ တယ်။ ကလာပ်စည်းသဘောမျိုး သင့်တင့်တဲ့ ညမှာ လျှို့ဝှက်ဆွေးနွေးပါတယ်။ တပ်တွင်းမှာ နိုင်ငံရေးသင်တန်းတွေပေးဖို့ ဗိုလ်ချုပ်က ခွင့် ပြုလိုက်လို့ စစ်လေ့ကျင့်ရေးတပ်တွေကို သူတို့သိသင့်– နားလည်သင့်တာကစပြီး ပညာပေးကာ စစ်လေ့ကျင့်ရေးကို အလေးထားပါတယ်။

ကျနော်က တပ်ခွဲ(၃)။ ဗိုလ်အေး(လက်ပံတန်း)က ခွဲ(၄)ကို တာဝန်ယူပါတယ်။ တနယ်ထည်းသားလည်းဖြစ်တယ်။ နိုင်ငံရေးသဘောထားလည်း တူကြတော့ ခင်မင်ရင်းနှီးပါတယ်။ သူပါတီဝင် ဖြစ်နေပါပြီ။

သူနာမည်ကြီးတာ တခုကို ရေးလိုပါတယ်။ ခွဲ(၄)ဟာ စက်ကြီးတပ်ပါ။ တပ်သားတွေဟာ လူထွား၊ လူသန်မာများ ဖြစ်ကြ

တယ်။ ဗိုလ်အေးဟာလည်း လူထွားလူသန်တဦးပါ။ သူတပ်မှာ စက်ကြီးတင်တဲ့ မြင်း–လူစီးတဲ့မြင်းလည်း ရှိပါတယ်။

လူစီးမြင်းထဲမှာ 'မဲလေး' နံမည်ခေါ်တဲ့မြင်းဟာ အရောင်နက်ပြောင်ပြောင်ပါ။ ထွားတယ်။ လှလှပပပြေးတတ်တယ်။ မြန်မြန်ပြေးပြီး စိတ်မထင်ရင် ဇတ်ခနဲရပ်လိုက်လို့ အပေါ်ကစီးလာသူ ဂျွမ်းပစ်ကျရတယ်။ အဲဒါသာ မဟုတ်သေး။ သူ့အနားကပ်ရင် ကန်ချင်လည်း ကန်ပစ်သေးတယ်။

အဲဒီမြင်းက ကန်ရင် ဗိုလ်အေးကလည်း မြင်းဘေးကို ဘိနပ်ဝတ်ထားတဲ့ ခြေထောက်နဲ့ ပြန်ကန်တယ်။ မြင်းကို အမြန်ပြေးခိုင်း ပြီး ဇတ်ခနဲရပ်စေဖို့ လို့လည်း သူလေ့ကျင့်တယ်။ နောက်ဒီဗိုလ်အေးနဲ့ ဒီမဲလေးတို့ဟာ လိုက်ဖက်ညီနေပုံပါပဲ။

တပ်သားတွေအားလုံးက "တပ်မှာ(၄)၊ မြင်းမှာမဲလေး–လူမှာတော့ ဗိုလ်အေး"လို့ ခေါ်ဝေါ်ကြပါတော့တယ်။ ဗိုလ်အေးဟာ တိုင်း(၄) ဖက်ဆစ် ဂျပန် တော်လှန်ကြစဉ်က ကျဆုံးသွားခဲ့တယ်။

ကျနော်ရဲ့ လျှို့ဝှက်လုပ်ငန်းများကို ကူညီခဲ့သူဟာ ကိုကိုကြီး(စစ်ကိုင်း) ပါ။

## ကရင်တပ်ရင်း

ပါတီရဲ့ ကြိုးပမ်းမှု၊ ဗိုလ်ချုပ်ကလည်း သဘောကျ စီစဉ်စေလို့ ကရင်တပ်ရင်း ဝင်ဆာစခန်းထဲ ရောက်လာပြန်တယ်။ ကရင် တပ်ရင်း တပ်မှူးများဟာ ဗိုလ်စောထွန်းစိန်၊ ဗိုလ်မန်းအောင်မြင့်၊ ဗိုလ်စောစက်ကရီးတို့ကိုသာ မှတ်မိပါတယ်။ ဗိုလ်ကျော်ဇံနဲ့ ကျနော်ဟာ တပ်ရင်း အကြံပေးအဖြစ် တာဝန်ယူရန် စစ်ဌာနချုပ်မှ တာဝန်ပေးပါတယ်။

ကရင်တပ်မှူးများဟာ ပညာတတ်များပါ။ ဆွေးနွေးညှိနှိုင်းရတာ ကောင်းပါတယ်။ ရင်းနှီးမှုလည်း ရပါတယ်။ ကရင်တပ်သားများဟာ ဂျပန်နှိပ်စက်ခံရတဲ့ ကရင်လူထုရဲ့သားများဖြစ်လို့ ရက်စက်ယုတ်မာစွာ ခံရတဲ့ဘဝ ရှိသူများပါ။ သင်တန်းကို ကြိုးစားခံယူကြတယ်။ စစ်သင်တန်း ကောင်းစွာ အောင်မြင်တယ်။ တပ်မှူးများရဲ့ နိုင်ငံရေးပညာပေးတာကို ဂရုတစိုက် နာယူကြတယ်။ တော်လှန်ရေးဖြစ်တော့ မြစ်ဝကျွန်းပေါ်မှာ ဖက်ဆစ်ကိုတိုက်ကြတယ်။

## ဝင်ဆာမှ ကျိုက်ကလို့သို့

ကျနော်တို့ ဝင်ဆာလေ့ကျင့်ရေးစခန်းအတွင်း လေ့ကျင့်ရေးတာဝန်များ ပြီးနောက် ကျနော့်ကို ကျိုက်ကလို့စခန်းသို့ တာဝန်ယူရန် ပို့တယ်။

ဒီတခါ ကျိုက်ကလို့ဘုရားအနီး ပြန်ရောက်လာတာဟာ ကျနော် စစ်ကျောင်းတက်ရန် မဟုတ်ပါ။ ကျနော်က စစ်သင်တန်း ပေးရန်သာဖြစ်ပါတယ်။

လေ့ကျင့်ရေးတပ်ရင်းဖြစ်တယ်။ တပ်ရင်းမှူးဟာ ဗိုလ်မှူးလွန်းတင်(အခု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်) ပါ။ ကျနော်လေ့ကျင့်ရတဲ့တပ်ကို အဘက်ဘက်က ဂရုစိုက်ပြီး တည်ဆောက်တယ်။ စစ်ရေးအရသာ မဟုတ်ဘဲ နိုင်ငံရေးအရပါ အလေးထားပြီး တည်ဆောက်တယ်။

တခါတခါ ဂျပန်တွေ လာကြည့်–စစ်တယ်။ တပ်ကိုထိုင်ရင်း မတ်မတ်ရပ်ရင်း– ချီတက်ရင်း –ပြေးရင်း– စစ်သီချင်းဆိုနိုင်အောင် လေ့ကျင့်ပေးတယ်။ တညီတညွတ်တည်း တလုံးတစည်းတည်းဖြစ်ရေး လေ့ကျင့်တာပါ။ လူထုနဲ့ ဆက်ဆံရေးမပြတ်ရန် တပ်စခန်းအနီး ကပေါက်ကုံးရွာကိုလည်း သွားပါတယ်။

တပ်ရဲ့အနေအထား သင့်တော်စွာ စိတ်ချရတဲ့အခါ ပါတီရဲ့စာတမ်းများ ပွားရေး၊ မြို့တွင်းသွားပို့ရေးတို့အတွက် ရဲဘော်နုနုနဲ့ ရဲဘော် သန်းသန်းတို့ကို ခေါ်ယူခဲ့ပါတယ်။ ပါတီက တာဝန်ပေးတာပါ။

ဂျပန်တွေကိုတော့ တဦးက ကျနော်ရဲ့ဇနီး၊ နောက်တဦးက ညီမလို့ပြောထားပြီး ကျနော်နဲ့ကပ်နေတဲ့ အခန်းမှာ ထားပါတယ်။ ညဉ့်နက်မှပဲ ခြင်ထောင်ချကာ မီးထွန်းပြီး အထက်မှ သွားယူခဲ့ကြတဲ့ လေ့လာရေး၊ ဝါဒဖြန့်ချိရေး စာများကို ကူးကြပါတယ်။ ကူးပြီးစာ များကို အခြေအနေပေးရင် ပေးသလိုနဲ့ ဂျပန်များ လည်ပတ်ရန် သွားချိန်တို့မှာ မြို့တွင်းသွားပို့ကြပါတယ်။

အထူးတာဝန် အနေနဲ့ ကျနော်သီးသန့် တာဝန်ယူ စစ်လေ့ကျင့်ပေးဖို့ ပါတီမှ မှတ်မိသလောက် ရဲဘော်(၈)ယောက် ပို့လာတယ်။ အားလုံးကို အသိပေးထားလိုက်ရတာက လူသစ်တွေ ထပ်ပို့လာလို့ အသစ်လေ့ကျင့်ပေးရတဲ့ သဘောမျိုး

ဝါဒဖြန့်ထားရတယ်။ ကျနော်ကလည်း စစ်လေ့ကျင့်ရေးကို ကောင်းကောင်း ပြုလုပ်ပေးဖို့ပါ။ ကိုယ်တိုင် လေ့ကျင့်ပေးရန် တာဝန်ပါ။

ဒီတာဝန်ပဲ လုပ်ပါတယ်။ အခြားမေးတာ ပြုတာဘာမှ လုပ်ခွင့်မရှိပါ။

ကျနော်ကိုယ်တိုင် တာဝန်ယူလေ့ကျင့်ခဲ့တဲ့တပ်ကို တပ်ကြပ်များထဲက ပိုစိတ်ချရသူ၊ တပ်အပေါ်မှာလည်း သြဇာနည်းနည်းရှိသူ အချို့ကို လွှဲထားပါတယ်။

သီးသန့်တပ်စိတ်ကို တပ်စခန်းအနီးမှာဖြစ်ဖြစ် တပ်စခန်းနဲ့ မလှမ်းမကမ်းမှာပဲ ဖြစ်ဖြစ် လေ့ကျင့်ပေမယ့် စစ်လေ့ကျင့်ရေး အများစု အချိန်ကို ရေဘ်ဘာတောရဲ့ ကွင်းငယ်တွေမှာ သွားလုပ်ပါတယ်။

လေ့ကျင့်ရေးလုပ်ရင်း အကဲခတ်လို့ ရတာတွေက သူတို့မေးတဲ့ မေးခွန်းတွေ ပြန်ပြောတာတွေ၊ စစ်မိန့်ဂရုတစိုက်နာခံပြီး အနည်းငယ်က မလုပ်ချင်တာတွေ့ရပါတယ်။

ဘယ်လောက်အထိ ပညာတတ်ကြတယ်။ ဘယ်လိုတာဝန်ယူနေကြတဲ့ သူတွေဆိုတာ မသိပါ။ ဒါပေမယ့် ပညာတတ်တွေ၊ ကေဒါတွေ ဆိုတာတော့ သိနိုင်ပါတယ်။

ဒါကို အကဲခတ် စဉ်းစားပြီး စစ်တပ်ဆိုတာဘာလဲ။ အခု ကျနော်တို့တပ်ဟာ ဘာကိုဦးတည်ပြီး နိုင်ငံရေးပညာပေးယူနေသလဲ။ ရဲဘော်တို့လည်း စစ်ပညာ အခုလေ့ကျင့်နေတာရဲ့ ရည်ရွယ်ချက်ဟာလည်း ရန်သူကို ကောင်းစွာ တိုက်ခိုက်နိုင်ဖို့ ဆိုတာတွေ ဝေးတဲ့နေရာ ခေါ်သွားကာ ရှင်းပြပါတယ်။

ပြီးခါနီး လေ့ကျင့်ရေးကို လျော်ကားကန်ဘက်သွားပြီး လေ့ကျင့်တယ်။ ခပ်ပြင်းပြင်းလေ့ကျင့်တယ်။ လွတ်လပ်စွာ ပြောလို့ရတဲ့ နေရာပါ။

ခပ်ပြင်းပြင်းလေ့ကျင့်ပြီး တန်းစီတော့ ကိုခင်စိန်ဆိုသူဟာ လဲကျခါနီးမှာ ဝိုင်းကူကာ ထိုင်စေပါတယ်။ အခြားတဦးကို မှတ်မိသေးတယ်။ ကိုစိန်ညွှန့်လို့ပဲ ထင်ပါတယ်။

သင်တန်းပြီးနောက် သူတို့ဟာသူတို့ တိတ်တိတ်ပဲ ပြန်သွားကြတယ်။ ဘယ်သွားကြတယ်ဆိုတာ ကျနော်တို့ အလုပ်မဟုတ်ပါ။

အမျိုးသမီး(၂)ဦးရဲ့ လုပ်ငန်းများနဲ့ အထူးလေ့ကျင့်ပေးရတဲ့ အဖွဲ့အတွက် လုပ်ငန်းတွေကို ဗိုလ်မှူးလွန်းတင်က ခွင့်ပြုပါတယ်။ လိုအပ်မယ်ထင်တဲ့ အကြံဉာဏ်များကို ပေးပါတယ်။ မေးမြန်းစုံစမ်း စွက်ဖက်တာ မလုပ်ပါ။

စစ်ဝတ်စုံကိစ္စ၊ နေရာထိုင်ခင်းကိစ္စကစပြီး ကူညီလုပ်ကိုင်ပေးပြီး လျှို့ဝှက်ရေးကိုပါ ဂရုစိုက်သူကတော့ ဗိုလ်စိန်ဝင်း(ကြို့ပင်ကောက်) ပါ။

သူတို့ကို ဘယ်တော့မှ မမေ့ပါ။ ကျေးဇူးတင်ထိုက်သူများ ဖြစ်ပါတယ်။

တဆက်တည်း ရေးချင်တာကတော့ ကိုစိန်ညွှန့် အကြောင်းပါ။ သူ့ကို ပြန်တွေ့ပါတယ်။ ပုံတောင်–ပုံညာတောင်ခြေက (၃) ပါ တီ အစည်းအဝေးမှာပါ။ အံ့သြစရာပါပဲ။ တွေ့ကြတော့ သူကလည်း ပြုံးတယ်။ ကျနော်ကလည်း ပြုံးပြီး နှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ သူက ကိုစိန်ညွှန့် မဟုတ်တော့ပါ။ အလင်္ကာတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်မြင့်အောင် ဖြစ်နေပါတယ်။ ခင်မင်ကြပါတယ်။ သူ့ဌာနချုပ် ထားတဲ့ရွာကို ခေါ်တယ်။ သူ့အိမ်မှာ ဧည့်ခံတယ်။ သူဇနီး ဒေါ်တင်မေနဲ့ မိတ်ဆက်ပေးပါတယ်။

တပ်ရဲ့ လေ့ကျင့်ရေး ပြီးချိန်မှာ ဗိုလ်ရန်လင်းနဲ့ ကျနော်ဟာ တပ်ခွဲတခွဲလောက်ကို ရန်ကုန်မှ ရထားနဲ့ မှော်ဇာအထိ သွားကာ အဲဒီမှ အားလုံး ခြေလျင်–ပြုလို့ရွာ ဗိုလ်ရန်အောင်ဌာနချုပ်ကို ပို့ရတယ်။ အပြန်မှာ ကားငယ်တစီးနဲ့ ရန်ကုန်တပ်စခန်းအထိ ပို့ပါတယ်။

(၉)

## ဒေသအတွင်း ပြင်ဆင်မှုများ

### ပထမတခါ

ပထမတခါ သွားစဉ်က ကျနော်ရဲ့ အဖေထံ ဦးတည်သွားခဲ့တယ်။ အဖေဟာ မျိုးချစ်စိတ်သက်သက်ရှိသူ ဖြစ်ပြီး ကျနော့်ကိုလည်း နားလည်နိုင်သူလို့ ထင်တာကြောင့်ပါ။ အားလုံးဟာ ဂျပန်ဖက်ဆစ်ကို မုန်းတာ ပြောပြတယ်။ အကြံဉာဏ် အချို့လည်း ပေးပါတယ်။

ကျနော်စပြီး ဆွေးနွေးသူကတော့ သခင်စိန်မောင်ပါ။ သူဟာ အဲဒီအချိန်ကခေါ်ကြတဲ့ အင်စပက်တော်ပါ။ သူရော သူ့ဇနီးဟာ ကျနော်ရဲ့ ဆရာနဲ့ဆရာမ အရင်း ဖြစ်ကြတယ်။ တအိမ်လုံးနဲ့လည်း ကျနော်ခင်မင်ပါတယ်။

သခင်စိန်မောင်နဲ့ ဒီနေ့အခြေအနေ၊ ဖက်ဆစ်ဦးတည်ဆန့်ကျင်ရေးနဲ့ လုပ်သင့်လုပ်ထိုက်တာများကို ဆွေးနွေးပါတယ်။ သူတာဝန်ယူ လုပ်ကိုင်မယ်လို့လည်း ပြောပြပါတယ်။

နောက်တယောက်က စဉ့်ကူးရွာမှာ သွားရောက်နေသူ ရိုးရိုးမျိုးချစ်စိတ်သာရှိသူ ကိုညွန့်တင်ဆီ သွားတယ်။ သူ့အိမ်မှာပဲ(၂) ရက်ခန့်နေ–ဆွေးနွေးကြတယ်။

သူလည်း ပါတီရဲ့ လမ်းစဉ်နဲ့လုပ်ငန်းကို သဘောကျတယ်။ သူနဲ့ကျနော်ဟာ ရွာသစ်ရွာကို သွားပြီး အချို့ ဒေသမှာလည်း သြဇာရှိသူ၊ တစုံတရာလည်း စိတ်ချရသူတို့နဲ့သွားပြီး ဆွေးနွေးခဲ့ကြပါတယ်။ အချို့ဟာ ကျနော့်မိဘရဲ့ အမျိုးတွေ၊ အချို့က အစဉ်အလာ ခင်မင်ကြသူများပါ။

သခင်စိန်မောင်၊ ကိုညွန့်တင်တို့နဲ့ တွေ့ဆွေးနွေးသူများဟာ ကွန်မြူနစ်ပါတီဆိုတာလည်း မသိပါ။ ကျနော်ကလည်း ပါတီအကြောင်း မပြောပါ။ ကျနော့်ကို သူတို့ဒေသသား တပ်မတော်မှ စစ်ဗိုလ် တဦးအနေနှင့်သာ နာလည်းကြတာပါ။

ဒါပေမဲ့ ကျနော်ဆွေးနွေးပြောဆိုတာတွေဟာ ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်ပေါ်လစီနဲ့ လုပ်ငန်းများသာ ဖြစ်ပါတယ်။

အချို့ကျောင်းနေဘက် သူငယ်ချင်းများနေကြတဲ့ နေအိမ်အချို့ကိုလည်း သွားရောက်နှုတ်ဆက်ပြီး စကားပြောခဲ့ပါတယ်။

ကျနော်မြို့တွင်း ခေတ္တသွားရောက်စဉ် ဂျပန်အချို့က အကဲခတ်ကြည့်တာကို သတိထားမိတယ်။

ကျနော်လည်း သူတို့ကို လမ်းမှာတွေ့ရင် အကဲခတ်ကြည့်ပါတယ်။

ကျနော်လုပ်စရာများ သင့်တင့်စွာပြီးချိန်မှာ ပြန်ထွက်ဖို့ စီစဉ်ပါတယ်။

ကျနော့်ဖခင်ကို ကျနော်မြို့တွင်းသွားစဉ် ဂျပန်အချို့က အကဲခတ်ကြပုံကို ပြောပြလိုက်တယ်။ အဖေက မြို့ထဲက တဆင့်မပြန်နဲ့ သူကကျနော့်ကို အနောက်ဘက်ရွာတွေကို ဖြတ်သွားပြီး သာယာဝတီအထိ လိုက်ပို့မယ်။ ဂျပန်စစ်ပုလိပ်တွေက ရက်စက်လွန်းတယ် လို့ပြောပါတယ်။

အိမ်ကလှည်းနဲ့ လိုက်ပို့တယ်။ လမ်းမှာဆွေမျိုးရှိတဲ့ ရွာကအိမ်ကို ဝင်ပြီး တညအိပ်တယ်။ နောက် သာယာဝတီရှိ အဖေ့တူမ အိမ်ကို ဝင်အိပ်တယ်။

အဖေကိုလည်း အိမ်မှာပဲ အေးအေးဆေးဆေး မနေဖို့၊ သတိထားဖို့ မှာပြီး ရန်ကုန်ကို ပြန်ခဲ့ပါတယ်။

## ဒုတိယအကြိမ်

အင်္ဂလိပ်ကိုတိုက်မယ့် တပ်မတော်က တပ်တွေကို အခြေချနေထိုင်ရေး၊ စားသောက်ရေးတွေ စီစဉ်ရေးတွေလုပ်ဖို့ တပ်မှူးများ ကို တာဝန်ပေးလွှတ်လိုက်ကြတယ် ဆိုတဲ့အကြောင်း ဂျပန်စစ်ဦးစီးကို ဗိုလ်ချုပ်တို့ရဲ့ စစ်ဌာနချုပ်က ပြောထားပါတယ်။

ကျနော် သာယာဝတီမြို့ကို ရောက်ပြီး အင်စပက်တော် သခင်ဖေအောင်ထံ သွားပါတယ်။ သူနဲ့ သူ့ဇနီး ဒေါ်တင်အေးတို့ ဖက်ဆစ်ဆန့်ကျင်ရေး တာဝန်များကို လုပ်နေကြသူများပါ။ သခင်ဖေအောင်ဟာ ရန်ကုန်မြို့မှာ သခင်သန်းထွန်းနဲ့အတူ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများကို ခေါင်းဆောင်တဦးအဖြစ် လုပ်နေသူ သခင်ခင်အောင်ရဲ့ညီပါ။ သခင်ဖေအောင် အနေနဲ့ အချို့ရွာတွေ စည်းရုံးထားတာ အချို့လူများကို သေချာစွာ ဆွေးနွေးထားတာများကို ပြောပြပါတယ်။

သာယာဝတီ အရှေ့ဘက်ကရွာများ၊ အနောက်ဘက်ကရွာများ၊ ကားလမ်းပေါ်က ရွာများရဲ့ စည်းရုံးရေး သင့်တော်မှုများကို သိရပါတယ်။ ဥပမာ–အရှေ့ဘက် ဇီးမ်ဇာ၊ စာဖြူစုရွာများ။ အနောက်ဘက်က ကန်ကလေး။ ကားလမ်းပေါ်က ဂုန်မင်းမြောင်ရွာများရှိ လူထုသဘောထားကောင်းပုံတို့ကိုလည်း နားလည်ရပါတယ်။

အထူးမှတ်မိနေတဲ့သူက ဦးခဲကြီးပါ။ သူက ဆရာစံ သူပုန်ထကြွစဉ်က ပါခဲ့ပြီး သူ့လက်ဖွဲ့တွေအကြောင်း အင်္ဂလိပ် အုပ်ချုပ်တဲ့ တပ်နဲ့ ဘယ်လိုဘယ်ပုံ တိုက်ရတဲ့အကြောင်း၊ အဲဒီတပ်တွေ ဘယ်လိုဆိုးတဲ့အကြောင်း၊ အခု ဂျပန်တပ်တွေလည်း အလွန်ဆိုးတဲ့ လုပ်ရပ်တွေအကြောင်းကို အားပါးတရ ပြောပြပါတယ်။ သူကပဲ ကျနော့်ကို တရားဟောပြောမှု လုပ်တာပါ၊ ကြည်ညိုလေးစားဖို့ ကောင်းသူ အဖိုးကြီးပါ။

သခင်ဖေအောင်ဟာ အဲဒီလို စိတ်ချရသူ ဒေသခေါင်းဆောင်အဖိုးကြီးမျိုးကိုတောင် စည်းရုံးထားနိုင်ပါတယ်။

သခင်ဖေအောင်ကဲ့သို့ ထက်မြက်သူဟာ သူ့ဇနီးပါ။ သူတို့၂ဦးကို လေးစားမိပါတယ်။

သခင်ခင်အောင်ကတော့ ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်တဦး၊ ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ၊ ပါတီရဲ့ ခေါင်းဆောင်အစု က မစေ့စပ်တော့ဘဲနဲ့ အလင်းဝင်ရေးလုပ်တာကို ဆန့်ကျင်ကန့်ကွက်သူ၊ စစ်အာဏာရှင် အဆက်ဆက် အုပ်စိုးမှုကို ဆန့်ကျင်သူ၊ ဂုဏ် ပြောင်သူ ဖြစ်ပါတယ်။ သူကတော့ ကွယ်လွန်သွားပါပြီ။

သူရေးခဲ့တာက စစ်ရပ်စဲရေးမှာ စေ့စပ်ဆွေးနွေး ရပ်စဲနည်းနဲ့ လက်နက်ချ အညံ့ခံရပ်စဲနည်း နှစ်နည်းသာရှိတယ်။ (ပေးစာ– နှာ ၁နဲ့…ထို့ပြင် နယ်ချဲ့အန္တရာယ်ကို တွက်ပြီး ခေရှင်အောက်သို့ ပစ္စည်းမဲ့ပါတီက အညံ့ခံ ဝင်ရောက်ရလျှင် ပါတီသည် တိုက်ခိုက်နိုင်သော ပါတီ မဖြစ်ဘဲ၊ ပါတီဖျက်သိမ်းရေးသို့ ရောက်ချေမည်။ (နှာ–၅)မှာ ရေးခဲ့တယ်။ သူ့ရပ်တည်ချက်ပါ။

အဲဒီအချိန်က သခင်ချစ်မောင်အနေနဲ့ ဂျပန်ကို ကြောက်ပြီး စည်းရုံးရေး မလုပ်ရဲဘူးပြောလို့ သခင်သန်းထွန်းဟာ ကိုထွန်းကို လွှတ်ပြီး တာဝန်ပေးပါတယ်။

ကိုထွန်းလည်းပဲ သခင်ခင်အောင်၊ သခင်ဖေအောင်တို့လိုအထိ မလုပ်နိုင်ပါ။ ဒေသသားလည်းဖြစ်၊ တော်လည်းတော်ကြသူတွေပါ။ သူတို့လို ကျနော်လည်း မလုပ်နိုင်ပါ။ သူ့တို့လို ခေါင်းဆောင်မျိုးတွေအပေါ် မှီခိုအားကိုးရမှာ၊ အားကိုးရတာ သဘာဝကျပါတယ်။

ကျနော်ဟာ သခင်ဖေအောင်တို့ကို မှီခိုတယ်။ အားကိုးပြီး မိမိတာဝန်ကို လုပ်ဆောင်ပါတယ်။ သာယာဝတီမြို့မြောက်ဘက် သခင် ဖေအောင်တို့ရဲ့ အဖေနေတဲ့ အိမ်ကြီးအကြောင်း ရေးသားဖို့ အလွန်လိုအပ်ပါတယ်။ ဒီအိမ်ကြီးဟာ နိုင်ငံရေးသမားတွေ၊ တော်လှန်ရေးသမားတွေ အခြေပြုရာ အိမ်ကြီးပါ။ ကျနော် ရောက်ခါစက သခင်ဖေအောင့် ဇနီးချက်ကျွေးတာ စားခဲ့ရပြီး၊ နောက် အိမ်ကြီးမှာ သွားနေ ထိုင်စားသောက်၊ အလုပ်တာဝန်ထွက် လုပ်ခဲ့ပါသေးတယ်။ ဒါကြောင့် သူတို့ဖခင်ကိုရော၊ သူတို့အားလုံးကို ကျေးဇူးတင်တယ်။ အမြဲလေးစား သတိရမိပါတယ်။

ဗိုလ်သန်းရွှေ ကျနော့်ထံ ရောက်လာပါတယ်။ ကျနော်တို့ကို မင်းလှစည်သူ တပ်ရင်းမှ တပ်မှူး ၂ဦးအဖြစ် သိကြပါတယ်။ ဒီမှာပဲ တခါတည်း ရေးလိုတာက မင်းလှစည်သူ တိုင်း(၁) ရဲ့ တပ်မှူးကြီးအဖြစ် ဗိုလ်ချုပ်က တာဝန်ယူတယ်။ သခင်ဗဟိန်းက နိုင်ငံရေးမှူးအ ဖြစ်တာဝန်ယူတယ်။ နာမည် ခံယူတာပါ။ မင်းလှစည်သူ တိုင်းရဲ့လက်တွေ့လုပ်ငန်းကို ဗိုလ်မှူးလွန်းတင်နဲ့ တွဲဘက်အဖြစ် ဗိုလ်သန်းရွှေက တာဝန်ယူပါတယ်။

ဗိုလ်ချစ်မြိုင်နဲ့တပ်က ဇီးကုန်းဘက်မှာပါ။ ဗိုလ်မောင်မောင်နဲ့တပ်က ပြည်ဘက်မှာပါ။ အဲဒီလက်တွေ့ ပြင်ဆင်တာများ လုပ်စဉ်နဲ့ တော်လှန်ရေးအတွင်းမှာ ဗိုလ်မောင်မောင်ဟာ တိုင်း(၁) မှူးမဟုတ်ပါ။

ကျနော်တို့ဟာ ရွာတွေကို သွားပြီး ခေါင်းဆောင်များနဲ့ ဆွေးနွေးလေ့လာတာ လုပ်ပါတယ်။ သခင်တင်(နု–တင်) လည်း တွေ့ တယ်။ သခင်ချစ်မောင်လည်း တွေ့တယ်။ စစ်တိုက်ရေးမလုပ်ဘဲ ရွာတွေမှာ လိုက်နေရေး ပြောပြပေမယ့် ဘယ်သွားတယ်ဆိုတာ မသိခဲ့ပါ။ စည်းရုံးရေးမှူး ကိုထွန်းကိုလည်း ခေါ်ပါတယ်။ မရပါ။ သူလည်း ဘယ်သွားနေတယ်ဆိုတာ မသိပါ။ အဲဒီလိုခေါ်ရတာဟာ နိုင်ငံရေးသမားတွေ၊ ပါတီတာဝန်ခံတွေဟာ တော်လှန်ရေးတပ်နဲ့ တသားတည်း လုပ်ကိုင်နေကြတယ်ဆိုတာ လူထုမှ မြင်စေ၊ သိစေချင်တဲ့ သဘောထားကြောင့်ပါ။ ကျနော်တို့ဟာလည်း ကွန်မြူနစ်တွေအနေနဲ့ တပ်မှာ တာဝန်ယူလုပ်ကိုင်နေတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ လူထုက ကျ နော်တို့ကို စစ်တပ်ဘက်ဆိုင်ရာ တပ်မှူးတွေအဖြစ်နဲ့သာ မြင်ကြပါတယ်။

မင်းလှစည်သူတပ်ရင်းရဲ့အောက်မှာ ဗိုလ်ထွန်းလှဦးစီးတဲ့ ဗိုလ်လောင်းတပ်ခွဲ၊ ကျနော်တို့တပ်ခွဲနဲ့ ရုံးအဖွဲ့ရှိပါတယ်။ ဗိုလ်ဗဟိန်း၊ ဗိုလ်ညွန့်မောင်၊ ဗိုလ်လှရွှေလေးတို့ ဦးစီးတဲ့ တပ်ခွဲဟာ သာယာဝတီကို ရောက်လာလို့ ရွာတွေမှာ နေရာချထားလိုက်ပြီး ရွာလူထုက နေထိုင် စားသောက်ရေး အားလုံးတာဝန်ယူပါတယ်။

ဧပြီလမှ မတ်လ ၂၇ရက်နေ့ကို တော်လှန်ရန် သတ်မှတ်ရက်ရောက်လာလို့ ဖားရွှေကျော် ရန်သူ့စခန်းကို တပ်အများစုနဲ့ တိုက်ရေး၊ မြို့တွင်းအချို့နေရာတွေကို ညအချိန် ချဉ်းကပ်တိုက်ခိုက်ရေး စီစဉ်ပြီး တိုက်ကြပါတယ်။

သခင်ဖေအောင်တို့လည်း မြို့တွင်းအချို့နေရာတွေကို တိုက်တယ်လို့သိရပြီး သခင်ခင်အောင်က တော်လှန်ရေးမစမီ ၃ရက်လောက်မှာ အရှေ့ပဲခူးရိုးမဘက်ကို တာဝန်နဲ့ သွားကြောင်းသိရပါတယ်။

ကျနော်တို့အဖွဲ့က ရထားလမ်းအနောက်ဘက် ကန်ကလေးရွာမှာနေပြီး နောက် ၁ရက်ကြာတော့ ကျနော်နဲ့ တပ်သား

တဦးက အရပ်ဝတ် ဝတ်ကာ ၊ နွားချည်ကြိုးကိုင်ပြီး အရှေ့ဘက်သွားတိုက်တဲ့တပ်ကို လိုက်ရှာပါတယ်။ ကားလမ်းအနောက် ဂုန်မင်းမြောင်ရွာ လမ်းမှာ ဂျပန်စစ်ပုလိပ်နဲ့ တွေ့တော့ သူက ဂျပန်လို သတိလို့ အော်တယ်။ ကျနော်တို့က နားမလည်ချင်ဟန်နဲ့ နေလိုက်တယ်။ နွား ချည်ကြိုးပြပြီး နွားရှာပုံလုပ်ပြတယ်။ သူက ဆဲဆိုကာ ထွက်သွားတယ်။ သူက တဆင့်တက် လုပ်လာရင်လည်း ကျနော်တို့ ၂ဦးက ပြန်တိုက်ခိုက်ဖို့ ပြင်ထားတာပါ။

ကားလမ်းအရှေ့ရွာရှိ ခေါင်းဆောင်များနဲ့ တွေ့ရပြီး တပ်တွေနားနေတဲ့ အိမ်များဆီ ခေါ်ပြလို့ တပ်မှူးများပါ တွေ့ရတယ်။ ကန်ကလေးရွာကို လာခဲ့ရန် မှာပြီး ပြန်ခဲ့ပါတယ်။ အားကိုးရတဲ့ ဗိုလ်လှရွှေလေး တိုက်ပွဲအတွင်း ကျဆုံးသွားကြောင်းနဲ့ ဂျပန်အနည်းငယ်လည်း သေနိုင်ကြောင်းပြောပြပါတယ်။ ဗိုလ်လှရွှေလေးဟာ တော်လှန်ရေးအတွက် ပြင်ဆင်ရေးမှာ စိတ်ချရသူ၊ သူရဲကောင်းပီသတဲ့ ပါတီဝင်တဦး ဖြစ်ပါတယ်။

ညမှာ တပ်ရောက်လာတယ်။ နေရာချပေးကာ နားစေပါတယ်။ ရွာတွေက လူထုတွေဟာ အလွန်ကောင်းပါတယ်။ စားသောက်ရေးတာဝန်ကိုလည်း လုံးဝတာဝန် ယူကြပါတယ်။ ဗိုလ်သန်းရွှေနဲ့ ကျနော်တို့က အစီအစဉ်တွေဆွေးနွေးပြီး တပ်မှူးတွေကိုပါ ပြောပြပါတယ်။

ကျနော်တို့ တပ်ခွဲ ဆက်လုပ်ရှား ဆောင်ရွက်ချက်ကို မရေးမီ ၊ ထူးခြားစွာ အောင်ပွဲတွေရခဲ့တဲ့ ဒေသ ၂ခုအကြောင်းကို ရေးလိုပါသေးတယ်။

## စရေးလိုတဲ့ ဒေသ

တောင်ငူခရိုင်ရဲ့ တိုက်ပွဲတွေပါ။ အဓိက ခေါင်းဆောင်ဟာ သခင်သန်းဖေပါ။ ပါတီရော၊ တပ်ကိုပါ ခေါင်းဆောင်ခဲ့သူဖြစ်ပြီး၊ ဒုတိယ ကွန်ဂရက်မှာ ဗဟိုကော်မတီနဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်အဖြစ် အရွေးခံရသူပါ။ သူ့အောက်မှာ ဦးမြင့်ဆွေ၊ ဦးမောင်မောင်စိန်(ရဲဘော် မောင်မောင်စိန်–ဗမာပြည်ကွန်မြူနစ်ပါတီ၏၇၅–ဗဟိုကော်မတီဝင်၊ ကွယ်လွန်) ၊ ဗိုလ်သက်ထွန်းကိုမြစသူတို့ တာဝန်ယူပါတယ်။ တပ်မတော်က ဗိုလ်အကြပ်တပ်သား ၃၀ လောက်ပဲ ပို့ပေးခဲ့တာပါ။ မြေပြန့်မှာရော တောင်ပေါ်မှာပါ တိုက်ခိုက်ကြခြင်း ဖြစ်ပါတယ်။ တောင်ပေါ်ဒေသမှာ ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ ကရင်တပ်ဖွဲ့ပြီး တိုက်ကြတာပါ။

တပြည်လုံး ဂျပန် ၄သောင်းကျော် သေတယ်။ သုံ့ပန်းဖမ်းမိရေး မလွယ်တဲ့ ဂျပန်တပ်ထဲက သုံ့ပန်း(၂၀၀–၃၀၀)ခန့်ကို ဖမ်းမိခဲ့ပါတယ်။ အဲဒီထဲက ဂျပန် (၇၀၀၀)ခန့်နဲ့ သုံ့ပန်းအများစုဟာ သခင်သန်းဖေနဲ့ ဗဟိုမှ သခင်ဗဟိန်းတို့ဦးစီးတဲ့ လူမျိုးပေါင်းစုံပါသော ပြောက်ကျားတပ်က ချေမှုန်းတာနဲ့ သုံ့ပန်းဖမ်းမိခဲ့တာလို့ သိရပါတယ်။ မဟာမိတ်တွေ–ဂျပန်တွေက ရေးကြတာပါ။

## နောက်ရေးလိုတဲ့ ဒေသ

ဂျပန်(၅၄)တပ်မကို ဝင်စီးနင်း ချေမှုန်းလိုက်လို့ ဒု–ဗိုလ်ချုပ်ကြီး ၁ဦးနဲ့ ဗိုလ်ချုပ် ၂ဦးအပြင် အရာရှိကြီးအချို့ကိုပါ သေဆုံးစေခဲ့ တာကို ကွန်မြူနစ်များ ခေါင်းဆောင်တဲ့ ပြောက်ကျားတပ်က ဆောင်ရွက်တာပါ။ ပျဉ်းမနားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျနော့်သဘောအရ ရေးရရင် ဒေသတွေနဲ့ တပ်တွေမှာ ကွန်မြူနစ်ပါတီ–ပါတီဝင်တွေ၊ ဆိုရှယ်လစ်ပါတီဝင်တွေ၊ အာရှ လူငယ်ဝင်တွေ၊ တဦးချင်း မျိုးချစ်ပုဂ္ဂိုလ်တွေ၊ သက်ဆိုင်ရာ လူမျိုးစုအလိုက်မှ လူမျိုးစု ပြောက်ကျားတွေ၊ တပြည်လုံးအုံကြွတော်လှန်ရာမှာ စစ်ကိုင်းခရိုင်မှ ကွန်မြူနစ်များ၊ ပျဉ်းမနားခရိုင်မှ ကွန်မြူနစ်များ၊ တောင်ငူခရိုင်မှ ကွန်မြူနစ်များ ခေါင်းဆောင်တဲ့ ပြောက်ကျားတပ်တွေဟာ ဖက်ဆစ်ဂျပန်ကို တိုက်ဖို့ ပြင်ဆင်မှု၊ လက်နက်ခဲယမ်း စုဆောင်းမှု၊ လက်တွေ့တော်လှန်တိုက်ခိုက်မှုတွေဟာ အတုယူရမယ့် စံပြနမူ နာများ ဖြစ်ပါတယ်။

သို့သော် ဒီစံပြနမူနာတွေသည်ပင် တနိုင်ငံလုံး လူမျိုးပေါင်းစုံပြည်သူတို့ရဲ့ အုံကြွတော်လှန်ရေးကြီးရဲ့ အစိတ်အပိုင်းတခု ဆိုတာသာ ဖြစ်ကြောင်းကိုတော့ လေးနက်စွာ ခံယူရမှာပါ။

## မင်းလှစည်သူ တပ်ရင်းလှုပ်ရှားမှု

ကျနော်တို့ ဆွေးနွေးပြီး ဗိုလ်သန်းရွှေက တောင်ဘက်က တပ်တွေထံ တာဝန်နဲ့ ထွက်သွားပါတယ်။ ကျနော်နဲ့ တပ်ခွဲဟာ ကန်ကလေးက လူထုကို နှုတ်ဆက်ပြီး မိုးမခ ဖြစ်ဘက်သို့ ချီတက်ကာ ဘီးလင်း၊ ကျားမနိုင်၊ အသရော်၊ အဘနော်စတဲ့ရွာတွေမှာ လှည့်ပြီးနေကာ လူထုနဲ့ ဆွေးနွေးတာ၊ ဖက်ဆစ်ဆန့်ကျင်ရေးကို မိတ်ဟောင်းများနှင့် ပြန်တွေ့ပြီး ညှိနှိုင်းကြတာတွေ လုပ်ပါတယ်။

ဗိုလ်သန်းရွှေ ပြန်ရောက်လာပြီး တာဝန်သစ်တခုနဲ့ မြောက်ဘက်ကို တပ်ပါ တက်ကြတယ်။ ဇီးဖြူကုန်းဘက်ရွာများ၊ ထိန်တောမိုးညိုမှ ရွာများ၊ ရေကင်းဘက်မှ ရွာများက သခင်များ၊ လူထုများနဲ့ ဆွေးနွေးပြီး ကြို့ပင်ကောက်မြို့တောင်ဘက်မှ ရထားလမ်း၊ ကားလမ်းကို ညအချိန်ဖြတ်ကျော် ချီတက်ပါတယ်။

ပဲခူးရိုးမတောင်ခြေရှိ ဝိုင်း၊ ချောင်းစောက်ရွာအနီး တောတွင်းမှာ တပ်စခန်းချကာ တာဝန်သစ်ကို စောင့်ကြပါတယ်။ အဲဒီမှာ စခန်းချထားကြစဉ် နိုင်ငံခြားဆက်သွယ်ရေးဌာနနဲ့ အထွေထွေအတွင်းရေးမှူး၊ လျှို့ဝှက်အမည် 'ကြောင်လက်သည်း' ဖတပလရဲ့ တာဝန်ပေးချက်နဲ့ ဗိုလ်မှူးဟုဒ် (ဟော်လန်)၊ ဗိုလ်မှူးဟယ်လင်တန်(ဘယ်လ်ဂျီယန်)၊ ဗိုလ်ကြီး မိုးနီးယား(ကနေဒါ) နဲ့ စက်ကိုင်တပ်ကြပ်ကြီးတဦး အပြင် ဗိုလ်စိန်သိန်း၊ ဗိုလ်အေးကျော်တို့လည်း ပါဝင်လာကြတယ်။

သူတို့အဖွဲ့ရောက်လာတဲ့ အချိန်ကစပြီး တပ်ရဲ့တာဝန်တွေဟာ ဒီလေထီးအဖွဲ့ လုံခြုံရေး၊ စစ်သတင်း စုဆောင်းပေးရေး၊ မိမိ တပ်ခွဲရော၊ အခြားတပ်၊ ဗိုလ်ချစ်မြိုင်တပ်အပါအဝင်တို့အတွက် လက်နက်ခဲယမ်း၊ အထွေထွေပစ္စည်းများ ချပေးတာအတွက် လုံခြုံရေး တာဝန်ကို ယူရပါတော့တယ်။ တပ်နဲ့လေထီးအဖွဲ့ဟာ ဝိုင်း၊ ချောင်းစောက်မှာရော တောင်ဘက်ဆက် ခရီးထွက်တော့ ဆည်ရွာ၊ ကွဲ့မကိုင်းရွာတွေမှာပါ လူထုနဲ့ဆွေးနွေးတာ ပြုလုပ်ပါတယ်။ ဗမာရော၊ တောင်ပေါ်ကရင်ရွာ လူထုပါ တက်ကြပါတယ်။

ဂျပန်တပ်တွေဟာ အနောက်ဘက်မှ ပဲခူးရိုးမပေါ်သို့ အပြေးအလွှား ကစဥ့်ကလျား ဆုတ်နေကြပါပြီ။ ကျနော်တို့ တပ်တွေဟာ တချို့က ဖြတ်တိုက်ခိုက်တယ်။ အခြေအနေပေးတဲ့ မြို့တွေကို ဝင်သိမ်းပိုက်ကြတယ်။ ကျနော့်တပ်ရော၊ လေထီးအဖွဲ့ပါ စစ်ကွင်းမြို့ကို ဝင်ရောက်ကြပါတယ်။

နောက်ရက်တွေကျမှသာ မဟာမိတ်တပ်တွေဟာ သံချပ်ကာ ကားများ၊ တင့်ကားများ၊ ကားကြီးကားငယ်တို့နဲ့ ရောက်လာပြီး တောင်ဘက်ဆက်သွားကြပါတယ်။

တောင်ဘက်မှာလည်း မှော်ဘီလေယာဉ်ကွင်းက ဂျပန်လေယာဉ် ၃စင်းကို တော်လှန်ရေးတပ်က ဝင်ရောက်ပြီး မီးရှို့ပစ်လိုက် တယ်။ ရန်ကုန်ထောင်ကို ဖောက်ပြီး ထောင်သားတွေကို လွှတ်ပစ်လိုက်တယ်။ ထောင်ခေါင်မိုးပေါ်မှာတော့ ဂျပန်တွေ မရှိဘူးလို့ စာရေး ကာ မဟာမိတ်လေယာဉ်ပေါ်က မြင်စေခဲ့ပါတယ်။ ရန်ကုန်မြို့ကို တော်လှန်ရေးအင်အားစုတွေက သိမ်းပြီးပြီဆိုတဲ့ အဓိပ္ပာယ်ပါ။ ရန်ကုန် သိမ်းပြီးကြောင်း၊ မြန်မာ့အလင်းသတင်းစာက ရေးထုတ်၊ အခမဲ့ ဖြန့်ဝေတယ်။ ရန်ကုန်လွှတ်လပ်ပြီ။ သိမ်းပြီးပြီ ဆိုတဲ့ပိုစတာတွေလည်း ကပ်ကြတယ်။ တော်လှန်တပ်မတော်လို့ ရေးပြီး ကြေညာချက်တွေလည်း ထုတ်ကာ တမြို့လုံးပျော်ပွဲ၊ အောင်ပွဲ ဆင်နွှဲကြပါတယ်။

## *(၁၀)*
## *အထက်ဗမာပြည်*

ဗိုလ်မှူးကြီးဇထူးဟာ အထက်ဗမာပြည် တပ်များအားလုံးကို ဦးစီးသူပါ။

ဗိုလ်မှူးအာဠာဝကရဲ့ အမြောက်တပ်ရင်းဟာ မန္တလေးမျက်ပါးရပ်မှာပါ။ ဗိုလ်သိန်းဦး အမြောက်တပ်က စစ်ကိုင်းမှာပါ။ အမရပူ ရမှာ တပ်တခု၊ တချို့က တပ်ရင်းလို့ရေးသားတဲ့တပ်ရှိပြီး မိတ္ထီလာမှာတော့ ဗိုလ်သောင်းကြည်ရဲ့ တပ်ရင်း(၅) ရှိခဲ့တယ်။ ဗိုလ်စိုးသိမ်းရဲ့ မြင်းတပ်ဟာ မန္တလေး ရွာသစ်ကလေးမှာပါ။

အထက်ဗမာပြည်အတွင်းမှာ ပါတီရဲ့ ဝါဒ၊ လမ်းစဉ်ပေါ်လစီတွေအရ ကြိုးစားလုပ်ကိုင်သူများ ရှိခဲ့ကြပါတယ်။ အထင်ရှားဆုံး ခေါင်းဆောင်က ရဲဘော်သိန်းတန် စစ်ကိုင်းပါ။ သူဟာ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးအချိန်ကလည်း မှန်ကန်၊ ကျွမ်းကျင်၊ နည်းနာကြွယ် ဝစွာ လုပ်ကိုင်ခေါင်းဆောင်ခဲ့သူ ဖြစ်ရုံသာမဟုတ်ဘဲ ဖက်ဆစ်ဂျပန်တိုက်ရေး အင်အားရော၊ တပ်ကိုပါ တည်ဆောက်ခဲ့သူပါ။

ကိုသိန်းဖေတို့အစု နိုင်ငံခြား ထွက်သွားရေးအတွက် စစ်ကိုင်းမှ မန္တလေးသွားလာ ဆွေးနွေးရင်း ဖမ်းမိသွားကာ ရက်စက်စွာ

ညှင်းပန်းခံရပြီး အသတ်ခံလိုက်ရပါတယ်။

ပါတီနဲ့ပြည်သူအတွက် အလွန်ဂုဏ်ပြောင်စွာ အသက်စွန့်သွားသူပါ။

နောက်တဦးက စစ်ကိုင်းရဲဘော်လှိုင်ပါ။ ဗိုလ်သိန်းဦးနဲ့ပေါင်းပြီး တော်လှန်ရေး တာဝန်တွေကို ကောင်းစွာလုပ်ဆောင်ခဲ့ပြီး ဒုတိယကွန်ဂရက်မှာ ဗဟိုကော်မတီဝင် ဖြစ်လာတယ်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအတွင်း ကျနော်သူနဲ့အတူ နေထိုင်ဆွေးနွေးဖူးပါတယ်။ ခေါင်းဆောင်ကောင်းတယောက်ဖြစ်ပါတယ်။ သူတို့နဲ့ အတူတူ တာဝန်ယူခဲ့ကြတဲ့ ကေဒါများလည်း ရှိကြောင်း သူပြောပြလို့ သိရ တယ်။

နောက်တဦးကတော့ ရဲဘော်ဖြေး–မန္တလေးပါ။ ဒုတိယကွန်ဂရက်မှာ ဗဟိုကော်မတီဝင် ဖြစ်လာသူပါ။ နှစ်အချို့ အတူတူ နေထိုင်ခဲ့ဖူးပါတယ်။ သူဟာ တစတစနဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဖြစ်လာတယ်။ ဗဟိုကော်မတီအတွင်းရေးမှူးတာဝန်ကိုလည်း ထမ်း ဆောင်ခဲ့သူပါ။ သူ့ထင်မြင်ယူဆချက်ကို ရှင်းရှင်းပြောသူ။ ပါတီလုပ်ငန်းလုပ်ရာမှာ လုပ်ရည်ကိုင်ရည် ရှိသူဖြစ်ပါတယ်။ မန္တလေး မှာလည်း ကေဒါကောင်းများ ရှိခဲ့တယ်လို့ သိရပါတယ်။ သူနဲ့ ဆက်ဆံပြောဆိုရတာ လွယ်ပါတယ်။ အာဏာကိုင်ထားသူ အစုက(ပါတီက မဟုတ်၊ ဗဟိုကော်မတီကမဟုတ်) မတရား သတ်ပစ်ကြတာပါ။

ကျောက်ဆည်က သခင်တင်ရွှေနဲ့ သူ့ဇနီးကို အတော်များများ သိကြပါတယ်။ သခင်ဘရွှေတို့နဲ့ ဗိုလ်ဘသောင်လဲ သိကြပြီး ဖြစ်ပါတယ်။

အထက်ဗမာပြည်က တပ်အကြောင်း ထပ်ရေးပါရစေ။

ဗိုလ်စိုးသိမ်းမြင်းတပ်က ရဲဘော်တင်ဟာ မင်းကွန်းဘက်မှ အပြန် သူ့ထံမှ အင်္ဂလိပ် ငွေဒင်္ဂါး(၁)ပြားတွေ့ပြီး ဖမ်းတယ်။ နောက် မြင်းတပ်တတပ်လုံး ဂျပန်က ဖမ်းတယ်။ အမရပူရရှိ တပ်ရင်းကိုလည်း ဂျပန်တပ်တခုက လာဖမ်းတော့ တပ်ရင်းက တပ်တွေ အနေနဲ့ ပြန်ဝိုင်း ကြမှသာ ပြန်ထွက်သွားတာ ဖြစ်ခဲ့ပါတယ်။

အဲဒီလို မြင်းတပ်တခုလုံး ဖမ်းပြီးထားကာ ဗိုလ်ချုပ်အောင်ဆန်း ဘာလုပ်နေသလဲ။ အင်္ဂလိပ်နဲ့ အဆက်အသွယ် ရှိတယ်မဟုတ်လား စတာတွေကို မေးတယ်။ စစ်တယ်။ အစစ်ခံရတဲ့ ရဲဘော်တွေက မသိဘူးဘဲ ပြောခဲ့ကြတယ်။ ထမင်းတနပ် မကျွေးတာ၊ ရေအငတ်ထားတာ၊ ထမင်းကျွေးပြန်တော့လည်း နည်းနည်းပဲကျွေးတာတွေကို တပ်ဟာ ခံရပါတယ်။ ရဲဘော်တွေဟာ တော်လှန်တော့မယ်ဆို တာ ကြားရပေမယ့် ဘာတစွန်းတစမှ ပြောမပြကြပါ။

ဗိုလ်မှူးကြီး ဗထူးဟာ ဗိုလ်ချုပ်နဲ့ ရန်ကုန်မှာ သွားဆွေးနွေးနေလို့သူ့ထံအစီရင်ခံလိုက်ကြရပါတယ်။

ဗိုလ်မှူးအာဋ္ဌာဝကရဲ့ အမြောက်တပ်က အမြောက်တွေဟာ ဂျပန်တပ်တွေကို ချိန်ထားရန် ဗိုလ်မှူးအာဋ္ဌာဝကမှ အမိန့် ပေးထားလို့ ချိန်ထားပါတယ်။

ဗိုလ်မှူးကြီး ဗထူးပြန်ရောက်လာပြီး ဂျပန်တပ်မှူးတို့နဲ့ အပြင်းအထန်ဆွေးနွေးကာ ဗိုလ်စိုးသိမ်းရော တပ်ပါ ပြန်လွတ်လာ တယ်။ ဗိုလ်စိုးသိမ်းနဲ့ တပ်ခွဲကို တပ်ရင်း(၅) သို့ ပြောင်းပို့လိုက်ပါတယ်။ ဒီမြင်းတပ်ဟာ ၁၉၄၄ခုနှစ် ကုန်ခါနီးကစပြီး ဘီပုံးကြဲလေယာဉ် အစင်း(၁၀၀)လောက်နဲ့ အလွန်ပြင်းထန်စွာ လာပုံးချလို့ တပ်ရောမြင်းတွေပါ ကျဆုံးခဲ့ရပါသေးတယ်။

မန္တလေး နန်းတော်ကြီးလည်း အတော် ပျက်စီးသွားရပါတယ်။

အင်္ဂလိပ်ထိုးစစ်တပ်တွေဟာ ရွှေဘိုနဲ့ မုံရွာအထိ ရောက်လာကြတယ်။ အဲဒီမှ ရဲဘော်များဟာ စစ်ကိုင်းတပ်ကို ရောက် သွားကြတယ်။ ဒါ ၄၅ခု ဖေဖော်ဝါရီလမှာပါ။

ဗိုလ်သိန်းဦးနဲ့ ဗိုလ်ကြင်မောင် တို့ ၂ဦးဟာ မဟာမိတ်များနဲ့ ဆွေးနွေးဖို့ တဇယ်ရွာကို သွားတာ အဖမ်းခံရပါတယ်။ ဖေဖော်ဝါရီ လကုန်ခါနီးမှာပါ။

စစ်ကိုင်းမှ ပြောက်ကျားတပ်ဟာ မတ်လ ၈ရက်မှာပဲ ဂျပန်တပ်များကို စတင်တိုက်ခိုက် အောင်ပွဲခံနိုင်ခဲ့ပေမယ့် မဟာမိတ်တပ်က အုန်းတောရွာရှိ ဂျပန်တပ်စိတ်ကို တင့်ကားနဲ့ လာဝင်တိုက်၊ အမြောက်နဲ့ပစ်၊ ဗုံးကြဲတာတွေပါ လုပ်လည်း မသိမ်းပိုက်နိုင်ဘဲ ဖြစ်နေတာ ပြောက်ကျားတပ်မှ ရဲဘော်အချို့နဲ့ ရွာကပြောက်ကျားများ ပေါင်းတိုက်လို့သာ ရွာကို သိမ်းပိုက် ရရှိပါတော့တယ်။

ဗိုလ်သိန်းဦးနဲ့ ဗိုလ်ကြင်မောင်တို့လည်း အဲဒီအခါကျမှ လွတ်လာကြတော့တယ်။

စစ်ကိုင်းမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် မဟာမိတ်တပ်နဲ့ တော်လှန်ရေးတပ်တွေပေါင်းပြီး မြို့အဝင် သပြေပင်ရွာချောင်းရိုး တိုက်ပွဲကို ပြင်းထန်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ကာ မြို့ကို သိမ်းပိုက်ရရှိပါတယ်။ ဒီတိုက်ပွဲမှာ ဗိုလ်သိန်းဦးနဲ့ ရဲဘော်(၈)ယောက် ကျဆုံးခဲ့ရပြီး မဟာမိတ်တပ်မှ အိန္ဒိယစစ်သား (၂၁)ယောက်လည်း ကျဆုံးခဲ့တာကို သိခဲ့ရပါတယ်။ ဒီစစ်ကိုင်းမြို့ကိုပါ သိမ်းနိုင်တဲ့ တိုက်ပွဲဟာ ဧပြီလအစမှာ ဖြစ်ပါတယ်။

၁၉၄၅ခု၊ မတ်လ(၈)ရက် တော်လှန်ရေးတိုက်ပွဲ စရန်မတိုင်ခင် ဗိုလ်မှူးကြီးဇထူးဟာ ဗိုလ်မှူးအာဌာဝကရဲ့ မျက်ပါးရပ် တပ်ရင်းစခန်း မှာ အစည်းအဝေးပြုလုပ်ကာ မိန့်ခွန်းပြောခဲ့ပါတယ်။

***မိန့်ခွန်းထဲမှာ–***

ရဲဘော်တို့ ဒီအချိန်ဟာ အလွန်အရေးကြီးလာတဲ့ အချိန်ဖြစ်တယ်။ ရန်သူတွေဟာ ဟိုအဝေးကြီးမှာ မဟုတ်ဖူး။ အနီးကလေးမှာရှိတယ်။ ရဲဘော်တို့ရောက်တဲ့ နေရာမှာ ရဲဘော်တယောက်ဟာ စစ်မြေပြင်တခု ဖြစ်လာစေ။ ရဲဘော်တို့အထဲက သတ္တိကောင်းသူ ရှိသလို အရပ်ထဲကလည်း သတ္တိကောင်းသူတွေ ရှိကြတာဘဲ။ အကယ်၍ တို့ရဲဘော်ထဲက သတ္တိမကောင်းဘဲ တပ်ကထွက်ချင်တယ်၊ ရန်သူကို မတိုက်ချင်ဘူး ဆိုရင် သတ္တိကောင်းတဲ့ အရပ်သားတွေကို ရဲဘော်ရဲ့ သေနတ်ကို ပေးလိုက်ပါ။ ရဲဘော်တို့ဟာ ဒီအချိန် ကိုယ့်နားရောက်နေတဲ့ ရန်သူကို သတ္တိရှိရှိတိုက်မယ်ဆိုတာ ယုံကြည်တယ်။ တိုက်မယ်မဟုတ်လား…။ စကားနဲ့ အဆုံးသတ်လိုက်ပါ တယ်။ (မိန့်ခွန်းရဲ့ မူရင်းစာအတိုင်း ကူးပါတယ်။)

ရဲဘော်တွေက ရန်သူဆိုတာ ဘယ်သူ့ကို ဦးတည်ပြောတယ်လို့ ကောင်းစွာနားလည်ကြပြီး **'တိုက်မယ်–တိုက်မယ်'**– လို့တသံ တည်းနဲ့ ကတိပေးကြပါတယ်။

ဒီမိန့်ခွန်းဟာ–ဖက်ဆစ်ဂျပန်ဟာ ဒီနေ့ ဦးတည်တိုက်ရမယ့် ရန်သူ။ ပြည်သူတွေကို လုံးဝ ယုံကြည်ရမယ်ဆိုတဲ့ ပါတီရဲ့ လမ်းစဉ် ပေါ်လစီတို့အရ ပါတီရဲ့ သားကောင်း၊ ပါတီကေဒါ ပီပီ ပြောကြားတဲ့ မိန့်ခွန်းပါပဲ။

အထက်ဗမာပြည်မှာ စတင်တော်လှန်တိုက်ခိုက်ကြလို့ တပ်စိတ်တစိတ်သာရှိတဲ့ရွာကို ရက်ပေါင်းများစွာ ကြာကြာတိုက် လည်း မသိမ်းနိုင်ခဲ့တဲ့ မဟာမိတ်တပ်ဟာ မန္တလေးကို မြန်မြန်သိမ်းနိုင်စေ ပါတော့တယ်။ ဗိုလ်မှူးကြီး ဇထူးဦးစီးတဲ့ တပ်မတော်ဟာ မန္တလေးဘက်မှာ တိုက်ခိုက်ကာ အောင်ပွဲရပြီး တဆက်တည်း ရှမ်းပြည်နယ်ဘက်ကို ဆက်တက်တယ်။ ဖက်ဆစ်တွေကို တိုက်ခိုက် အောင်ပွဲခံပြီး အောင်ပန်းမြို့အထိ ရောက်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာပဲ ငှက်ဖျားရောဂါဖြစ်ပြီး ကွယ်လွန်သွားပါတယ်။

ဗိုလ်မှူးကြီး ဇထူးဟာ ပါတီရဲ့ ဂုဏ်ရောင်ပြောင်တဲ့ ပါတီကေဒါတဦးဖြစ်ပါတယ်။

သူကွယ်လွန်သွားတော့ ဗိုလ်မှူးကြီးအာဌာဝက အနေနဲ့ တိုင်းမှူးတာဝန်ယူပြီး ဖက်ဆစ်ဂျပန်တို့ကို ဆက်တိုက်ပါတယ်။

* * * * * * * * * *

မေလ(၃)ရက်မှာ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦးဖြစ်သူ ရဲဘော်ကျော်ငြိမ်းက ဗားကရားလမ်းမှာ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်လို့ ရေးထားတဲ့ စာနဲ့အတူ ဆိုင်းဘုတ်တင်ကာ ပါတီဌာနချုပ်ရုံး ဖွင့်လိုက်ခဲ့ပါတယ်။

ရဲဘော်ကျော်ငြိမ်းဟာ ရန်ကုန်တာဝန်ခံ နိုင်ငံရေးမှူးပါ။ ရန်ကုန်တာဝန်ယူကြသူတွေထဲမှာ ဦးဗဆွေ–ဦးကျော်ငြိမ်းတို့လည်း ပါခဲ့တယ်။

အဲဒီလို အောင်ပွဲတွေ ခံနေချိန် ပဲခူး–တောင်ငူဘက်မှာလည်း တိုက်ပွဲတွေ၊ အောင်ပွဲတွေ ရယူနေချိန်ကျမှသာ၊ ပဲခူးရိုးမအ နောက်ဘက်နဲ့ အရှေ့ဘက်က မဟာမိတ်တပ်တွေဟာ တောင်ဘက်ကို ဆင်းလာပြီး မေလ (၅)ရက်နေ့ကျမှသာ ရန်ကုန်မြို့ကို ရောက်ပါတော့တယ်။

ရခိုင်ဘက်မှာလည်း အင်္ဂလိပ် ထွက်ပြေးချိန်မှာ ရခိုင်ခေါင်းဆောင်တွေ ဦးစီးတဲ့ အင်အားက မြို့တွေကိုထိန်းသိမ်း အုပ်ချုပ်ပေးခဲ့တယ်။ ဖက်ဆစ်ဂျပန်ကိုလည်း ၄၄ခုနှစ်မှာ စောစော တော်လှန်ပြီး အောင်ပွဲရယူခဲ့ကြတယ်။

* * * * * * * * * *

ဗမာပြည် တပြည်လုံးနဲ့ ခြုံပြီး ဂျပန်စစ်တပ်ရဲ့ ဖြစ်ရပ်ကို မီနာမီကန်းရဲ့ မှတ်တမ်းကို ရေးလိုပါတယ်။

မှတ်တမ်းထဲမှာ–ဗမာပြည်မှာ ဂျပန်စစ်တပ်အင်အား (၃၀၃၅၀၀)ကို တာဝန်ယူစေခဲ့တယ်။ ဖျားနာ သေကြေကြနဲ့ စစ်ရေးတိုက်ပွဲတွေကြောင့် သေဆုံးရသူပေါင်း (၁၈၅၁၄၉)ရှိတယ်လို့ ရေးထားပါတယ်။

သမိုင်းမှတ်တမ်းများက ၆၀%ကျော် သေတာဟာ တော်လှန်ရေးတပ်များမှ ချေမှုန်းတာပါလို့ ရေးပါတယ်။

ဗမာပြည် ဖက်ဆစ်တော်လှန်ရေးနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၊ ဒု–ဗိုလ်ချုပ်ကြီး ဝီလျံဆလင်းတို့က ချီးကျူးကြပြီး၊ တပ်မ(၄)မှူး၊ ဒု–ဗိုလ်ချုပ်ကြီး မက်ဇာဗီက ဗိုလ်မှူးကြီးဗထူးကို ချီးကျူးခဲ့ကြပါတယ်။

မောင့်ဘက်တန်ကဆိုရင်–သူတို့ဟာ လွတ်လပ်ရေးရလိုလို့ တိုက်ကြတာပါဆိုပြီး ပြောခဲ့ပါသေးတယ်။ ဗမာ့မျိုးချစ်တပ်နဲ့ ပြောက်ကျားတွေ စတော်လှန်စဉ် အောင်ပွဲများ စရခဲ့စဉ်က ကိုယ့်ရှိတဲ့လက်နက်နဲ့ကိုယ် တိုက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဂျပန်က ဩဂုတ်လ(၁၀)ရက်မှာ စစ်ပြေငြိမ်းရန် တောင်းဆိုပြီး ဩဂုတ်လ(၁၄)ရက်တွင် လက်နက်ချတယ်။ တရားဝင်လက်နက်ချတာဟာ ၁၉၄၅ခု၊ စက်တင်ဘာ (၂)ရက်မှာပါ။

မြို့တွေသိမ်းပြီး ကျနော်တို့ မင်းစည်သူ တပ်ရင်းဟာ သုံးဆယ်မြို့မှာ တပ်ချနေပါတယ်။ ကျနော်နဲ့ ဗိုလ်သန်းရွှေဟာ ဇီးကုန်း မြို့ဘက်မှာရှိတဲ့ ဗိုလ်ချစ်မြိုင်နဲ့ အချို့ကိစ္စများ သွားဆွေးနွေးခဲ့တယ်။ နောက် ကြို့ပင်ကောက်မြို့ ဦးဇော်ညွှန့်၊ ဒေါ်ထူးတို့အိမ်မှာ ရောက်နေကြတဲ့ ဗိုလ်ထိန်ဝင်းလေး(ကျဆုံး)ပါ ပါဝင်ကြတဲ့ တပ်မှူးများနဲ့လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ အဓိက ဆွေးနွေးကြတာဟာ ဗမာပြည် ရှေ့ရေးနဲ့ တပ်မတော်ရဲ့ ရှေ့ရေးတွေပါ။

နတ်တလင်းမြို့မှာ ဗိုလ်ချုပ်က တပ်တွေကို ငွေထုတ်ပေးရေးပြုလုပ်ရန် ထားခဲ့တဲ့ ဗိုလ်မှူးအောင်(ကွယ်လွန်) နဲ့တွေ့ပြီး တပ်ကို ပြန်လာကာ လုပ်သင့်တာလုပ်ပြီး၊ ရန်ကုန်မြို့ကို သွားကြပါတော့တယ်။ ။

(စာတည်းအဖွဲ့မှတ်ချက်။ ။ ရဲဘော်အောင် (ဗိုလ်မျိုးမြင့်)၏ တော်လှန်ရေး ဘဝအတွေ့အကြုံ မှတ်တမ်းရှည်ကြီးထဲမှ ဖက်ဆစ်တော်လှန်ရေးအပိုင်းကို ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။)

# တပ်မတော်နှစ်ခု ကွာခြားမှု

မြဝတီရဲခေါင်

(ပထမပိုင်း)

ဗမာတပ်မတော်ဆိုတာ ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ထူထောင်သွားခဲ့တဲ့ (B.I.A/B.D.A/ B.P.F) စတဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေး တပ်မတော်၊ ဗမာ့မျိုးချစ် တပ်ဖွဲ့များနဲ့ (သူမကွယ်လွန်မီ) သူကိုယ်တိုင်
ဖက်ဆစ်တော်လှန်ရေး ပြီးတဲ့နောက် အင်္ဂလိပ်များ ပြန်ဝင်လာချိန်မှာ ဗမာ့လွတ်လပ်ရေးအတွက် အင်္ဂလန်ကို သွားပြီး ချုပ်ဆိုတဲ့ (အောင်ဆန်း+အက်တလီ) စာချုပ်နဲ့ မရှေးမနှောင်း ဖြစ်ပေါ်လာတဲ့ 'လက်ျာ+ဖရီးမင်းစာချုပ်'၊ 'ကန္ဒီစာချုပ်'၊ 'ဆင်းမလားစာချုပ်'များအရ (ဒုတိ ယ ကမ္ဘာစစ်အတွင်း ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့အတူ အိန္ဒိယကို ထွက်ခွာသွားကြတဲ့) အင်္ဂလိပ်လက်အောက်ခံ ပြည်ပြေးတပ်တွေထဲက အင်္ဂလိပ်တပ်တွေနဲ့ စကော့တလန်တပ်၊ အိန္ဒိယ တပ်တွေကို ဖယ်ထုတ်လိုက်ပြီး မြန်မာနိုင်ငံက ပါသွားတဲ့ (Rifle man) ရိုင်ဖယ်သေနတ်ကိုင်(ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား) စတဲ့ လူမျိုးစုတပ်တွေကို ဖက်ဆစ်တော်လှန်ရေးမှာ ပါဝင်တိုက်ခိုက်ခဲ့တဲ့ ဗမာ့မျိုးချစ်တပ်မတော်က မြန်မာတပ်တွေနဲ့ ပေါင်းလိုက်ပြီး (Burma Army) 'ဗမာ့တပ်မတော်'ရယ်လို့ အသစ်ပြန်လည်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

အဲဒီအချိန်အထိ ဗိုလ် ချုပ်အောင်ဆန်းဟာ ဦးအောင်ဆန်းအဖြစ်နဲ့ (ဖဆပလ) အဖွဲ့ချုပ်ကို ဦးဆောင်ပြီး အရပ်သားဘဝနဲ့ (နောက်ဖွဲ့တဲ့ တပ်မတော်သစ်မှာ သူဟာ (အရှေ့တောင်အာရှ စစ်သေနာပတိချုပ်) မောင့်ဘက်တန်ရဲ့ သဘောတူညီချက်အရ 'ဗမာ့တပ်မတော်'ရဲ့ ဗိုလ်ချုပ်ကြီး ရာထူးကို ရနိုင်ပါလျက်နဲ့ မယူဘဲ၊ ကရင်အမျိုးသား ဗိုလ်ချုပ်စမစ်ဒွန်းကို လွှဲပေးခဲ့ပြီး အရပ်သားဘဝနဲ့ အဲဒီအချိန်က ပြုလုပ်တဲ့ 'တိုင်းပြည်ပြု လွှတ်တော်'ခေါ်ယူရေးနဲ့ 'ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ'(နောင်သောအခါ စာပေဗိမာန်) အဆောက်အအုံကြီးထဲမှာ 'ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီး'ကို စတင် ရေးဆွဲဖို့အတွက် ပြင်ဆင် နေချိန် ဖြစ်ပါတယ်။

အဲဒီအချိန်က ဗိုလ်နေဝင်းဟာ နာမည်မပျက်သေးတဲ့ ဗိုလ်မှူးကြီး အဆင့်မှာပဲ ရှိပါသေးတယ်။ အလားတူပဲ ဟိုအာဏာရူး(၃) ကောင် ဖြစ်ကြတဲ့ (ရွှေ–အေး–ညွန့်) တို့ဟာလည်း တပ်ထဲကို မရောက်ကြသေးပါဘူး။ ဒါကြောင့် အဲဒီ(၃)ကောင်ဟာ (နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးနဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေး) ၂ရပ်လုံးမှာ လုံးဝပါဝင်ခဲ့သူများ မဟုတ်ကြောင်းကိုလည်း သူတို့ရဲ့

အသက်အရွယ်နဲ့ (အဲဒီခေတ်သတင်းစာများနဲ့ မှတ်တမ်းတင် ဓာတ်ပုံများက သမိုင်းကို ပြောပြနေပါတယ်။) ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စတင်တည် ထောင်ခဲ့တဲ့ တပ်မတော်နဲ့ သူမရှိတဲ့နောက်ပိုင်း (ပြည်တွင်းစစ်ကို အကြောင်းပြုပြီး) ကွန်မြူနစ်ဝါဒကို လိုလားတဲ့ ဗမာတပ်အချို့နဲ့ ကရင် တပ်များ တောခိုသွားမှုကြောင့် ရာထူးက နုတ်ထွက်သွားရတဲ့ ကရင်အမျိုးသား ဗိုလ်ချုပ်ကြီး စမစ်ဒွန်းလည်း မရှိတော့တဲ့ အချိန်မှာ (အကြောင်း အမျိုးမျိုးကြောင့် ဝန်ကြီးချုပ် ဦးနုလိုပဲ) စိုင်ကော်လို့ ချုံပေါ်ရောက်လာတဲ့ ဗိုလ်နေဝင်း လက်ထက် ဗမာ့တပ်မတော်ရဲ့ ခြားနားချက်ကို ပြောရမယ်ဆိုရင်…ဟိုအရင်(B.I.A/B.D,A/B.P.F) အဲဒီခေတ်တွေတုန်းကဆိုရင် အသက်(၁၈)နှစ် ပြည့်သူမှန်သမျှ တပ်ထဲကိုဝင်ချင်ရင် ဘယ်သူမဆို ကျန်းမာရေးနဲ့ ပြည့်စုံပြီး (ကူးစက်တတ်တဲ့ရောဂါ မရှိဘဲ၊ လိပ်ခေါင်းရောဂါ၊ အူကျရောဂါ၊ မုတ္တရောဂါ၊ ပန်းနာရောဂါ၊ ငှက်ဖျားရောဂါ မရှိသူ၊ နားမျက်စိကောင်းသူ၊ အငတ်ခံနိုင်သူ၊ တိုင်းပြည်နဲ့လူမျိုးအတွက် လခမယူဘဲ အသေခံရဲသူ၊ အဆင်းရဲ အပင်ပန်း၊ အနစ်နာခံနိုင်သူ၊ သံယောဇဉ် ပြတ်နိုင်သူမှန်သမျှ လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ ယောကျ်ားပီသသူ မှန်သမျှ တပ်ထဲကို ဝင်နိုင်ပါတယ်။ ဘယ်သူကိုမှ အတင်း ချောဆွဲပြီး မခေါ်ပါဘူး။ အဲဒါအပြင် ဟိုအရင် အင်္ဂလိပ်ခေတ် စစ်သားစုဆောင်းနည်းမျိုးလို သက်ဆိုင်ရာ ရပ်ကွက်လူကြီး၊ ကျေးရွာသူကြီးနဲ့ ပုလိပ်အရာရှိ တဦးဦးရဲ့ ထောက်ခံစာ အဲဒါတွေ မလိုပါဘူး။

ဒါကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော် (B.I.A) ခေတ်မှာ တပ်ထဲပါလာ တဲ့ လူတွေကို ကြည့်လိုက်ရင် လူမျိုးပေါင်းစုံ၊ လူပေါင်းစုံ၊ သူတောင်းစားရော၊ ဘုန်းကြီးလူထွက်ရော၊ ထောင်ထွက်ရော ဗမာစကား ပြောတတ်သူမှန်သမျှ လက်လုပ်လက်စား၊ အလုပ်သမား၊ လယ်သမား၊ ရုံးအမှုထမ်း၊ စာရေးစာချီ၊ အနုပညာသည်၊ ကျောင်းသား…အို–စုံလို့ ပါပဲ။ ပြောမယုံ ကြုံဖူးမှ သိဆိုတာလို အဲဒီတပ်ထဲကို ဝင်ဖူးသူမှန်သမျှ အကုန်သိပါတယ်။ အဲဒီလူမျိုးပေါင်းစုံ လူပေါင်းစုံကို ဗိုလ်ချုပ်အောင် ဆန်းတို့ ‘ရဲဘော်သုံးကျိပ်’ ယိုးဒယားမှာ တပ်ဖွဲ့စဉ်က ယိုးဒယားက ပါလာတဲ့ (ယိုးဒယား–ဗမာကပြားတွေအပြင်) သစ်လုပ်ငန်း၊ သတ္တု လုပ်ငန်း၊ ရေလုပ်ငန်း၊ ကျောက်တွင်းလုပ်ငန်းတွေက မြန်မာလူမျိုးစုံ အလုပ်သမားတွေနဲ့ မြန်မာပြည်ထဲကို (B.I.A) တပ်ရောက်မှ ဝင်လာ ကြတဲ့ လူတွေနဲ့ ပေါင်းလိုက်တာပါပဲ။

ဒါပေမဲ့ ဘယ်သူပဲဖြစ်ဖြစ် တပ်ထဲကို ရောက်ရင်တော့ ဘဝဟောင်းတွေကို မေ့လိုက်ပြီး “ငါဟာ ဗမာ့ လွတ်လပ်ရေးတပ်မတော်သား”ဆိုတဲ့အသိနဲ့ အထက်ကပေးတဲ့အမိန့်ကို နာခံရမယ်။ စစ်စည်းကမ်းကို လိုက်နာရမယ်။ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်။ မရှုံ့ရဘူး။ မရှက်ရဘူး။ မကြောက်ရဘူး။ ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် ဘဝကို ရင်ဆိုင်ရဲရမယ်။ ဖြစ်သလို ကြုံသလို စားသွားရမယ်။ အိပ်ရေးပျက် ခံနိုင်ရမယ်။ အအိပ်မကြီးရဘူး။ ဇွဲရှိရမယ်။ အမြဲသတိရှိရမယ်။ သရဲ မကြောက်ရဘူး။ လက်နက်ကို အလွဲသုံးစား မလုပ်ရဘူး။ ပြည်သူကို မနှိပ်စက်ရဘူး။ အနိုင်မကျင့်ရဘူး။ ပြည်သူကို ကူညီရမယ်။ အဲဒီအချက်တွေနဲ့ ညီညွတ်အောင် ရဲဘော်တိုင်းကို ပုံသွင်းရတယ်။ ဒါကြောင့်(B.I.A) စစ်သားမှန်သမျှ ယူနီဖောင်း မရှိသေးဘူး။ ဖြစ်သလို ဝတ်ဆင်ရတယ်။ လခ ဘယ်သူမှ မရဘူး။ မုန့်ဖိုးကိုတော့ လမ်းတလျှောက် ရောက်လေသမျှ မြို့တိုင်းက အစိုးရရုံးတွေ၊ စာတိုက်တွေနဲ့ ဘဏ်တွေကို သိမ်းမိတဲ့အခါမှာတော့ (အင်္ဂလိပ်ခေတ် စစ်တပ်ပုံစံအတိုင်း) ပေးနိုင်ရင် ရမယ်။ ပုံမှန်တော့ မဟုတ်ဘူး။ နောက်ပြီး(B.I.A) ဆိုတာ သူပုန် တပ်ဖြစ်တဲ့အတွက် အစိုးရတပ်တွေလို(ပုံမှန်လစာ၊ နှစ်တိုး၊ ရှားပါးစရိတ်၊ ပင်စင်၊ ထိခိုက်ဒဏ်ရာ လျော်ကြေး၊ အသက်ဖိုး) အဲဒါတွေ တခုမှ မရှိဘူး။ အဲဒီအခြေအနေမျိုးမှာ သိလျက်နဲ့ ဒုက္ခအမျိုးမျိုးခံပြီး လုပ်နေကြရတာ။ ဒါကြောင့် လည်း လူကြီးတွေက ကျနော်တို့ကို လူမိုက်တွေ လို့ ပြောကြတာပေါ့။ ပြောပါစေ။ ကျနော်တို့ကလည်း သူတို့ကို အချောင်သမားတွေ၊ ကျွန်စိတ်မကုန်သူတွေ၊ လူညံ့တွေလို့ မြင်ပါတယ်။

လူဆိုတာ ဘဝအနေအထားချင်းမတူရင် အမြင်ချင်းလည်း မတူနိုင်ပါဘူး။ လူမပြောနဲ့ တိရစ္ဆာန်ဖြစ်တဲ့ ကုန်းသတ္တဝါတွေ၊ လေသတ္တဝါတွေ နဲ့ ရေသတ္တဝါတွေတောင် အမြင်ချင်း တူတာမှ မဟုတ်ဘဲ။ တခြားကို မကြည့်နဲ့ မြက်စားတဲ့နွားနဲ့ အသားစား တဲ့ကျားဟာ အတူနေလို့ ဖြစ်ရဲ့လား။ အဲဒီလိုပဲပေါ့။

နောက်ပြီး အဲဒီတပ်တွေဟာ ခေတ်ကာလ သဘောအတိုင်း ဘယ်နေရာမှာမှ တလကြာအောင် မနေရဘဲ စစ်ပွဲ အခြေအနေအရ အမြဲလှုပ်ရှားပြေးလွှား တိုက်ခိုက်နေရတာမို့ ‘အနိစ္စ’သဘောကိုတော့ ဘုန်းကြီးတွေ မဟောလည်း ရဲဘော်တိုင်း သိနေပါတယ်။ ဒါကြောင့် ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းခဲ့တဲ့ အဲဒီ(B.I.A/B.D.A/B.P.F) တပ်တွေမှာ အိမ်ထောင်သည် တန်းလျားမရှိဘူး။ ရိုးရိုးစစ်သားကစပြီး အရာခံဗိုလ်အဆင့်အထိ မိန်းမယူခွင့်မရှိဘူး။ မိန်းမယူရင် တပ်က

ထွက်ရတယ်။ ဘာကြောင့်လည်း ဆိုတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် အဲဒီလောက် အရေးကြီးနေတဲ့ အချိန်မျိုးမှာ မယား သံယောဇဉ်နဲ့ သားသမီးသံယောဇဉ်တွေ ငြိတွယ်နေရင် သက်စွန့်ဆံဖျား လုပ်ရမယ့် အလုပ်တိုင်းမှာ မပြတ်သားမှာ စိုးလို့ပါပဲ။ ဟုတ်ပါတယ်။ အဲဒီခေတ်က ရဲဘော်မှန်သမျှ ဗိုလ်၊ အကြပ်၊ တပ်သားအားလုံး ဘယ်နေ့ဘယ်နေရာမှာ ဘယ်လိုသေရမယ်ဆိုတာ ဘယ်သူမှ မသိဘူး။ ဒီတော့ ကိုယ့်ကြောင့် ကျန်ရစ်တဲ့ ဇနီး နဲ့သားသမီးများ ဒုက္ခမရောက်စေချင်ဘူး။ ဒါကလည်း တချက်ပါပဲ။

ဒါပေမဲ့ ရန်သူ့ပစ္စည်းမှန်သမျှ **(B.I.A)**ဟာ သိမ်းပိုင်ခွင့် ရှိပါတယ်။ နောက်ပြီး လူမရှိတဲ့အိမ်တွေ၊ ကျောင်းတွေ၊ ရုံးတွေမှာလည်း ခေတ္တခဏ စခန်းချ နေပိုင်ခွင့်ရှိပါတယ်။ ဂျပန်တပ်တွေလည်း အဲဒီအတိုင်း နေတာပါပဲ။ ဒါကြောင့်လည်း (B.I.A) တပ်ဗိုလ် တချို့ဟာ လူမရှိတဲ့ အဆောက်အအုံအချို့က ပစ္စည်းတွေကို (ရန်သူ့ပစ္စည်းလား။ ပြည်သူ့ပစ္စည်းလား) ဆိုတာကို မဝေခွဲတတ်ဘဲ ရှေ့လောကြီးစွာနဲ့ အရမ်းကာရော သိမ်းလိုက်တဲ့အတွက် ပြဿနာတက်လာတာတွေ ရှိပါတယ်။ သို့သော်(B.I.A) တပ်သား တပ်ဗိုလ် မှန်သမျှ အထက်အမိန့်မရဘဲ ဘယ်သူ့ကိုမှ မသတ်ရဘူး။ ဓားပြမှု၊ လုယက်မှု၊ ခိုးမှု၊ မုဒိမ်းမှုတွေကို မကျူးလွန်ရဘူး။ ဘိန်းမချရဘူး။ လာဘ်မစားရဘူး။ အဲဒီပြစ်မှုတွေကို ကျူးလွန်ရင် (ပြစ်မှုအမျိုးအစားအရ) အဲဒီခေတ် ဂျပန်တပ်တွေ လုပ်တဲ့အတိုင်း အပြစ်ဒဏ်ခတ်တာကို ခံရမယ်။ အဲဒီခေတ်မှာ တရားဥပဒေအရ လုပ်ကိုင်မှုဟာ မရှိသလောက်ဖြစ်ပြီး များသောအားဖြင့် အမိန့်နဲ့သာ လုပ်ကိုင်သွားတာ တွေ့ရပါ တယ်။ ဒါကြောင့် (B.I.A)ခေတ် တရားစီရင်ရေးမှာ ထောင်ချတာတို့၊ အယူခံတို့၊ အသနားခံတို့ဆိုတာနဲ့ ကြိုးပေးသတ်တာ မရှိဘူး။ အဲဒါ **(B.I.A)** ခေတ်ရဲ့ ပုံကြမ်းပါပဲ။

အဲဒီနောက် (B.I.A) ခေတ်က(B.D.A) ခေတ်ကို အကြောင်းအမျိုးမျိုးကြောင့် တခါထပ်ပြီး ပြောင်းလိုက်တဲ့အခါမှာတော့ ဘုရင်ခံ ဆာ–ဒေါ်မန်စမစ်နဲ့ အင်္ဂလိပ်တပ်တွေ မရှိတော့ရုံမက အင်္ဂလိပ်လက်အောက်ခံ 'မြန်မာ အစိုးရအဖွဲ့'ဆိုတာလည်း မရှိတော့ပါ ဘူး။ အဲဒီစစ်ဖြစ်စ မြန်မာအစိုးရအဖွဲ့မှာ အရေးပါသူတဦးဖြစ်တဲ့ ဂဠုန်စောဟာလည်း အင်္ဂလိပ်နဲ့ ဂျပန်(လှေနံ ၂ဘက်နင်းဖို့ကြံ တာကို) အင်္ဂလန် စုံထောက်အဖွဲ့'စကော့တလန် ယဒ်(**Scotland Yard**) က သိသွားတဲ့အတွက် အင်္ဂလန်က အပြန် 'ယူဂန်ဒါ'နိုင်ငံကို အရောက် (ဒုတိယကမ္ဘာ့စစ်ပြီးတဲ့အထိ) ထောင်ထဲမှာ ချုပ်ထားလိုက်တဲ့အတွက် ဂျပန်ခေတ်မြန်မာနိုင်ငံရဲ့ ဇာတ်ခုံပေါ်မှာတော့ သူဟာ 'ကံ'ဇာတ်ဆရာ ကြီးရဲ့ ဇာတ်ညွှန်းအရ ကခွင့်မရလိုက်ပါဘူး။

အဲဒီခေတ်(B.D.A) မှာတော့ ဗိုလ်ချုပ် အောင်ဆန်းကအစ ဟိုး–အောက်ခြေက ရဲဘော် လေးများအထိ အကုန်ခေါင်းတုံး ရိတ်ကြရပါတယ်။ အဲဒီအချိန်ကျမှ ဂျပန်တပ်တွေလို ယူနီဖောင်းတယောက်ကို ၃စုံစီ ရပါပြီ။ ဒါပေမဲ့ ဘောင်းဘီ၂ထည်နဲ့ အင်္ကျီ၂ထည်ကတော့ ပြည်တွင်းဖြစ် ချည်ကြမ်းတွေဖြစ်တာမို့ ယားလို့ကုပ်လိုက်ရင် အသားတွေတောင် ပွန်းသွားပါတယ်။ ကျန်တဲ့တစုံကိုတော့ စစ်ရေးပြအခမ်းအနားတွေမှာ ဝတ်ဖို့ပေးတာမို့ (ဂျပန်ပြည်က လာတဲ့ စစ်ယူနီဖောင်းဖြစ်တဲ့အတိုင်း) တော်တော် ကောင်းပါတယ်။ အဲဒီခေတ် ရာသီဥတု၊ အစားအသောက်နဲ့ မြေဩဇာတွေကလည်း ဘယ်လိုပြောင်းသွားသလဲတော့ မသိပါဘူး။ ပေါက်လိုက်တဲ့ ဝဲရောဂါနဲ့ ဖက်ခွက်နာ၊ ပေါလိုက် တဲ့သန်းဖြူကြီးတွေကလည်း လက်နဲ့တုပ်သတ်ရတာ လက်မတတ်နိုင်တော့လို့ ပုလင်းနဲ့ ကြိတ်သတ်ရတဲ့အထိ ပေါများ လွန်းလှပါတယ်။

အဲဒီအချိန်က စလျှင်စချင်း မြန်မာတနိုင်ငံလုံးမှာရှိတဲ့ **(B.I.A)** တပ်တွေကို မန္တလေးနဲ့ ရန်ကုန်မှာ စုလိုက်ပြီး (စိတ်ဓာတ်ကျသူ၊ မကြာခဏ အပြစ်ကျူးလွန်ပြီး နာမည်ပျက်လွန်းသူ၊ ကျန်းမာရေးမကောင်းသူ၊ နောက်ကြောင်းအိမ်ထောင် ရှိသူ၊ ဂျပန်သင်တန်းဆရာများရဲ့ စမ်းသပ်ချက်ကို မခံနိုင်သူ၊ အသက် ၁၈ နှစ်အောက်ငယ်လွန်းသူနဲ့ အသက်၃၀ အထက် ကြီးလွန်းသူ တွေကို ဖယ်ထုတ်လိုက်ပြီး လူပေါင်း ၅၀၀၀(ငါးထောင်) နီးပါးကိုသာ ပျဉ်းမနားမှာ ရှေးဦးစွာပြန်လည် ဖွဲ့စည်းမယ့် တပ်ရင်း ၃ခုအတွက်နဲ့ မင်္ဂလာဒုံမှာ ဖွင့်မယ့် ပထမပတ် ဗိုလ်သင်တန်းအတွက်ရော၊ ပြည်လမ်း'စိန့်ဖီလိုမီနာ' ကျောင်းမှာဖွင့်မယ့် စစ်ရုံးချုပ် အမှုထမ်း ပေါင်းစုံနဲ့ အလုံကရင်ခြံနားက 'မစ်ရှင်'ကျောင်းဝင်းထဲမှာ ဖွင့်မယ့် ဗဟိုစစ်ဆေးရုံ အမှုထမ်းများအတွက်ရော၊ ပျဉ်းမနား စစ်ဆေးရုံအတွက်ရော ရွေး ထုတ်လိုက်ပါတယ်။ ဒါကြောင့်ပျဉ်းမနားမှာ ရှေးဦးစွာဖွဲ့တဲ့ တပ်ရင်း(၃)ရင်းမှာ တပ်ရင်းတရင်းလျှင် တပ်ခွဲ(၅)ခွဲ၊ တပ်ခွဲတခွဲလျှင် တပ်စု(၃)စု၊ တပ်စုတစုလျှင် တပ်စိတ်(၃)စိတ်၊ တပ်စိတ်တစိတ်လျှင် လူ(၁၅)ယောက်နှုန်းနဲ့ အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီလို ဖွဲ့စည်းလိုက်တဲ့အခါ ရဲဘော်သုံးကျိပ်ဝင်တွေထဲက အကြောင်းအမျိုးမျိုးကြောင့် တပ်ရင်း ၃ ရင်းမှာရှိရမယ့် တပ်ခွဲမှူး(၁၅)ဦး မပြည့်တော့ဘဲ (၁၂) ဦးတည်းသာ ရှိတော့တာမို့ လိုအပ်နေတဲ့ တပ်မှူး(၃)ဦးကို ဗိုလ်မိုးကြိုးဦးဆောင်တဲ့

ဂျပန်စစ်အကြံပေး အရာရှိများနဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာတို့ တိုင်ပင်ညှိနှိုင်းကြပြီး (စစ်ရေးမှာ အထူးချွန်ဆုံး၊ နာမည်အကောင်းဆုံး၊ ရဲဘော်များရဲ့ ကြည်ညိုလေးစားမှုကို အခံရဆုံး၊ ကိုယ်ကျင့်တရား အကောင်းဆုံး၊ ပညာအရည်အချင်း အဆင့်မီသူ(၃)ဦးကို **B.I.A.** တပ်ထဲက ရွေးထုတ်လိုက်ပါတယ်။) အဲဒီ (၃)ဦးကတော့ တပ်ရင်း(၁)အတွက် ဗိုလ်သံတိုင်၊ တပ်ရင်း(၂)အတွက် ဗိုလ်ဗထူး၊ တပ်ရင်း(၃)အတွက် ဗိုလ် ဖေသက်၊ အဲဒီ (၃)ယောက်လုံးဟာ ထားဝယ်သားတွေချည်းပါပဲ။ သူတို့(၃)ဦးလုံးကို ရဲဘော်သုံးကျိပ်ဝင်များနဲ့တန်းတူ ဗိုလ်ကြီးရာထူးကို အပ်နှင်းလိုက်ပါတယ်။

အဲဒီတုန်းက ဗိုလ်နေဝင်းဟာ (ခင်မေသန်း နဲ့မညားသေးတဲ့အတွက်)နာမည် မပျက်သေးပါဘူး။ သူ စာတိုက် စာရေးဘဝက ညားခဲ့တဲ့ အစ်မကြီး ဒေါ်တင်တင်နဲ့ သစ္စာရှိစွာ ပေါင်းနေဆဲပါ။ ဇရက်မကျ သေးပါဘူး။ မဖောက် ပြန်သေးပါဘူး။ အဲဒီအချိန်က ဗိုလ်နေဝင်း ဟာ ဗိုလ်မှူးလေးဘဝနဲ့ ပျဉ်းမနား 'ဘိုကိတ်ခြံကြီး'ထဲမှာ တပ်ရင်း(၁)ကို ခေါင်းဆောင်ပြီး လက်ထောက်တပ်ရင်းမှူးက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်(နောင်သောအခါ ရဲဘော်ဖြူဘဝနဲ့ တောခိုသွားသူ)၊ ပျဉ်းမနားသစ်တောကျောင်း၊ တောင်ကုန်း အောက်ခြေ ဘောလုံးကွင်း ဘေး၊ တောင်စောင်းတွေမှာတော့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးလေး ဗိုလ်ရန်နိုင်၊ တပ်ရင်း (၂) တပ်ရင်းမှူး(နောင်သောအခါ ဒေါက်တာဘမော်ရဲ့သားမက်၊ တင်ဇာမော်ရဲ့ ချစ်လင်ဖြစ်လာမယ့် လူ)၊ လက် ထောက်တပ်ရင်းမှူးက ရဲဘော်သုံးကျိပ်ဝင်(ရဟန်းလူထွက်) ဗိုလ်မှူးအောင်၊ သူ့ကို အဘ အောင်လို့လည်း ခေါ်ကြပါတယ်။ သစ်တော ကျောင်း တောင်ကုန်း ထိပ်(လူ၃ဖက်ခန့် အင်ကြင်းကျောက်တုံးကြီး ရှိရာ) အဆောက်အအုံထဲမှာကတော့ ရဲဘော်သုံးကျိပ်ဝင် (ကျောင်းသား ခေါင်းဆောင်ဟောင်း) ဗိုလ်မှူးလေးဗိုလ်ဇေယျနဲ့ လက်ထောက်တပ်ရင်းမှူးကတော့ ရဲဘော် သုံးကျိပ် ဝင်(သံလျင်ဘီအိုစီ၊ အလုပ်သမား ခေါင်းဆောင်ဟောင်း၊ နောင်သောအခါ ကွန်မြူနစ်ဘဝနဲ့တောခိုပြီး ဗိုလ်ဇေယျ ကဲ့သို့ တောထဲမှာ သေရသူ) ဗိုလ်ရန်အောင် တို့ဖြစ်ပါတယ်။

ကျန်တဲ့ ရဲဘော်သုံးကျိပ်ဝင် (၁၂)ဦးကတော့ စောစောကပြောခဲ့တဲ့ ထားဝယ်သား (၃)ဦးနဲ့ တန်းတူ ဗိုလ်ကြီးတွေပါပဲ။ ဒါကြောင့် အဲဒီတပ်ရင်းမှူး(၃)ဦးရဲ့ အထက်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနဲ့ ဗိုလ်စကြာတို့ ရှိပြီး၊ ဗိုလ်ချုပ်အောင်ဆန်းကတော့ သူတို့အထဲမှာ အကြီးဆုံးပါပဲ။ အဲဒီတုန်းက (မဆလခေတ်မှာ လူသိများခဲ့တဲ့) ဗိုလ် အောင်ကြီးနဲ့ ဗိုလ်တင်ဖေတို့ဟာ ဗိုလ်နေဝင်းရဲ့ တပ်ရင်း(၁)မှာ **(lieutenant)** လက်ထောက် တပ်ခွဲမှူးတွေသာ ဖြစ်ပါသေးတယ်။ ဗိုလ်ကြီးအဆင့်ကို မရောက်ကြသေးပါဘူး။ အဲဒါအပြင် လူ့ဘဝရဲ့ ဖြစ်စဉ်ကံဇာတာ အပြောင်းအလဲများနဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ နောင်သောအခါ (N.L.D) ဥက္ကဋ္ဌဖြစ်လာမယ့် ဦးအောင်ရွှေ၊ နောင်တချိန်မှာ (မဆလခေတ်) သမ္မတကြီး ဖြစ်သွားမယ့် ဦးစန်းယုနဲ့ အဲဒီအချိန် တပ်ရင်း(၃)က (နောင်တချိန်မှာ မဆလခေတ် နိုင်ငံတော်ကောင်စီဝင်ဖြစ်လာမယ့် ) ဗိုလ်ဘနီတို့ဟာ သူတို့ (၃)ဦးလုံး၊ တပ်ရင်း အရာခံဗိုလ်တွေချည်းပဲ ဖြစ်ကြပါတယ်။

ဩော်...အခုတော့ ဘိုယ်နေဝင်းနဲ့ ဦးစန်းယုတို့ခမျာလည်း ကွယ်လွန်ရှာ။ ဦးအောင်ရွှေမှာတော့ ဘိုယ်နေဝင်းရဲ့ ပထမဆုံး တပ်ရင်း(၁) အရာခံဗိုလ်ဖြစ်ပါလျက်နဲ့ ဦးစန်းယုလို သမ္မတမဖြစ်။ ဘိုယ်နေဝင်း စစ်ဘုရင်ဖြစ်နေတဲ့ အချိန်မှာ (မှန်ပ့ါဘုရား၊ ဟုတ်ပ့ါဘုရား၊ အားလုံးကောင်းပါတယ်ဘုရား မလုပ်ခဲ့တဲ့အတွက်) အခုတော့ (N.L.D) ဥက္ကဋ္ဌဘဝမှာတောင် အချုပ်ကျပြီး လှုပ်မရအောင် ဖြစ်နေတယ် ဆိုတော့ တရားရှာရင် သနားစရာပါပဲ။ ဒါပေမဲ့ ကျုပ်တို့ ဘုရားဟောတဲ့ တရားသဘောကို မမြင်ကြဘဲ၊ မယား အပြောကို ဘဝင်ကျပြီး ရှင်ဘုရင် ဖြစ်ချင်နေကြတဲ့ ဟိုအာဏာရူး (၃)ကောင်ထဲက ဘိုယ်ခင်ညွှန့်ကတော့ အလုပ်အလှမ်း ကျဲ သွားတဲ့အတွက် အချုပ်ခန်းထဲ ရောက်နေရှာပါပြီ။ ဟို(၂)ယောက်ကတော့ ချိုမပေါက်သေးပေမယ့် ခွေ့ကြဦးမယ့် ဆဲဆဲပါပဲ။ ဒီပွဲက မပြီးသေးပါဘူး။ ဟိုအရင် သူတို့ရဲ့ ကြွေးကြော်သံကတော့ ***(ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်)*** ဆိုပေမယ့်လည်း–အင်း...အခုတော့ ***(ဘယ်သူမခွဲ၊ ဒို့ချင်းကွဲ၊ ဖင်ပြဲကုန်ကြ ပြီ)*** ဖြစ်သွားကြတာ မြင်တဲ့အတိုင်းပါပဲခင်ဗျား...။ ။

**ဝေါဟာရ အဓိပ္ပာယ်။**

**။ ဗိုလ် = ဗလ = ခွန်အားကြီးသူ၊ ဦးဆောင်သူ**
**ဘိုယ် = ဘယ = ပြည်သူကို ဘေးဒုက္ခ ရောက်စေသူ**

# တပ်မတော် ၂၃ ကွာခြားမှု
# (ဒုတိယပိုင်း)

အဲဒီလိုနဲ့(B.I.A) ခေတ်ကတဆင့် (B.D.A)ခေတ်ကို ရောက်လာတဲ့အခါမှာတော့ အခြေအနေ အရပ်ရပ်ဟာ အတော်လေး တိုးတက် ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာပြီး တည်ငြိမ်စ ပြုလာပါပြီ။ လူတွေလည်း တော်တော်သန့်သွားပြီမို့ စည်းကမ်းဖောက်မှုတွေ၊ အကျင့်ပျက်မှုတွေ၊ အလစ် သုတ်မှုတွေ၊ ဘိုယ်ကျမှုတွေ မရှိတော့ပါဘူး။ (B.I.A) ခေတ်တုန်းကလို ရုပ်ပျက် ဆင်းပျက် အဖြစ်မျိုးတွေ မကြားရတော့ ပါဘူး။ အစားအသောက်ဆိုရင်လည်း နံနက်(၄)နာရီခွဲ အိပ်ယာထ၊ တန်းစီ၊ လူစစ်ပြီးတာနဲ့ တပြိုင်နက် ကျန်းမာရေးအတွက် တပ်ခွဲလိုက် လေ့ကျင့်ခန်း လုပ်၊ ဆန်ပြုတ်သောက်ပြီး သန့်ရှင်းရေးလုပ်၊ စစ်သင်တန်းဆင်း၊ အဲဒီသင်တန်းမှာ နည်းပြဆရာတွေ လုပ်ကြရမယ့် အရာရှိ၊ အရာခံ၊ အကြပ်များနဲ့ အောက်ခြေ ရိုးရိုးရဲဘော်တွေဟာ (ဂျပန် သင်တန်းဆရာတွေဆီမှာ မနက်ပိုင်းနဲ့ညနေပိုင်း၂စုခွဲပြီး သင်တန်း တက်ကြရပါတယ်။ အရာရှိ၊ အရာခံ၊ အကြပ်တွေက နံနက်ပိုင်း၊ ရိုးရိုးရဲဘော်တွေက ညနေပိုင်း၊ သင်တန်းချိန်က နံနက် ၇နာရီစ၊ နေ့လည် ၁၁နာရီ နား။ နေ့ လည်စာ စား၊ နေ့လည် တနာရီမှာ သင်တန်းပြန်ဆင်း၊ ညနေ ၅နာရီမှာ သင်တန်းဖြုတ်ပြီး၊ ပျဉ်းမနား 'ငလိုက်ချောင်း'ထဲမှာ ကိုယ်တုံးလုံး ရေဆင်းကူးကြ။ ဘယ်သူ့မှ ရှက်စရာမလို။ ဘာကြောင့်လည်းဆိုတော့ အဲဒီအချိန်က ရန်သူ အင်္ဂလိပ်လေယာဉ်ပျံ'ကျွဲကြီး'Buffaloတွေက နေ့ရောညပါ မကြာခဏ ဗုံးကြဲ၊ စက်သေနတ်ပစ် လုပ်နေ တဲ့အတွက် ပျဉ်းမနားမြို့ပေါ်က အိမ်တွေမှာ လူမရှိပါဘူး။ အဲဒါတောင် မှ အဲဒီအချိန်က အဲဒီအိမ်တွေမှာ ပစ္စည်းပျောက်ဆုံးမှု လုံးဝမရှိခဲ့ဘူး။

အေး–ဒါပေမဲ့ အဲဒီလောက် အခြေအနေ ဆိုးဝါးနေတဲ့ ခေတ်အခါ ကြီးမှာ တောရောမြို့ပါ ပိုက်ဆံရှာရတာ အလွန်ခက်သော်လည်း အောက်ခြေရိုးရိုး ရဲဘော်ကလေးများကအစ အရာခံဗိုလ်အဆင့်အထိ မိန်းမ ယူခွင့် မရှိတဲ့အလျောက် ဘယ်တပ်မှာမှ အိမ်ထောင်သည် တန်းလျားမရှိ။ အရာရှိရိပ်သာ မထား။ အရက်'ရာရှင်'မပေးတဲ့ ခေတ်မျိုးမို့ အဲဒီခေတ်က (အိမ်ထောင်မရှိတဲ့) ဗိုလ်၊ အကြပ်တပ်သားများရဲ့ 'သွေးသားတောင်းဆိုမှု'ကာမပြဿနာကို အလိုက်သိစွာနဲ့ ဖြေရှင်းပေးမယ့် 'ပြည့်တန်ဆာ' အိမ် အချို့ကတော့ သတ္တိကောင်းစွာနဲ့ ရှိလေကြလေတော့ နေ့စဉ်နဲ့အမျှ အဲဒီနေရာတပိုက်မှာ ကျနော်တို့ တပ်ရင်း (၁/၂/၃) က ရဲဘော်တွေနဲ့ အဲဒီကောင်မလေးတွေဟာ လိုက်တမ်းပြေးတမ်းကစားပြီး'တာတို'ပြေးပွဲကလေးတွေ လုပ်ရင်း အချို့ကောင်မလေးတွေ မေ့မြောပြီး သတိလစ်နေတာမျိုးကိုတောင် တွေ့ခဲ့ရဖူးပါတယ်။ ဒါပေမဲ့ သေတော့မသေပါဘူး။

အမှန်အားဖြင့် အဲဒီအချိန်က ဂျပန်စစ်တပ်တွေမှာ သူတို့ဂျပန်ပြည်က အပြီးပါလာတဲ့ ဂျပန်ဖာအဖွဲ့တွေ ရှိပါတယ်။ 'ဆောင်ကြာမြိုင်'ဆိုပါတော့။ ဒါကြောင့် အဲဒီခေတ် က ဂျပန်စစ်သားတွေအနေနဲ့ သွေးသားပြဿနာကို ဖြေရှင်းရတာ လွယ်ပါတယ်။ အချို့ ဂျပန်စစ်ဗိုလ်တွေလည်း မြန်မာပြည်ကို ရောက်ခါမှ ဗမာမ အချို့နဲ့ ညားနေတာတွေလည်း ရှိပါတယ်။ (ဥပမာ–ဗြိတိသျှဘားမားရုပ်ရှင် မင်းသမီးခင်ခင်ရီရဲ့ လင်ဟာ ကျနော်တို့ တပ်ရင်း (၃)က ဂျပန်စစ်အကြံပေး အရာရှိ 'ကိဆာကို'ပါ။ ကျနော်တို့ ဗမာစစ်တပ် (B.D.A) ကတော့ အခုမှ အသစ်ပြန်လည် ဖွဲ့စည်းစဆိုတော့ အဲဒီဆောင်ကြာမြိုင်တွေကို မဖွင့်နိုင်သေးပါဘူး။ အဲဒီနောက် ၁၉၄၄ ခုနှစ်ဦးပိုင်းလောက်မှ ဖွင့်နိုင်ခဲ့ပါတယ်။ အဲဒီအကြောင်းတွေကိုလည်း ကျနော် မြဝတီမဂ္ဂဇင်းထဲမှာ ***'ကဲ–ရဲဘော်ရှေ့လမှ တွေ့ကြအုံးစို့'*** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတပုဒ်ရေးခဲ့တာကို သတင်းစာဆရာ (သံတော်ဆင့်) ဦးသိမ်းမောင်က သူ့ရဲ့ ***'ရန်ကုန်ရာဇဝင်'***ထဲမှာ ထပ်ဆင့်ဖော်ပြထားတာကို တွေ့နိုင်ပါတယ်။ အဲဒီအချိန်က ပျဉ်းမနားမှာ ရှိတဲ့ ရဲဘော်သုံးကျိပ်ဝင် တပ်ရင်းမှူး (၃) ဦးအနက် ဗိုလ်နေဝင်းတယောက်သာ (သူရွှေဂုန်တိုင် စာတိုက်စာရေးဘဝက ညားလာခဲ့တဲ့) အစ်မကြီး ဒေါ်တင်တင်ကို တပ်ဝင်းအပြင်ဘက် အိမ်တအိမ်မှာ ခေါ်ထားနိုင်ပြီး(ကျန်တဲ့ တပ်ရင်းမှူး၂ယောက်) ဗိုလ်ရန်နိုင်နဲ့ ဗိုလ်ဇေယျတို့ကတော့ လူပျိုဘဝပဲ ရှိကြပါသေးတယ်။ အဲဒီခေတ် စစ်သားလစာကလည်း (ဂျပန်စစ်တပ်ပုံစံအတိုင်း) လက်ရွေးစင်/တပ်သားကြီး/တပ်သားကျော် –ရယ်လို့ အောက်ခြေရိုးရိုးစစ်သားကို (၃) မျိုး ခွဲထားပြီး ကြယ်တပွင့်–***လက်ရွေးစင်တပ်သား*** တလ(၇)ယန်း၊ ကြယ်နှစ်ပွင့်–***တပ်သားကြီး*** (၁၀) ယန်း၊ ကြယ်သုံးပွင့်–***တပ်သားကျော်*** (၁၃)ယန်းဖြစ်တဲ့အတွက် ပြည့်တန်ဆာမလေးတွေနဲ့ လိုက်တန်းပြေးတန်း တခါကစားဖို့အတွက် (၅)ယန်းကိုတော့ တလတခါ ရဲဘော်တိုင်း တတ်နိုင်ကြပါတယ်။ အဲဒီခေတ်က ဂျပန်စစ်တပ်ရဲ့ သတ်မှတ်ချက်အရ အင်္ဂလိပ်ငွေ(အင်ဒီးယား ငွေ–One Rupee) ဟာ ဂျပန်ငွေ (One Yen) နဲ့ ညီမျှတဲ့အတွက် သုံးစွဲရတာ လွယ်ပါတယ်။ ဒါပေမဲ့ ဂျပန်ခေတ်ငွေ တယန်းမှာတော့ အင်္ဂလိပ်ငွေ 'ရူပီး'လို မတ်၊ မူး၊ ပဲ၊ ပြား၊ ပိုင်ဆိုတဲ့ အကြွေစနစ်

မြန်မာပြည်မှာ မဖြစ်ခဲ့ပါဘူး။ ဒါကြောင့်လည်း (ထောင်မလဲ–သဲကော်) လို့ နာမည်တွင်ခဲ့တဲ့ **စစ်သုံးဂျပန်ငွေ** တွေဟာ (အခု ခေတ်မဆလ /နဝတ /နအဖ) စစ်အစိုးရတွေ လက်ထက် ထုတ်ဝေခဲ့တဲ့ ငွေစက္ကူတွေလို ပဲ ဆက်တိုက် ဖောင်းပွလာခဲ့တဲ့အတွက် ဖက်ဆစ်ဂျပန်တွေကို တော်လှန်တော့မယ့် အချိန်၊ ၁၉၄၅ခုနှစ်မှာ တညင်းသီးတလုံး တရာအထိ ဖြစ်သွားပြီး (အင်္ဂလိပ်ငွေတွေ ပြန်ဝင်လာတဲ့ အချိန်) C.A.S. (B) အစိုးရလက်ထက်မှာ အဲဒီဂျပန်ငွေတွေကို 'တရားမဝင် ကြေညာလိုက်တဲ့အ တွက် အဲဒီဂျပန်ငွေစက္ကူတွေကို ဂုန်နီအိတ်နဲ့ သိမ်းထားမိတဲ့ လူမှန်သမျှ အကုန်ပက်လက်လန် သွားကြပါတယ်။ အဲဒါဟာ သင်ခန်းစာပါပဲ။

နောက်ပြီး ဒုတိယ ကမ္ဘာစစ်အတွင်း တနိုင်ငံနဲ့တနိုင်ငံ ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုတာဟာလည်း မရှိသလောက် ဖြစ်သွားတဲ့အ တိုင်း မြန်မာပြည်အနေနဲ့ ဆိုရင် နို့ဆီနဲ့သကြားဟာ လုံးဝပြတ်သွားတဲ့အတွက် လက်ဖက်ရည်နဲ့ ကော်ဖီကို နွားနို့၊ ထန်းလျက်၊ ကြံသ ကာတို့နဲ့ ဖျော်ရောင်းနေရတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ဈေးကတော့ လက်ဖက်ရည်ပဲဖြစ်ဖြစ်၊ ကော်ဖီပဲဖြစ်ဖြစ် တခွက်တယန်းပါပဲ။ ဟို အရင် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်မဖြစ်မီက အင်္ဂလိပ်ငွေ၊ လက်ဖက်ရည် တခွက် (၂)ပြား၊ နံပြားတချပ်(၂)ပြားနဲ့စာရင်တော့ များသ လိုလိုပါပဲ။ စစ်မဖြစ်မီ မြန်မာပြည်မှာ သုံးကြရတဲ့ အင်္ဂလိပ်ငွေဈေးက (ဝမ်းရူပီး=တကျပ်မှာ ၆၄ပြား၊ ဝမ်းရူပီးမှာ ၁၆ပဲ၊ ၄ပြားတပဲ၊ ၂ပဲ တမူး၊ ၂မူးတမတ်၊ ၄မတ်ကို တကျပ်ဝမ်းရူပီးဖြစ်ပြီး) တပြားတန်အပ်နဲ့ အပ်ချည်ကအစ ကျောင်းသားကလေးငယ်များအတွက် တပြားတန် မုန့်တွေလည်း ရှိပါတယ်။ ကျနော်တို့ ရဲဘော်တွေအတွက်တော့ အဲဒီခေတ်မှာ ဈေးဝယ်ရအောင်ကလည်း ခေါင်းရွက်ဗျပ်ထိုးဈေးသည် အချို့နဲ့ အိမ်ဆိုင်အချို့ကလွဲပြီး(လေကြောင်းရန်ကြောင့်)လူစုလူဝေးနဲ့ ရောင်းချတဲ့ ဈေးကွက် ရယ်လို့လည်း မရှိ။ ဝယ်စရာ ပိုက်ဆံကလည်း မပြည့်တဲ့အတွက် တပ်အနီးအနား ပတ်လည်က ကိုယ့်မိဘလို ဖြစ်နေတဲ့ ကျေးရွာတွေကိုသွား၊ လုပ်စရာရှိသမျှ အိမ်မှုကိစ္စတွေကို ဝိုင်းလုပ်ပေးရင်း အဲဒီအိမ်က ကျွေးတဲ့အစာကိုစား၊ အရက်ကအစ အလကားသောက်၊ အချိန်မီ တပ်ကိုပြန်၊ ဒါပေမဲ့ အရက်မူးပြီး ရမ်းမယ်မကြံနဲ့၊ တာဝန်ကို မပျက်စေနဲ့၊ စည်းကမ်းမဖောက်နဲ့ မူးပြီးရမ်းသည် ဖြစ်စေ၊ တာဝန်ပျက်သည်ဖြစ်စေ၊ စည်းကမ်းဖောက်သည်ဖြစ် စေ၊ အဲဒီလိုဆိုရင် 'ကွာတား'ထဲဝင်ရပြီလို့ မှတ်လိုက်ပေတော့။

ဒါကြောင့် (B.D.A) ခေတ်တခေတ်လုံးနဲ့ ဖက်ဆစ်တော်လှန်ရေး ပြီးဆုံးသွားတဲ့အထိ ဗိုလ်ချုပ် အောင်ဆန်းတည်ထောင်သွားတဲ့ ဗမာ့မျိုးချစ် တပ်မတော်ဟာ (မတရားသဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု၊ လာဘ် စားမှု၊ ရွာမီးရှို့မှု၊ ရွာတွေကို အတင်းပြောင်းရွှေ့မှု၊ အတင်းအဓမ္မ ချွေးတပ်၊ ပေါ်တာဆွဲမှု၊ အတင်းအကျပ် လုပ်အားပေးခိုင်းစေမှု၊ မထည့် မနေရ အလှူခံမှု၊ ဂိတ်ကြေးဆက်ကြေးတောင်းခံမှု၊ ဘိန်းကုန်သည်များနဲ့ ပူးပေါင်းပြီး စီးပွားရှာဖွေမှုရယ်လို့ တခုမျှ မရှိခဲ့ကြောင်း) ကျနော် ဟာ ဗိုလ်ကြီး ဘစိန်နဲ့ဗိုလ်မှူးလေး ကျော်ဝင်းတို့ဦးဆောင်တဲ့ စစ်ဥပဒေဌာနရဲ့ အမှုထမ်းတဦးအနေနဲ့ အခိုင်အမာ ပြောရဲပါတယ်။ အဲဒီ လောက်ထိအောင် ကျနော်တို့ 'ဗမာ့ကာကွယ်ရေး'တပ်မတော်နဲ့ 'ဗမာ့မျိုးချစ်တပ်မတော်'ဟာ သန့်ရှင်းခဲ့တာကြောင့် ပြည်သူလူထုရဲ့ ကြည်ညိုလေးစားမှုကို ခံရတဲ့အတိုင်း ဖက်ဆစ်တော်လှန်ရေးကာလက တချို့ဒေသတွေမှာ ငှက်ဖျားတက်လို့ မေ့မြောနေတဲ့ ကျနော်တို့ ရဲဘော်တွေကို (လက်နက်တွေ ဖွက်ထားပြီး) ဂျပန်တွေ အိမ်ထဲဝင်ရှာတဲ့အချိန်မှာ "ဒါ–ကျမလင်ပါ။ သူထမင်းမစားနိုင်တာ (၃)ရက်ရှိပါပြီ။ ဆေးရှိရင်ပေးခဲ့ကြပါ"လို့ ငိုကြီးချက်မနဲ့ လိမ်ပြောရဲတဲ့အထိ ကျနော်တို့ရဲဘော်တွေအပေါ်မှာ သစ္စာရှိရှိ၊ မေတ္တာပြည့်တဲ့ မိန်းခလေးတွေလည်း ရှိခဲ့ပါတယ်။

ဒီ့အပြင် ဂျပန်တော်လှန်ရေး မစမီ (ရန်ကုန်မြို့၊ မနော်ဟရီလမ်းမှာ ဖွင့်ခဲ့တဲ့) 'ဆောင်ကြာမြိုင်'ဂိတ်မှူး(ရွှေတောင် တိုက်ပွဲမှာ ဒဏ်ရာရလို့ ပေါင်တဖက် ဖြတ်လိုက်ရတဲ့)'ပဒုမ–မောင်တင်'ဆိုရင်လည်း သူတာဝန်ကျခဲ့တဲ့ 'ဆောင်ကြာမြိုင်'က သူ့ဘဝကို အင်မတန်သနားတဲ့ ဆောင်ကြာမယ်လေးနဲ့ အိမ်ထောင်ကျ တပ်ကထွက်ပြီး၊ ခုအချိန်ထိ အဲဒီကလေးမက သူ့အပေါ် မေတ္တာမစောင်းဘဲ ချစ်သဒ္ဒါလောင်းပြီး ဈေးရောင်းကျွေးနေတာ ကျနော်တို့ မျက်မြင်ပါပဲ။ အထူးသဖြင့် အဲဒီခေတ်က ကျနော်တို့ ရဲဘော်အားလုံးဟာ (ဗိုလ် ချုပ်အောင်ဆန်းကအစ) ခေါင်းတုံးရိတ်ကြတာမို့ အဲဒါကိုအားကျပြီး တပ်ထဲကို မဝင်ကြသေးတဲ့ (အာရှလူငယ်အစည်းအရုံးဝင်) လူငယ် တော်တော်များများဟာ ကြိုတင်ပြီး ခေါင်းတုံးရိတ်ကြတဲ့အထိ တပ်မတော်ရဲ့ အရှိန်အဝါဟာ ကြီးခဲ့ပါတယ်။ အဲဒီတုန်းက ကျနော်တို့ တပ်မတော်သားတွေဟာ (ပြည်သူက ကျနော်တို့ကို ကြောက်ရွံ့ပြီးပေးကမ်း၊ ဆက်ဆံမှုမျိုးကို လုံးဝအလိုမရှိကြဘဲ ကျနော်တို့ရဲ့ နိုင်ငံနဲ့ လူမျိုးအတွက် အဘက်ဘက် အသက်စွန့် အနစ်နာခံပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်နေကြတာကို ရိုသေ၊ လေးစား၊ တန်ဖိုးထားတဲ့ ဆက်ဆံ မှုမျိုးကိုသာ မြင်တွေ့လိုကြပါတယ်။ ***ဒါကြောင့် အခုခေတ် လွတ်လပ်ရေးရပြီး တပ်မတော်သား***

***မှန်သမျှ ရာထူးအလိုက် အခွင့်အရေးတွေ အမျိုးမျိုးပေးထားတဲ့ကြားထဲက ပြည်သူကိုစော်ကား၊ အမျိုးမျိုး လာဘ်စား၊ ဘိန်းကုန်သည်များနဲ့ ပေါင်းသင်းပြီး အရှက်ကင်းမဲ့စွာနဲ့ ကိုယ်ကျိုးရှာနေကြတဲ့ အကောင်တွေသာ ဟိုခေတ်က တပ်ထဲကို ဝင်လာကြရင် 'တပ်ပြေး'စာရင်းထဲမှာ သူတို့ပါမှာကတော့ အလွန် သေချာပါတယ်။***

အင်း...'တပ်ပြေး'ဆိုလို့ ပြောရဦးမယ်။ အဲဒီလို ပျဉ်းမနားမြို့မှာ တပ်ရင်း(၁/၂/၃) ကနေပြီး (၄/၅/၆) နဲ့ စက်မှုလက်မှု တပ်ရင်းတို့ကို ထပ်မံတိုးချဲ့လိုက်စဉ်က အဲဒီတပ်ရင်း(၄) ခုအနက် တပ်ရင်း(၄/၅/၆) တို့မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော၊ ဗိုလ်အောင်နဲ့ ဗိုလ်ရန်အောင်တို့က တပ်ရင်းမှူး(**Major**) ဗိုလ်မှူးလေးတွေ ဖြစ်လာကြသလို (ရဲဘော်သုံးကျိပ်ဝင်မဟုတ်တဲ့ ထားဝယ်သား) ဗိုလ်ဗထူးဟာလည်း စက်မှုလက်မှု တပ်ရင်းမှူးဖြစ်လာပြီး အဲဒီအချိန်က စက်မှုလက်မှုတပ်ရင်း လက်ထောက် တပ်ရင်းမှူးကတော့ ဗိုလ်အေးငွေ(စာရေးဆရာ ဒဂုန်မြတ်လေးနွယ်) ဖြစ်ပါတယ်။ ရုံးအုပ်က (ဘုန်းကြီးဝတ် သွားတဲ့) ဗိုလ်သိန်းဆွေနဲ့ တွဲဘက် ရုံးအုပ်ကတော့ (နောင်သောအခါ စာရေးဆရာမ ခင်နှင်းယုရဲ့ ချစ်လင်ဖြစ်လာမယ့်) ဗိုလ်ကျော်သောင်းပါ။ အဲဒီလို (**B.D.A**) တပ်ကို ထပ်မံတိုးချဲ့လိုက်တဲ့ အခါ ဗိုလ်နေဝင်းရဲ့ တပ်ရင်း(၁)က ရခိုင်ပြည်ဘက်က တောင်ကုပ်တောင်ကြားလမ်းကို ပြင်ဖို့ နယ်ဆင်းသွားရပြီး၊ ဗိုလ်ရန်နိုင်ရဲ့ တပ်ရင်း (၂)က နိုင်ငံတော် အဓိပတိကင်းတပ်နဲ့ စစ်ဝန်ကြီးရုံးကင်းတပ်တို့ကို တိုးချဲ့ဖွဲ့စည်းပြီး ရန်ကုန်တိုင်းလုံခြုံမှုအတွက် တာဝန်ယူထားရသလို ဗိုလ်ဇေယျရဲ့ တပ်ရင်း(၃)ကလည်း ကချင်ပြည်နယ်ထဲကို (မြန်မာပြည်မြောက်ပိုင်း၊ တရုတ်ပြည်ထဲကတဆင့် အိန္ဒိယပြည်ထဲအရောက် ဖြတ်ဖောက်ထားတဲ့) 'လီဒိုလမ်းမကြီးကို ခြေကုပ်ယူပြီး ထိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ (၁၄)နံပါတ် တပ်မတော်ရဲ့ တပ်စွယ်တခုဖြစ်တဲ့ ဂျင်နရယ်ဝင်းဂိတ်ရဲ့ တပ်တွေကို တားဆီးတိုက်ခိုက်ဖို့ တာဝန် ကျလာတဲ့အတွက် ကချင်ပြည်ထဲမှာ ချုံခိုတိုက်ပွဲတွေ ဖြစ်နေပါပြီ။ ဒါကြောင့် အဲဒီစစ်မျက်နှာက ဖမ်းဆီးရမိတဲ့ အင်္ဂလိပ်နဲ့ စကော့တလန် စစ်သုံ့ပန်းတွေကို ဂျပန်တပ်ကို လွှဲပေးလိုက်ရတဲ့အတိုင်း တခြား စစ်မျက်နှာတွေက ဂျပန်တွေ ဖမ်းဆီးရမိတဲ့ သုံ့ပန်းများနဲ့ပေါင်းပြီး ယိုးဒယား–ဗမာနယ်ခြား**'ကွေ့မြစ်ပေါ်ကတံတား'** ကို ဆောက်လုပ်နေပါပြီ။ အဲဒီအချိန်က ရန်သူလေယာဉ်ပျံတွေကလည်း နေ့ရောညပါ ခဏခဏလာပြီး ကျနော်တို့ တပ်စခန်းတွေနဲ့ မီးရထားလမ်း တလျှောက် ဗုံးကြဲ၊ စက်သေနတ်ပစ် လုပ်နေတာကြောင့် ရထားလမ်းဘေးမှာ ပြေးရင်းလွှားရင်း သေသွားကြပြီး ယူနီဖောင်း မဝတ်ရသေးတဲ့ စစ်သားလောင်းတွေကလည်း တပုံတခေါင်း။ အဲဒီဖြစ်ရပ်ဆိုးတွေနဲ့ သင်တန်းချိန်တိုင်းမှာ အမောဆို့ပြီး လဲကျသွားကြတဲ့ အဖြစ်တွေကို မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရတဲ့အခါ (စစ်ဗိုလ်ဖြစ်ချင်ဇောနဲ့ စိတ်ကူးယဉ်လာကြတဲ့ ရဲဘော်သစ် တချို့ဟာ အဲဒီဒဏ်တွေကို မခံနိုင်တဲ့ အဆုံး မကြာခဏ ထွက်ပြေးကြတာတို့၊ အဲဒီတပ်ရင်းသစ်(၄/၅/၆နဲ့ စက်မှုလက်မှု တပ်ရင်းတွေ) နံနက်ပိုင်း 'တန်းစီ လူစစ်ချိန်' ရောက် လာတာနဲ့ တပြိုင်နက်...''အားလုံးသတိ...၊ ညာ...ညှိ၊ နေ...မြဲ၊ အမှတ်စဉ်...မှတ်''ဆိုတဲ့ အမိန့်ပေးသံများ အဆုံး(''တပ်ရင်း၆– တပ်ခွဲ၂၊ တပ်စု၃၊ တပ်စိတ်၅၊ မူလ(၁၅)ယောက်၊ တာဝန် (၂)ယောက်၊ ထွက်ပြေး (၃)ယောက်၊ ယခုတန်းစီ ၁၀ယောက်၊ အားလုံးအသင့်...'') ဆိုတဲ့ သတင်းပို့သံမျိုးတွေကတော့ တပ်တိုင်းမှာ ညံနေတာပါပဲ။ ဒါကြောင့် အဲဒီတုန်းက အဲဒီတပ်ရင်း ၄ခုလုံးရဲ့ နံနက်ပိုင်း တန်းစီ၊ လူစစ်၊ သတင်းပို့ချက်များအရ တနေ့တနေ့ ထွက်ပြေးကြတဲ့ လူစာရင်းဟာ အားလုံး (၄ယောက်က ၈ယောက် အထိ)ရှိကြောင်း သိရပါတယ်။

ဒီတော့ လူမှန်သမျှ ပုထုဇဉ်တိုင်း လူမှန်းသိလာတဲ့ အချိန်ကစပြီး သေသွားတဲ့အချိန်အထိ ကိုယ်စီအလိုဆန္ဒ(လောဘ)နဲ့ မကင်းနိုင်ကြတာမို့ (ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဦးနု၊ ဟစ်တလာ၊ မူဆိုလိုနီ၊ ဂျင်နရယ်တိုဂျို၊ ဂဠုန်စောနဲ့ ဘိုယ်နေဝင်းတို့ အပါအဝင်) စိတ်ကူးယဉ်ကြွေးတန်းနဲ့ သေသွားကြရတဲ့ လူချည်းပါပဲ။ ဒါကြောင့်လည်း မြတ်စွာဘုရားက(စိတ္တိတမ္ပိ–ဝိနဿတိ၊ အစိတ္တိတမ္ပိ ဘဝိဿတိ) လို့ ဟောခဲ့တာပါ။ အဓိပ္ပာယ်ကတော့ ဆရာသုခရဲ့ ဘဝသံသရာထဲကအတိုင်း...'ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာတွေ လည်းဖြစ်ရမှာ'ပါပဲခင်ဗျား။ ။

## တပ်မတော် ၂ခု ကွာခြားမှု
## (တတိယပိုင်း)

ကျနော်တို့ရဲ့ ဖခင်ကြီးဖြစ်တဲ့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ (၁) လက်နက်ကိုင်တော်လှန်ရေးနဲ့ လက်နက်မဲ့ တော်လှန်ရေး၊ ဒီ(၂) ခုကို အချိန်ကာလနဲ့ အခြေအနေအရ ပြတ်ပြတ်သားသား ဝေဖန်ပိုင်းခြားပြီး ကျင့်သုံးသွားတဲ့နေရာမှာရော၊ နောက်ပြီး(၂) မိမိတို့ ဘဝအခြေအနေအရ အဓိက ကျောရိုးပြုရမယ့် မဟာမိတ်ကိုလည်း (အခါအားလျော်စွာပုံသေမသတ်မှတ်ဘဲ) ပါးပါးနပ်နပ် ပြောင်းလဲသတ်မှတ် လုပ်ကိုင်တတ်တဲ့ နေရာမှာရော သူမတူအောင် တော်တဲ့ ပုဂ္ဂိုလ်တဦးလို့ဆိုရပါလိမ့်မယ်။

ဘာပြုလို့လည်းဆိုတော့ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့ဖြပုံပုံကို စိုးပိုင်အုပ်ချုပ် မင်းလုပ်နေတဲ့ အင်္ဂလိပ်ကို တော်လှန်တော့ မယ့် အချိန်တုန်းက (၁၉၃၀ခုနှစ်မှာ အရှုံးအမှတ်နဲ့ အဆုံးသတ်သွားတဲ့ ဆရာစံသူပုန်လို မဖြစ်အောင်) သူ ဂျပန်ကို မသွားခင်မှာတက္ကသိုလ်ကျောင်းသားခေါင်းဆောင်၊ ဒို့ဗမာ အစည်းအရုံးဝင်အဖြစ်နဲ့ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရုံးအမှုထမ်းစတဲ့အင်အား စုတွေကို ကြိုတင်စည်းရုံးပြီးမှ ပြည်ပကိုထွက်ဖို့ စဉ်းစားလိုက်တဲ့အခါ၊ အာဏာမရသေးတဲ့ တရုတ်နီနဲ့ဂျပန်၊ ဒီ–၂လမ်းမှာဝင်ရိုးတန်း နိုင်ငံ(၃) ခုတည်းက ဖက်ဆစ်–နာဇီ=(ဂျာမဏီ၊ အီတလီ၊ ဂျပန်) ဒီ(၃)နိုင်ငံမှာ ဂျပန်ဟာ မြန်မာပြည်နဲ့ အနီးဆုံးဖြစ်တဲ့အပြင် 'အရှေ့အာ ရှတိုက် သာတူညီမျှ ကောင်းစားရေး'ဆိုတဲ့ ကြွေးကြော်သံနဲ့ စစ်ထဲဝင်လာတာ၊ စင်္ကာပူကိုတောင်ရောက်နေရုံမက တရုတ်ပြည်မကြီးရဲ့ အရှေ့မြောက်ဒေသကိုတောင် ခြေချတပ်စွဲထားနိုင်တဲ့ ဘဝ တွေ့နေရပါပြီ။ နောက်ပြီးတော့လည်းမြန်မာပြည် လွတ်လပ်ရေးအတွက် (သမရိုးကျ +အသနားခံ+တော်လှန်ရေး မလုပ်ဝံ့တဲ့) ရှေးရိုးငါးထောင်စား နိုင်ငံရေးသမားကြီးများရဲ့တောင်းခံမှုကိုလည်း (စဉ်းစားပါအုံးမယ်) ဆိုတဲ့ စကားနဲ့ လွတ်လပ်ရေးပေးဖို့ အချိန်ဆွဲနေတဲ့ အင်္ဂလိပ်နဲ့စာရင် (ဘာပဲပြောပြော၊ 'ဖက်ဆစ်'နဲ့ပေါင်းရင် 'ဝက်ဖြစ်'မယ်ပဲ ဆို ဆို) လောလောဆယ်ဆယ်မှာတော့ စာမချုပ်ရသေးပေမယ့် နှုတ်ကတိ အနေနဲ့ကတော့ (ဒီစစ်ပွဲ အောင်ရင် မင်းတို့လိုချင်တဲ့ လွတ်လပ် ရေးကို ရပါစေ့မယ်) ဆိုတဲ့ စကား၊ ဂျပန်သံမှူးများဆီက ကြားရတဲ့အတွက် ဂျပန်နဲ့ လက်တွဲပြီး နယ်ချဲ့ကိုလိုနီပိုင်ရှင် အင်္ဂလိပ် ဘုရင်ကို တော်လှန်ဖို့ ဆုံးဖြတ်လိုက်ရတာပါပဲ။

ဒီဆုံးဖြတ်ချက်ဟာ မမှားပါဘူး။ ဒီလို ဂျပန်နဲ့ပေါင်းလိုက်တဲ့အတွက် ဂျပန်ဆီက စစ်ပညာနဲ့လက်နက်တွေကို ကျနော်တို့ ရလိုက်တယ်။ နယ်ချဲ့အင်္ဂလိပ်ဘုရင်ခံ ဆာ–ဒေါ်မန်စမစ်နဲ့ သူ့လက်အောက်ခံ မြန်မာနိုင်ငံသား၊ လူမျိုးစုတပ်များလည်း အိန္ဒိယကို ဆုတ်ခွာသွားရတယ်။ ဒေါက်တာ ဗမော် ဦးဆောင်ပြီး ('မဟာဗမာ'ပါတီဝင်များနဲ့ ဒို့ဗမာ အစည်းရုံးဝင်များ ပါဝင်တဲ့) မြန်မာနိုင်ငံ အစိုးရလည်း ဖြစ်ပေါ်လာရုံမက (ရွေးကောက်ပွဲနည်းအရ မဟုတ်ဘဲ၊ ဂျပန်ဘုရင်နဲ့ ဂျပန်စစ်ဗိုလ်ချုပ်ကြီးများ အလိုကျ ဖြစ်ပေါ် လာရတဲ့) အဲဒီခေတ် 'ရုပ်သေးအစိုးရ' ရဲ့ သရုပ်သကန်ကိုလည်း အဟုတ်အမှန် ကိုယ်တွေ့သိသွားကြတဲ့အတွက် 'ဖက်ဆစ် ဂျပန်တော်လှန်ရေး'ဟာ လည်း အချိန်မီ ထပ်ဖြစ်လာရတယ် မဟုတ်လား။ ဒါဟာ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့လွတ်လပ် ရေးသမိုင်း ဖြစ်စဉ်တွေပါပဲ။

အဲဒီအချိန်မှာ အင်္ဂလိပ်ကလည်း အမေရိကန်ရဲ့ အကူအညီကို ရပြီဖြစ်တဲ့အတွက် 'အင်ဖာ'စစ်မျက်နှာမှာ အပြင်းအထန် တိုက်ပွဲတွေ ဖြစ်ပြီး (မြန်မာနိုင်ငံထဲမှာ ဖွဲ့စည်းလိုက်တဲ့ 'ဆူဘတ်ချန်ဒရာဘို့စ်'ဦးဆောင်တဲ့ (I.N.A) 'အိန္ဒိယ အမျိုးသားတပ်မတော်' ဟာလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ 'ဗမာ့မျိုးချစ် တပ်မတော်'ရဲ့ အသွင်ပြောင်းလဲမှုကို အကဲခတ်ပြီး အိန္ဒိယမှာ ရှိတဲ့ (၁၄)နံပါတ်တပ်မ တော်နဲ့ရော၊ ဘူးသီးတောင်၊ မောင်းတော်နဲ့ မယူမြစ်ဝှမ်းက စစ်တကောင်းကုလားများနဲ့ ဆက်သွယ်ပြီး နားလည်မှုယူလိုက်တာကြောင့် ဂျပန်တပ်တွေဟာ ထိန်းမနိုင် သိမ်းမရ ဖရိုဖရဲ ဆုတ်ခွာသွားရတဲ့ အခြေအနေ ရောက်သွားပါတယ်။ တနည်းအားဖြင့် ဆိုရရင်လည်း အဲဒီ အချိန်က ဗိုလ်ချုပ်အောင်ဆန်းဟာ ရှေ့ရေးနောက်ရေးကို မျှော်တွေးပြီး...

(၁) ဂျပန်နဲ့ အင်္ဂလိပ်၊ ဒီ(၂)ခုကို ယှဉ်လိုက်တဲ့အခါ ဂျပန်က ဖက်ဆစ်၊ အင်္ဂလိပ်က ဒီမိုကရေစီ၊ ဒါပေမဲ့ အင်္ဂလိပ်က နယ်ချဲ့သမားဆိုတော့ သူ့လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ မြန်မာပြည်ကို ပြန်ရဖို့ ကြိုး စားနေပြန်ပြီ။ ဒီတော့ ငါတို့ဟာ ဂျပန်ကို ဖက်ဆစ်မှန်းသိလျက်နဲ့ သူတို့ပေးတဲ့ လွတ်လပ်ရေးဟာလည်း အတုကြီးဖြစ်ပြီး သူတို့ဖွဲ့ပေး လိုက်တဲ့ (ငါအပါအဝင်) ဒေါက်တာဗမော် ဦးဆောင်တဲ့ 'ဆွဲခန့်အစိုးရ'ဟာလည်း ဘာတခုမှ သူတို့ကို လွှန်ဆန်ပြီး လုပ်ပိုင်ခွင့်မရှိတဲ့ 'ရုပ်သေးအစိုးရ'မှန်း သိပါလျက်နဲ့

ငါတို့တတွေဟာ ကိုယ်စီကိုယ်ငှ ဝန်ကြီးရာထူးတွေရတာကို သာယာပြီး၊ မိုက်လုံးကြီးစွာနဲ့ အသေခံ ကြမလား။

(၂) ဒါမှမဟုတ် အင်္ဂလိပ်ဟာ နယ်ချဲ့သမားဖြစ်တာ မှန်သော်လည်း 'ဒီမိုကရေစီ အခွင့်အရေး'ကိုတော့ ဟိုရှေးက မြန်မာ ဘုရင်တွေထက်ကော၊ အခု 'ဂျပန်စစ်အစိုးရ'ထက်ကော အများကြီး ပိုပေးထားတာမို့ ငါတို့ဟာ သူတို့ကို'ယာယီ မဟာမိတ်'အဖြစ် သတ်မှတ်ပြီး သူတို့နဲ့အတူ ဖက်ဆစ်ဂျပန်ကို ပြန်တိုက်မလား။

(၃) နောက်ပြီး တာ့လည်း ဒီစစ်ကြီး ပြီးသွားလို့ ငါတို့နိုင်ငံမှာ ဂျပန်တွေ မရှိတော့တဲ့ အချိန်မှာလည်း (ခုအတိုင်းသာဆိုရင်) အင်္ဂလိပ်တွေဟာ စစ်စရိတ်ကြွေးတွေ လည်ပင်းခိုက်ပြီး အကျပ်ရိုက်လာတော့မှာမို့ ငါတို့ ဟာလည်း အိမ်နီးချင်း ကျွန်နိုင်ငံတွေဖြစ်တဲ့ (သီဟိုဠ်ကျွန်းနဲ့ အိန္ဒိယကိုလက်တွဲပြီး) ငါတို့ လိုချင်တဲ့ လွတ်လပ်ရေးရဖို့ ဒီမိုကရေစီနည်း အရ 'လက်နက်မဲ့ တော်လှန်ရေး' ကိုလုပ်ရင်...အဲဒီအချိန်မှာ ပြည်သူတရပ်လုံးကလည်း ဥမကွဲ သိုက်မပျက် ဆက်လက်ပြီး ငါတို့ကို ထောက်ခံ ကြမယ် ဆိုရင် ...ငါတို့လိုချင်တဲ့ လွတ်လပ်ရေးကို မရနိုင်ပေဘူးလား...ဆိုတဲ့ အတွေးတွေ ဝင်လာပါတယ်။

ဒါကြောင့် သူဟာ မြန်မာပြည်ထဲကို အင်္ဂလိပ်တွေ ပြန်ဝင်လာပြီးနောက် **C.A.S (B)** အစိုးရ ခေါင်းဆောင် 'ဆာ– ဒေါ်မန်စ မစ်'လက်ထက်မှာပဲ မကြာသေးခင်က ဘုရင်ခံရဲ့အိမ်မှာ (အရှေ့တောင်အာရှ စစ်သေနာပတိ) 'မောင့်ဘက်တန်'နဲ့ ဆုံကြတုန်းက... "ဘယ်နှယ့်လဲ ဗိုလ်ချုပ်အောင်ဆန်း။ ခင်ဗျား ရှေ့ရေးအတွက် ဘယ်လိုစဉ်းစား ထားသလဲ။ တပ်ထဲမှာပဲ ဆက်လုပ်မလား။ ဒါမှမဟုတ် ခင်ဗျားဝါသနာပါတဲ့ နိုင်ငံရေးကိုပဲ ဇောက်ချ လုပ်တော့မလား။ ကျုပ်တို့ ဒီမိုကရေစီ နိုင်ငံတွေမှာတော့ စစ်မှုထမ်းမှန်သမျှ လက်နက်ကိုင် ပြီး နိုင်ငံရေးလုပ်ခွင့် မရှိဘူးနော်"ဆိုတဲ့ မေးခွန်းကို ဖြေတဲ့ အနေနဲ့ တပ်ကတရားဝင်ထွက်လိုက်ပြီး(သူ့သမီး အောင်ဆန်းစုကြည်၊ ပထမဆုံး ပွဲဦးထွက်လိုက်တဲ့) ရွှေတိဂုံဘုရား အလယ်ပစ္စယံမှာရော၊ ကန်တော်ကြီးဘေးက နေသူရိန် ရုပ်ရှင်ရုံကြီးမှာရော၊ အဲဒီနောက် နေရာပေါင်းများစွာမှာ လူထုအစည်းအဝေးတွေ၊ ဆုံးဖြတ်ချက်တွေ၊ ဆန္ဒပြပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး(ဘယ်နိုင်ငံရေးခေါင်းဆောင်မှ မပေးရဲတဲ့) "တနှစ်အတွင်း လွတ်လပ်ရေး ရပါစေ့မယ်"ဆိုတဲ့ ကတိကို အပြတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ သူဟာ အင်္ဂလန် က လေဘာဝန်ကြီးချုပ် 'အက်တလီ'နဲ့ လွတ်လပ်ရေးစာချုပ်ကို မချုပ်ရသေးပါဘူး။ ဒီတော့ လူငယ်ရဲဘော်တွေကလည်း (မရရင် ဘယ်နှယ့်လုပ်မလဲ) ဆိုတဲ့ အတွေးတွေ ဝင်လာတဲ့အတွက် ဖက်ဆစ်ဂျပန်တော်လှန်ရေးတုန်းက သုံးခဲ့တဲ့လက်နက်တွေရော၊ (၁၄နံပါတ် တပ်မတော်နဲ့ အဆက်ရပြီးတဲ့နောက် သူတို့လေယာဉ်ပျံတွေပေါ်က လေထီးနဲ့ချပေးတဲ့ လက်နက်တွေရော)၊ နောက်ပြီး မြစ်ဝကျွန်းပေါ် ဒေသ အချို့မှာ ရေငုပ်သင်္ဘောတွေ ညဘက်ဝင်လာပြီး ချပေးသွားတဲ့ လက်နက်တွေရော၊ အဲဒီလက်နက်တွေကို စုပေါင်းပြီး လိုအပ်ရင် ပြန်လည်အသုံးချဖို့ အသင့်ပြင်ရတော့တာပေါ့။ ဒါကြောင့်လည်း "လူမိုက်အလိုရှိသည်"ဆိုတဲ့ ပိုစတာတွေနဲ့ "ရရင်ရ–မရရင်ချ"ဆိုတဲ့ ပိုစတာတွေဟာ ဘယ်သူတွေ လာကပ်သွားမှန်း မသိရဘဲ၊ နေရာတိုင်းမှာ ပလူပျံသလို ပေါ်ပေါက်လာခဲ့တယ်။ အဲဒီအချိန်မှာ ကျနော်တို့ ရဲဘော်(ဗိုလ်/ အကြပ်/တပ်သားအတော်များများ) ဟာလည်း နောက်ထပ် အိန္ဒိယက ပြန်ဝင်လာကြတဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်စတဲ့ အင်္ဂ လိပ်လက်အောက်ခံ 'ကြေးစားတပ်'တွေနဲ့ပေါင်းပြီး ဒီမိုကရေစီစစ်တပ် ပီပီသသ အထက်က ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်နဲ့ အမိန့်အတိုင်း (ဘာမှဝေဖန်၊ စဉ်းစား အငြင်းပွားဖို့ မလိုဘဲ) စံဖဲအရေးအခင်းနဲ့ ဆရာစံသူပုန်ထတဲ့ အချိန်များကလို ပစ်ဆိုရင် သေနတ်နဲ့ပစ်၊ ထိုး ဆိုရင် လှံစွပ်နဲ့ထိုး...အဲဒီအလုပ်မျိုးတွေ၊ ကိုယ်လူမျိုး တိုင်းရင်းသားအချင်းချင်း ပြန်သတ်ရတဲ့ အလုပ်မျိုးတွေကို မလုပ်ချင်တော့ (ဗိုလ်ချုပ် အောင်ဆန်း တပ်ကထွက်ပြီးတဲ့နောက်) ကရင်အမျိုးသား ဗိုလ်ချုပ်ကြီး 'စမစ်ဒွန်း'လက်ထက်၊ ကန္ဒီစာချုပ်၊ ဆင်းမလားစာချုပ်၊ လက်ျာ– ဖရီးမင်းစာချုပ်များအရ အသစ်ပြန်လည် ဖွဲ့စည်းမယ့် တပ်မတော်သစ်ထဲကို ဝင်ရင် (လစာ၊ နှစ်တိုး၊ ရှားပါးစရိတ်၊ ပင်စင်၊ အိုနာစာ၊ ရန် ပုံငွေ၊ ထိခိုက်ဒဏ်ရာလျော်ကြေးအသက်ဖိုး) တို့ကို ရာထူးအလိုက် ခံစားကြရမယ့်အပြင်၊ ဆေးဝါးဆိုရင် ခေတ်မီဆေးဝါးအကောင်းစားနဲ့ နောက်ဆုံးပေါ်ပစ္စည်း၊ ကိရိယာ တန်ဆာပလာ အပြည့်အစုံ၊ စစ်ဝတ် တန်ဆာဆိုရင်လည်း အနွေးထည်ဆွယ်တာ၊ မိုးကာအင်္ကျီကအစ လိုလေသေးမရှိ အကုန်ရ၊ စားသောက်စရာ အဖြာဖြာကလည်း 'အရက်ရာရှင်'ပေးတဲ့အပြင်၊ ဆီဦးထောပတ် အဖြာဖြာနဲ့ တပ်ထဲမှာတွင်ပဲ ဝယ်လို့ရတဲ့ တပ်တွင်းဆိုင်ကိုလည်း ထားလိုက်သေး၊ အရာရှိရိပ်သာနဲ့ အကြပ်တပ်သားများအတွက် အိမ်ထောင်သည် တန်းလျားများကလည်း မျက်စိတဆုံး၊ ရှေးအင်္ဂလိပ်ခေတ် 'ကြေးစားစစ်တပ်များ'ပုံစံအတိုင်း (ခရစ်တော်ရဲ့ ကျေးဇူးကြောင့်တော့ တော အုံ့ချုံကြားကနေပြီး ကောင်းကင်ဘုံကို ရောက်သွားသလို) လူသူမနီးတဲ့ တောကြီး မျက်မည်းထဲက ခရစ်ယာန်မစ်ရှင်အဖွဲ့များရဲ့ ကျေးဇူးကြောင့် စာပေ မရှိတဲ့

တောင်ပေါ်သားချင်း၊ ကချင်စတဲ့ လူမျိုးစုများဟာလည်း သူတို့တီထွင်ပေးလိုက်တဲ့ (အင်္ဂလိပ်စာလုံးပေါင်း သက်ဆိုင်ရာ လူမျိုးစု အသံထွက်) စာကိုတောင် ဖတ်တတ်၊ ရေးတတ်လာကြရုံမက အခုလို တပ်ထဲရောက်လာကြတဲ့အခါ၊ (ရှေးမြန်မာဘုရင် အဆက်ဆက် လူရာမသွင်းဘဲ လျစ်လျူရှုထားခြင်းခံလာခဲ့ကြရတဲ့) တောင်ပေါ်သားများ အဖို့တော့ စစ်တပ်ဆိုတာဟာ ခရစ်တော်ရဲ့ မျက်စိ အောက်က ဘုံဗိမာန်တခုလို့ ထင်မှတ်စရာပါပဲ။

နောက်ပြီးတော့လည်း အဲဒီအင်္ဂလိပ်လက်အောက်ခံ ကြေးစား၊ ဗမာ့တပ်မတော်ဟာ အရင်က ကျနော်တို့ပါဝင်ခဲ့တဲ့ ဂျပန်ခေတ်(B.I.A/ B.D.A/B.P.F) တပ်တွေမှာ လုံးဝမရှိတဲ့ လေတပ်၊ ရေတပ်၊ သံချပ်ကာကားတပ်၊ လေထီးတပ် ဆိုတာတွေကလည်း တခမ်းတနားဆိုတော့ ဘဝင်မြင့်စရာ၊ အထင်ကြီးစရာပါပဲ။ ဒါပေမဲ့ အဲဒီအခွင့်အရေးတွေကို ဘယ်လိုပဲပေးပေး၊ ကျနော်တို့ လိုချင်တာက လွတ်လပ်ရေးဆိုတော့ ဒါတွေကို ကျနော်တို့ စိတ်မဝင်စားပါဘူး။ ဒါကြောင့်လည်း ရဲဘော်သုံးကျိပ်ဝင်ထဲက (ဗိုလ်နေဝင်း၊ ဂျပန်ခေတ်၊ ပျဉ်းမနားတပ်ရင်း(၁) ကို ကိုင်စဉ်က သူ့လက်ထောက်တပ်ရင်းမှူး) ဗိုလ်လရောင်၊ ဂျပန်ခေတ် စစ်တီးဝိုင်းခေါင်းဆောင် (နောင်တချိန်မှာ ကရင်ပြည်နယ် ဝန်ကြီးဘဝနဲ့ တောခိုသွားသူ) စောစံဖိုးသင်၊ ဂျပန်ခေတ် ကျနော်တို့ တပ်ရင်း(၃) တပ်ခွဲ(၄)က (ကွန်မြူနစ်ဘဝနဲ့ ရှေးဦးပထမ တောခိုသွားသူ) ရဲဘော်သုံးကျိပ်ဝင် စာရေးဆရာ ဗိုလ်တာရာတို့ ကအစ ဗိုလ်/အကြပ်/တပ်သားတော်တော်များဟာ နောက်ဖွဲ့တဲ့ တပ်ထဲကို မဝင်ကြတော့ဘဲ အပြင်ကသာ ကိုယ်နဲ့နီးစပ်ရာ 'တိုင်း'အ သီးသီးက ပြည်သူ့ရဲဘော် အပျော်တမ်းတပ်ဖွဲ့၊ ဦးဘနှင်း သူနာပြုတပ်ဖွဲ့၊ လူငယ်အစည်းအရုံး၊ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီ၊ ဖဆပလအဖွဲ့ချုပ် စတဲ့ အဖွဲ့အစည်းတွေထဲကို ရောက်ကုန်ကြပါတယ်။ သို့သော်လည်းပဲ အရှေ့တောင်အာရှ–စစ်သေနာပတိချုပ် 'မောင့်ဘက် တန်'ပြောသလို ဒီမိုကရေစီ စစ်တပ်တွေဟာ နိုင်ငံရေးမလုပ်ရဘူး။ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကို မချုပ်ကိုင်ရဘူး ဆိုပေမယ့် (B.D.A)တပ်ရင်း၁/၂/၃ ကတဆင့် ပျဉ်းမနားမှာ ထပ်ဖွင့်တဲ့ တပ်ရင်း ၄/၅/၆ စက်မှုလက်မှုတပ်ရင်းနဲ့ (ဗိုလ်စောမောင်တို့) အင်းတကော် မြင်းတပ်၊ မော်တော်ယာဉ်တပ်၊ အချက်ပြ ဆက်သွယ်ရေးတပ်၊ အမြောက်တပ်၊ လေ့ကျင့်ရေးတပ်၊ လူငယ်တပ်၊ စစ်တီးဝိုင်းတပ်၊ ကင်းတပ်၊ ဆေးတပ်စသည်အားဖြင့် တပ်တွေကို ထပ်မံတိုးချဲ့လိုက်ချိန်နဲ့ (မဆလ) ခေတ်အတွင်း ပုတ်သင်ညိုသမ္မတ ဖြစ်သွားတဲ့ ဗိုလ်မောင်မောင်နဲ့ (ကျားကြီးဗဆွေနဲ့ မယားညီအကို) ဗိုလ်ကြည်ဝင်းတို့ အပါအဝင် (ပထမပတ်) မင်္ဂလာဒုံ ဗိုလ်သင်တန်း(မီနာရိုက်ရှဂန်း) ဗိုလ်လောင်းများ ကျောင်းဆင်းလာပြီးတဲ့နောက် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ မတိုင်မီ အချိန်ကာလအတွင်း (ဗိုလ်လက်ျာနဲ့ ဗိုလ်စကြာတို့ကို အကြောင်းပြုပြီး) ကျနော်တို့(B.D.A) တပ်မတော်ထဲကို ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်လစ်ပါတီက"ကေဒါ"များထိုးပေါက် ဝင်ရောက်လာကြပြီဖြစ်တဲ့အတွက် (ဘယ်စစ်သင်တန်းကိုမှ မတက်ဖူးတဲ့ ကွန်မြူနစ်ပါတီက သခင်တင်မြ) ဗိုလ်ကြီးတင်မြ၊ မင်္ဂလာဒုံ၊ ပထမပတ်၊ ဗိုလ်သင်တန်း၊ ကျောင်းဆင်း(နောင်သောအခါ ကွန်မြူနစ်ပါတီဝင်၊ ဗိုလ်မှူးချုပ် ချစ်ကောင်း(ခေါ်) ဗိုလ်စိုးမြင့်၊ မင်္ဂလာဒုံ၊ ပထမပတ် ဗိုလ်သင်တန်းကျောင်းဆင်း–ဗိုလ်ချစ်လှိုင် (စာရေးဆရာ ကိုကိုမောင်၊ မဆလခေတ်၊ ဗဟိုနိုင်ငံရေးသိပ္ပံသင်တန်းမှူးချုပ်) တို့အပြင် ဆိုရှယ်လစ် ပါတီဝင်များဖြစ်ကြတဲ့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေစတဲ့ နိုင်ငံရေးသမား ပုဂ္ဂိုလ်များကိုလည်း တွေ့နေရပါပြီ။ ဒါကြောင့်စစ်ပြီးခေတ် ကြည့်မြင်တိုင် တရုတ်ကျောင်းလမ်း၊ အမှတ်(၄၆)မှာ ဖွင့်တဲ့ ဆိုရှယ်လစ်ပါတီက ဦးကိုကိုကြီးကိုယ်တိုင် သင်ကြားပို့ချတဲ့ သင်တန်းမှာ တက်ရောက်သင်ကြားသူ အားလုံးဟာ စစ်တပ်က လူတွေသာဖြစ်ပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေး ရခါစ ကွန်မြူနစ်ပါတီနဲ့ (ဗိုလ်ချုပ်အောင်ဆန်း မရှိတဲ့နောက်) ပြည်သူ့ရဲဘော် (၂)ခြမ်းကွဲပြီး ရဲဘော်ဖြူတွေ တောခိုသွားတဲ့အချိန်မှာ တပ်ထဲမှာ ကျန်ခဲ့တဲ့ ဗိုလ်တွေဟာ (ရှမ်း၊ ချင်း၊ ကချင်၊ ကရင်စတဲ့ လူမျိုးစု တပ်တွေကလွဲရင်) ဆိုရှယ်လစ် ပါတီဝင်တွေ များပါတယ်။ အဲဒီအချိန်မှာ ကရင်တပ်တွေကလည်း ဗမာတွေကို အားကျပြီး တခါထပ် တောခိုလိုက်ကြပြန်တဲ့အတွက် ကရင်အမျိုးသား ဗိုလ်ချုပ်ကြီး 'စမစ်ဒွန်း' နုတ်ထွက်လိုက်ရတဲ့ အချိန်မှာ သူ့နေရာကို ဗိုလ်နေဝင်းရောက်လာပြီး မြင်းပွဲသွားနေတဲ့ အချိန်နဲ့(အဲဒီအချိန်က ဗိုလ်စကြာပိုင်တဲ့ U.B.Aလေယာဉ်ကုမ္ပဏီက လေယာဉ်များနဲ့) ဖိလစ်ပိုင်ကိုသွားပြီး ဗမာတွေမသိအောင် အတွင်းကြေါရလာတိုင်း ကမြင်းကြော ထနေတဲ့ အချိန်တွေမှာ သူ့ရဲ့ကိုယ်စား သူ့အလုပ်တွေကို ဒိုင်ခံပြီးလုပ်ပေးရတဲ့ လူ(၃)ယောက်က ဗိုလ်မောင်မောင်(A)၊ ဗိုလ်အောင်ကြီး(G)၊ ဗိုလ်တင်ဖေ(Q)တို့ပါပဲ။

ဒါကြောင့် အိန္ဒိယပြန် (အင်္ဂလိပ်လက်အောက်ခံ) ပြည်ပြေးတပ်များနဲ့ ဖက်ဆစ်တော်လှန်ရေးတပ်များ ပူးပေါင်းထားတဲ့ 'ဗမာ့ တပ်မတော်'အသစ်ဟာလည်း ကွန်မြူနစ်ပါတီဝင် ဗိုလ်ဇေယျနဲ့ (ဗိုလ်နေဝင်း၊ ပျဉ်းမနား တပ်ရင်း(၁)ကို ကိုင်စဉ်က (ရဲဘော်သုံးကျိပ်ဝင်) တပ်ခွဲမှူးတဦးဖြစ်တဲ့) ဗိုလ်ရဲထွတ်တို့ တောခိုသွားပြီး၊ ကရင်တပ်၊ ကချင်တပ်၊ ရှမ်းတပ်များပါ လူမျိုးရေး

ပြဿနာများကြောင့် ရှေ့နောက်မကွာ တောခိုလိုက်ကြတဲ့အခါ ‘ပြည်တွင်းစစ်’ဖြစ်လာပြီး တိုင်းပြည်အခြေအနေဟာလည်း တော်တော်ဆိုးခဲ့ပါတယ်။ (ဒါပေမဲ့ ဘယ်ပါတီကိုမှ မဝင်ခဲ့တဲ့ ဗိုလ်မှူးကြီး ချစ်မြိုင်နဲ့) ဆိုရှယ်လစ်ပါတီဝင် အတော်များများကတော့ တပ်ထဲမှာ ကျန်ခဲ့ပါတယ်။ အဲဒီလို ဖြစ်ရပ်ဆိုးတွေဟာ တကယ်လို့ ဗိုလ်ချုပ်အောင်ဆန်းသာရှိခဲ့ပါရင် ဒါလောက် အခြေအနေ ဆိုးမှာ မဟုတ်ဘူးလို့ ကျနော်သံသယကင်းစွာ ယုံကြည်ပါတယ်။ လျှာဖြတ်ခံပြီး ပြောရဲပါတယ်။ ဘာပြုလို့လဲဆိုတော့ ဗိုလ်ချုပ်သာရှိရင် ‘ပြည်သူ့ရဲဘော်’တပ်ဖွဲ့ဟာလည်း ဘယ်နည်းနဲ့မှ (ရဲဘော်ဖြူ၊ ရဲဘော်ဝါ) ၂ခြမ်းကွဲပြီး၊ ၁၉၂၀ တက္ကသိုလ်ကျောင်းသား သပိတ်ခေါင်းဆောင်ဟောင်း တဦးဖြစ်တဲ့ ဗိုလ်မှူးဖိုးကွန်းနဲ့ (ရဲဘော်သုံး ကျိပ်ဝင်) ဗိုလ်လရောင်တို့ဟာလည်း ဘယ်နည်းနဲ့မှ တောခိုရတဲ့ဘဝ မရောက်နိုင်ဘူးဆိုတာ ကျနော်ယုံကြည်ပါတယ်။ ထိုနည်းတူပဲ (ကွန်မြူ နစ်ပါတီကလွဲရင်) မွန်၊ ရခိုင်နဲ့ ကရင်၊ ကချင်၊ ရှမ်းစတဲ့ ပြည်နယ်တွေဟာလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ စေတနာ၊ အရည်အချင်း နဲ့ ရိုးသားဖြောင့်မတ်မှုများကြောင့် ယခုလို တောခိုရတဲ့ အခြေကို မရောက်နိုင်ဘူးဆိုတာ ကျနော်ထပ်လောင်းပြီး ယုံကြည်ပါတယ်။ အဲဒီတုန်းက ကရင်သူပုန်ခေါင်းဆောင် (ရုပ်ရှင်မင်းသမီး၊ မယ်ဇမာ‘နော်လှိဇာဘင်ဆင်’ရဲ့ခင်ပွန်း)‘ဗိုလ်မှူးလင်းထင်’ဦးစီးတဲ့ ကရင်သူပုန်တပ် တွေဟာလည်း အင်းစိန် နဲ့ကြို့ကုန်းကို ရောက်လာပြီဖြစ်တဲ့အတွက် သေနတ်သံနဲ့ မော်တာသံတွေဟာ နေ့ရောညပါ ကြားနေရတာမို့ ဝင်ဒါမီယာထဲမှာရှိတဲ့ ဝန်ကြီးကတော်တွေဟာ အထုပ်အပိုးတွေကို ပြင်နေကြရပါပြီ။ ဒါကြောင့်လည်း အဲဒီအချိန်ကို ဝန်ကြီးချုပ်ဦးနုက (‘ချောက်ထဲကျဖို့ လက် ၂လုံးအလို’) လို့ ပြောခဲ့တာပေါ့။ အဲဒီလောက်ထိအောင် ရင်တမမ ဖြစ်နေကြတဲ့အချိန်မှာ ဝန်ကြီးချုပ်ဦးနုဟာ အန္ဒိယ အစိုးရ ဝန်ကြီးချုပ်နေရူးနဲ့ ရင်းနှီးတော့ လိုအပ်တဲ့လက်နက် ခဲယမ်းအကူအညီကို အလုံအလောက်ရခဲ့ပြီး၊ ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်းကလည်း သံလျင်ဘက်ကမ်းမှာရှိနေကြတဲ့ ရဲဘော်ဖြူသူပုန်တွေကို (ဗမာလူမျိုးချင်းအနေနဲ့) ကိုယ့်ဘက်ပါအောင် စည်းရုံးနိုင် ခဲ့တဲ့အပြင်၊ ရခိုင်ဘက်မှာ သောင်းကျန်းနေတဲ့ ‘မူဂျာဟစ်’မူဆလင်သူပုန်တွေကို သွားရောက်နှိမ်နှင်း နေရတဲ့ (ရဲဘော်သုံးကျိပ်ဝင်) ဗိုလ်မှူးချုပ် ကျော်ဇောကို ချက်ချင်းရဟတ်ယာဥ်နဲ့ ပြန်လာဖို့ခေါ်ယူပြီး အဲဒီသူပုန်တွေကို နှိမ်နင်းလိုက်တဲ့အတွက် လှည်းကူးမြို့နားက ‘စာဘူးတောင်း’ဆိုတဲ့ ရွာကြီးကို ခြေကုပ်ယူပြီး ရန်ကုန်ကို သိမ်းဖို့အထိ ကြိုးစားလာတဲ့ ဗိုလ်လင်းထင်ရဲ့ တပ်တွေဟာ ပြိုကျသွားပါတော့တယ်။ (အဲဒီတုန်းက ဗိုလ်ချုပ်မြဟာ သူ့လောက် နာမည်မကြီးသေးပါဘူး။) အဲဒီနောက်ပိုင်းမှာလည်း ဗိုလ်လင်းထင်ဟာ ယိုးဒယားပြည်ထဲက မဲဆောက်မြို့ကိုပါ ဝင်စီးပြီး ဘဏ်တွေကိုသိမ်းပိုက်တဲ့အတွက် တကမ္ဘာလုံး ဟိုးဟိုးကျော်သွားပါတယ်။ ဒါပေမဲ့ ကျနော်တို့ (ဖက်ဒရယ် ပြည်ထောင်စုနဲ့ ဒီမိုကရေစီဘက်တော်သား) တော်လှန်ရေး အင်အားစုများကတော့ (ကျနော်တို့ ရဲဘော်ကြီး ‘ဗိုလ်မှူးရောဘတ်ဇံ’ပြောသလို ဒီနေ့အထိ မဲဆောက်တဖက်ကမ်းက မြဝတီမြို့ကလေးကိုတောင် မသိမ်းနိုင်ကြသေးပါဘူး။ သို့သော်လည်းပဲ လွတ်လပ်ရေးရစ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်အချိန်ကာလ တလျှောက် (ဘယ်သူတွေ ဘာပဲပြောပြော၊ ဘယ်လိုပဲမြင်မြင်၊ ဟုတ်တိုင်းမှန်ရာ ကိုသာ ပြောရမယ်ဆိုရင် လက်ရှိလက်နက်ကိုင် တော်လှန်ရေးအင်အားစုများနဲ့ လက်ရှိမြန်မာ့တပ်မတော်ထဲမှာ ရာဇဝင် စာတင် လောက်အောင်ထူးချွန်တဲ့ အမျိုးသမီးသူရဲကောင်းကတော့ (ကွန်မြူနစ်ပါတီက) မြင်းဖြူရှင်မခင်ညွှန့်နဲ့ **(K.N.U)**တပ်ထဲက ကရင်အမျိုးသမီး တပ်မှူး ‘နော်တလူးဆေး’တို့အပြင် ရှစ်လေးလုံး ကျောင်းသားအရေးတော်ပုံ မတိုင်ခင် ဘုရားသုံးဆူဘက်မှာ ရှိတဲ့ ကရင် ဂိတ်မှူး ဗိုလ်ကြီးမူရာ နဲ့ ကရင်စစ်ဆင်ရေးတပ်ဖွဲ့ဗိုလ်မှူးဆာမိတို့ ဦးဆောင်တဲ့ ကရင်တပ်ဖွဲ့များက မွန်တို့ရဲ့ ဘုရားသုံးဆူ လွတ်မြောက်နယ်မြေအတွင်းမှာ ရှိတဲ့ မွန်ဌာနချုပ်ကို စစ်ရေးအရ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့စဉ်အခါက မွန်ဌာနချုပ်တခုလုံး ကရင့်လက်အောက် မကျရောက် ရေးအတွက် သက်စွန့်ဆံဖျားတိုက်ခိုက်သွားတဲ့ မွန်အမျိုးသမီးတပ်ဖွဲ့ခေါင်းဆောင် မပုနဲ့ မစန္ဒာမွန်တို့ရဲ့ စံနမူနာ သင်ခန်းစာကို ကြားသိလိုက်ရတဲ့အခါ ကျွန်တော်တို့ မြန်မာရာဇဝင်ထဲမှာ ဟိုးလွှန်ခဲ့တဲ့ (၁၂၂၇)ခုနှစ် ‘မြင်ကွင်း မြင်းခုံတိုင်’အရေး တော်ပုံအတွင်း မြန်မာဘုရင် မင်းတုန်းမင်းဘက်က ခေါ်တဝင့်ဝင့်နဲ့မြင်းစီးပြီး ထွက်ပေါ်လာတဲ့ မယ်ဘယက်နဲ့မြင်ကွန်းနဲ့မြင်းခုံတိုင် ဘက်ကလည်း အားကျမခံ ဇတိမာန်နဲ့ ခုန်ပျံမြင်းစီးပြီး ဓားလှန်ကစား ခပ်ကြွားကြွားထွက်လာတဲ့ ‘မိနက်ကြီး’တို့ကို မျက်စိထဲမှာ မြင်ယောင်လာတဲ့အတွက် ကျနော်မကြုံလိုက်ရတဲ့ ကျနော့်အဖွား အမျိုးသမီး သူရဲကောင်းများအနက် ကျနော်မဆုံလိုက်ရတဲ့ ထိပ်ထိပ် ကြဲ အမျိုးသမီးသူရဲကောင်း ကျနော့်နှစ်မ (၄)ဦးကို ဒီဆောင်းပါးနဲ့ အလေးပြုလိုက်ပါတယ်။ ။

(ဤဆောင်းပါးပါ ‘အခေါ်အဝေါ်များ’ကို စာရေးသူ၏ မူရင်းအတိုင်းဖော်ပြပါသည်။)